ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ သောကြာနေ့ (7-2-2014) (၇၇၄၉)

စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၆/၂၀၁၄
၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)
စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာနှင့် ဒုချီးရားတန်း(အနောက်)ကျေးရွာတို့တွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ ဖြစ်ပွားခဲ့သည့် ကိစ္စရပ်နှင့် ဇန်နဝါရီလ ၂၈ ရက်နေ့၌ ဖြစ်ပွားခဲ့သော ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေးစုံစမ်းစစ်ဆေးရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်- **စာမျက်နှာ ၈ ကော်လံ ၁ သို့** ○

ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ သဝဏ်လွှာပေးပို့

"ရှမ်းပြည်နယ်နေ့"သည် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများသာမက မြန်မာနိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်ဟု ရှုမြင်ရမည်

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင်ကျရောက်သည့် (၆၇) ကြိမ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

နိုင်ငံတော်သမ္မတက (၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ
၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၆၇) ကြိမ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူမိပါသည်။

၁၉၄၇ ခုနှစ် လွတ်လပ်ရေးကြိုးပမ်းမှုကာလ အထွတ်အထိပ်ရောက်ချိန် အမျိုးသားရေးလှုပ်ရှားမှုနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ရှမ်းပြည်နယ်နေ့သည် မိမိတို့နိုင်ငံ၏ နိုင်ငံရေးသမိုင်းတွင် အရေးပါသော မှတ်တိုင်တစ်ခုအဖြစ် စတင် သမိုင်းတွင်လာခဲ့ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် အတွက် ဗြိတိသျှကိုလိုနီအစိုးရနှင့် အကြိတ်အနယ်ဆွေးနွေးစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်အား ကိုယ်စား မပြုဟူ၍ စော်ဘွားများက အင်္ဂလန်သို့ ကြေးနန်းရိုက်အကြောင်းကြားခဲ့ခြင်းကို ချေဖျက်ရန် ရှမ်းပြည်လူထုခေါင်းဆောင်များက ဦးဆောင်ပြီး လူထုဆန္ဒဖော်ထုတ်ပွဲများ ကျင်းပကာ တောင်တန်းနှင့်ပြည်မ အတူတကွ လွတ်လပ်ရေး ရရှိလိုကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ထိုသို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် နိုင်ငံရေးလိုအပ်ချက်ဖြစ်သည့် **တောင်တန်းဒေသများနှင့် ပြည်မတို့ အတူတကွ လွတ်လပ်ရေးရယူကြမည်**ဟူသည့် ဆုံးဖြတ်ချက်ကို အခိုင်အမာချမှတ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် တောင်တန်းဒေသများနှင့်ပြည်မ အတူတကွ လွတ်လပ်ရေးရယူကြရန် ရှမ်းပြည်နယ် ပင်လုံမြို့တွင် တောင်တန်းဒေသမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး၍ သဘောတူညီမှုရရှိအောင် ကြိုးပမ်းနိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ရှမ်းပြည်နယ် နိုင်ငံရေးခေါင်းဆောင်များနှင့် အကျေအလည်ဆွေးနွေးပြီး "ပြည်မနှင့်အတူတကွ ပူးပေါင်းပြီး အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရယူမည်" ဟူသော ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ ဆုံးဖြတ်ခဲ့သော ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် "ရှမ်းပြည်နယ်နေ့" ဟု သတ်မှတ်ခဲ့ပါသည်။ ထိုနေ့မှာပင် "ရှမ်းအမျိုးသားအလံ" နှင့်"ရှမ်းအမျိုးသားသီချင်း" တို့ကို သတ်မှတ်နိုင်ခဲ့သည်ဟု သိရှိရပါသည်။

"ရှမ်းပြည်နယ်နေ့"သည် ရှမ်းပြည်နယ်ရှိတိုင်းရင်းသားများသာမက မြန်မာနိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်ဟု ရှုမြင်ရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားအားလုံးလွတ်လပ်ရေးကို အတူတကွရယူရန် အတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နေပြည်တော်၌ ကျင်းပမည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကျင်းပရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၆

တတိယအကြိမ် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်) ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် မတ် ၁ ရက်မှ ၄ ရက်အထိ နေပြည်တော်၌ ကျင်းပမည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၊ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ✳

ကြေးမုံ စာ တ ည်း ရှ ေ ထ ာ င့် **၇-၂-၂၀၁၄၊ သောကြာနေ့**

အဆိပ်ငွေ့ရောင်ရှား

မြန်မာမှုနယ်ပယ်တွင် ကျေးလက်နေပြည်သူများ၏ အိမ်ဦးခန်းမှာ နေရာပေးထားခြင်းခံရသောအရာ၊ သာရေးနာရေးကအစ သူမပါလျှင် ပွဲမစည်၊မင်္ဂလာမမြောက် စွမ်းနိုင်သောအရာ၊ ဘယ်သွားသွား ဘယ်လာလာ လုပ်ငန်းခွင်ဝင်သည်ကအစ နေ့နေ့ညညမရွေး အမြဲမပြတ်အဖော်မွန်ဖြစ်နေတတ်သောအရာ၊ ထိုအရာမှာ ဆေးလိပ်ပင်ဖြစ်သည်။

ကျေးလက်တောရွာများမှာ ဧည့်သည်လာလျှင်လည်းဆေးလိပ်၊ကွမ်း၊ လက်ဖက်၊ ရေနွေးကြမ်းနှင့်ဧည့်ခံတတ်ကြသည်။ ဘာသာရေး၊ လူမှုရေးကအစ သာရေးနာရေးဟူသမျှတွင် ဤကဲ့သို့ ဧည့်ခံမှုပြုတတ်ကြသည်မှာ ကျေးလက်၏ ဖြူစင်ရိုးသားယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။

ဆေးလိပ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံသားများ ယခုမှ စွဲမြဲသောက်သုံးလာကြခြင်းမဟုတ်ပါ။ ရှေးရှေးတုန်းကတည်းက အမြစ်တွယ်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာကြခြင်း၊ လူကြီးများက သားမြေးများကို ဆေးလိပ်တို့ခိုင်းခြင်းကသိသာသည့်အချက်ဖြစ်သည်။ ဤကဲ့သို့ လုပ်စေရာမှ တစ်ဖွာတစ်ရှိုက်မှသည် နောက်ဆုံးထမင်းတစ်နပ်မစားရလျှင် နေနိုင်သည်၊ ဆေးလိပ်၊ ဆေးတံမသောက်ရလျှင် မနေနိုင်သည့်အဆင့်ထိ ဖြစ်လာခဲ့ရသည်။

"ဆေးတံတိုတစ်ညိုလောက် ရှော့သောက်တော့ပေး" အင်းဝခေတ်စာဆိုရှင် ကျေးတောသူတစ်ဦး၏ ဆေးမှတ်တမ်းဝင်လင်္ကာလေးတစ်ပုဒ်ဖြစ်သည်။ လသာသာဗိုင်းငင်၊ရက်ကန်းခတ်နေချိန် လူပျိုလေးက ဆေးတံလာပေးသည်။ ယူလိုက်ပြန်လျှင် ကြိုက်တယ်ထင်သွားမည်၊ မယူပြန်လျှင်လည်း မိုက်ရာကျမည်၊ လုံမပျိုလေးစဉ်းစားရပြီ။"သောက်စေချင်၊ခုတင်မှာထောင်ထားတဲ့ ညိုနွဲ့ရယ်လေး" ကောက်ကာငင်ကာချက်ချင်းဖြေတတ်သော ကျေးတောသူလေးပျိုအိုမရွေး ဆေးတံသောက်ခဲ့ကြသည့် မြန်မာ့ဓလေ့။

မိမိတို့နိုင်ငံတွင် ဆေးတံ၊ ဆေးလိပ်သောက်သုံးလာခဲ့သည်မှာ သမိုင်းချီကြာခဲ့ပါပြီ။ အစောပိုင်းမှာဆေးတံသောက်ခဲ့ကြပြီး လွတ်လပ်ရေးရပြီးနှောင်းပိုင်းမှာ ဆေးသားလိပ်၊ ဆေးပြင်းလိပ်၊ ဖက်ဆေးလိပ်စသဖြင့် ဒေသထွက် သနပ်ဖက်၊ ပြောင်းဖူးဖက်၊ကောက်ရိုးအစီခံ၊ ဥနှဲသားကိုခုတ်စဉ်းပြီး မီးကင်းမှာလှော်ကာ ဆေးရွက်ကြီးကို ခင်းပြီး ရောနှောလျက် ဆေးလိပ်ပြုလုပ်သောက်သုံးကြသည်။ ဤသို့ဖြင့်ဆေးလိပ်ခုံများ နိုင်ငံအနှံ့မှာ အလျှိုအလျှိုပေါ်ပေါက်ခဲ့ပြီး မိန်းကလေးများအတွက် အလုပ်အကိုင်အဆင်ပြေခဲ့ကြသည်။ ထိုစဉ်က ပဲခူးဖက်ဆေးလိပ်မှာ နာမည်ကြီးသည်။ မှတ်မိသမျှ ဆေးလိပ်သမိုင်းဖြစ်ပါသည်။

ယခုအခါ ကမ္ဘာနှင့်အဝှမ်းတွင် ဆေးလိပ်စွဲမြဲသောက်သုံးသူ ၁ ဒသမ ၃ ဘီလီယံထိ ရှိနေသည်။တစ်ချိန်က ဆေးလိပ်၏ ဆိုးပြစ်ကိုမသိခဲ့ကြငြားလည်း ယခုအန္တရာယ်ပစ္စည်းဖြစ်မှန်းသိလာကြပြီ။ ဆေးလိပ်ကြောင့်တစ်နှစ်လျှင် လူခြောက်သန်းခန့်သေဆုံးလျက်ရှိနေသည်။ခြောက်စက္ကန့်လျှင် လူတစ်ဦးနှုန်းသေဆုံးနေရပြီး ဤအတိုင်းဆက်သွားနေပါက လာမည့် ၂၀၃၄ တွင်လေးစက္ကန့်လျှင် တစ်ဦးနှုန်းသေဆုံးလာနိုင်ကြောင်း WHO က ခန့်မှန်းချက်ပေးထားသည်။ထိုသေဆုံးမှု၏ လေးပုံတစ်ပုံသည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်နေသည်။

ဆေးလိပ်ကြောင့် သွေးကြောကျဉ်းရောဂါ၊နှလုံးရောဂါ၊ အဆုတ်ကင်ဆာ၊လေဖြတ်ခြင်းများကို ဖြစ်စေပြီး ခံတွင်းရောဂါများ၏ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်ကြောင့်ဟု သိရသည်။ ဆေးလိပ်၏ ကြောက်စရာအန္တရာယ်။

"ညောင်ဦးကမ်းပါးပြို၊ စမွာနဂိုရ်က နွားမပေါင်ကျိုး" ဆိုစကားကဲ့သို့ ဆေးလိပ်မသောက်ပါဘဲလျက် ထိုဆေးလိပ်ကြောင့် မဆီမဆိုင်သေနေကြရသူများ ကမ္ဘာနှင့်အဝှမ်းမှာ နှစ်စဉ်လူခြောက်သိန်းကျော်ရှိနေသည်။ ယင်းမှာ ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းကြောင့်ဖြစ်သည်။ တစ်စုံတစ်ဦးဆေးလိပ်သောက်သည်နှင့် အနီးအနားမှ လူများထိုဆေးလိပ်ငွေ့ကို ရှူရှိုက်မိရုံဖြင့် အသက်ဆုံးရှုံးနေရသည်။ ထို့ကြောင့်လည်း မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတိုင်းလိုလိုမှာ လူစည်ကားရာအရပ်များ၊ ကား၊ ရထားများပေါ်တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်လာရခြင်းဖြစ်ပါသည်။

ဆေးလိပ်ငွေ့နှင့်ပတ်သက်၍ နောက်ဆုံးရ သတင်းတစ်ပုဒ်မှာ ဆေးလိပ်ငွေ့နှင့် ထိတွေ့ခဲ့ရသူများသည် ကင်ဆာနှင့်နှလုံးရောဂါဖြစ်နိုင်ခြေပိုများလာပြီး အရေပြားရောဂါများလည်း ဖြစ်လာနိုင်ကြောင်းသိရသည်။ နောက်အရေးကြီးဆုံးအချက်တစ်ရပ်မှာ ဆေးလိပ်ငွေ့အကြွင်းအကျန်များ ကိစ္စ။ အဝတ်အထည်များ၊ပစ္စည်းမျက်နှာပြင်များပေါ်တွင် ကပ်ကျန်ရစ်ပြီး ဖုန်များနှင့်ရောနှောနေသည့် ဆေးလိပ်မီးခိုးငွေ့အငွေ့အသက်အကြွင်းအကျန်များသည် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ပျောက်ဆုံးပျက်ပြယ်သွားခြင်း မရှိဘဲ အဆိပ်သင့်နေကြောင်း၊ ဆေးလိပ်သောက်သုံးသူသည် နေအိမ်ထဲမှ၊ အခန်းထဲမှ ထွက်သွားပြီးဖြစ်သော်လည်း ကျန်ခဲ့သည့်ဆေးလိပ်ငွေ့များတွင် ကာဆီနိုဂျင်ဓာတ်များ ပါရှိနေဆဲဖြစ်၍ ရှူရှိုက်မိသူများ၊ အရာဝတ္ထုများပေါ်တွင် ကပ်ကျန်ခဲ့သည့် မီးခိုးငွေ့အကြွင်းအကျန်များနှင့်ထိတွေ့ရသူများလည်း ဆေးလိပ်သောက်သကဲ့သို့ ကျန်းမာရေးထိခိုက်စေကြောင်း ပညာရှင်များ၏ သုတေသနပြုချက်အရ အတိအကျသိလာကြသည်။

ကြောက်စရာဆေးလိပ်ငွေ့သည် လူသားအားလုံးအတွက် အသက်အန္တရာယ်ကို ဖြစ်စေသည့်"အဆိပ်ငွေ့" ဖြစ်ပါကြောင်း ပညာရှိသတိဖြစ်ခဲ တင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ စိုက်ခင်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ဈေးကွက်ဝင်မည့် မျိုးကောင်းမျိုးသန့်များထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များအနေဖြင့် ဈေးကွက်ဝင်သီးနှံအမယ်များကို ကိုယ်တိုင်မျိုးစေ့ထုတ်၍ တောင်သူများ လက်ဝယ်သို့ စဉ်ဆက်မပြတ် ဖြန့်ဖြူးရေးတာဝန်နှင့် မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ပေါက်လာရေးတာဝန်များကို တစ်ချိန်တည်းတစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မျိုးပြောင်းလဲခြင်းကို မဖြစ်မနေ အကောင်အထည်ဖော်နိုင်ရေးအတွက် အဆင့်မြင့်မျိုးစေ့ထုတ်နည်းပညာများကို နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီရယူခြင်းနည်းလမ်းအပါအဝင် နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများမှ မျိုးစေ့ထုတ်လုပ်ငန်းများတွင် ကျယ်ပြန့်စွာ ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်နိုင်ကြရန် နည်းလမ်းရှာဖွေကြိုးပမ်းလျက်ရှိရာ ယင်းလုပ်ငန်းများအနက် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ မျိုးစေ့ထုတ်စိုက်ကွင်းများ၊ အော်ဂဲနစ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ကွင်းများအတွင်း သစ်သီးဝလံမျိုးစေ့ထုတ်စိုက်ခင်း၊ ကြံမျိုးစေ့ထုတ် တောင်သူပညာပေးစံပြစိုက်ခင်းများ၊ ရွှေဝါသခွားမွှေးနှင့် ကျောက်စိမ်းသခွားမွှေးမျိုးစေ့ထုတ်စိုက်ခင်းများအတွင်း ဝတ်မှုန်ကူးအောင်မြင်နေသည့် စပ်မျိုးစိုက်ခင်းများ၊ ဂျပန်ဖရုံသီးမျိုးသန့်မျိုးပွားစိုက်ခင်းနှင့် ဈေးကွက်ဝင်ဖရဲသီးမျိုးသန့်မျိုးပွားစိုက်ခင်းများ၊ ခေတ်မီသိပ္ပံနည်းကျ ကြံတစ်ဆစ်ချင်းစီမျိုးသန့်မျိုးပွားပျိုးထောင်ခြင်းများ၊ ပိန်းဥနှင့်ဂျုံးမြစ်စိုက်ခင်းများ၊ ကန်စွန်းစိုက်ခင်းများ၊ နေကြာသီးနှံစိုက်ခင်းများနှင့် ပုလဲသွယ်စပ်မျိုးစပါးတစ်ဆက်တစ်စပ်တည်း မျိုးစေ့ထုတ်ဧက ၁၀၀ စိုက်ခင်းတို့ကို ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လှည့်လည်စစ်ဆေးပြီး စိုက်ခင်းပညာရှင်များ၊ တာဝန်ရှိသူများအား တွေ့ဆုံ၍ မျိုးစေ့ထုတ်လုပ်ငန်း၏အရေးပါမှု၊ လိုအပ်ချက်နှင့်လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးကာ"မျိုးကောင်းမှ ဈေးကောင်းရမည်၊ မျိုးမှန်မှ အဖိုးတန်မည်"ဆိုသည့်မျိုးစေ့၏ အဓိက အရေးပါမှုကို တောင်သူများကိုယ်တိုင် သိရှိနေကြပြီဖြစ်၍ မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များ စိုက်ပျိုးရန် စဉ်ဆက်မပြတ်တောင်းဆိုနေကြသည့်အပေါ် ပညာရှင်များအနေဖြင့် မိမိတို့တတ်မြောက်ထားသော ပညာရပ်များကို လယ်ကွင်းထဲအရောက်ပို့ဆောင်ပြီး ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	ဖေဖော်ဝါရီ ၆		
ရန်ကုန် ရွှေဈေး	၆၆၂၀၀၀ - ၆၆၂၇၀၀		
မန္တလေး ရွှေဈေး	၆၆၂၀၀၀ - ၆၆၂၇၀၀		
စက်သုံးဆီဈေးနှုန်း			
(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၅. ၉
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၈. ၄၅
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၈၅
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၁၄၇
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၈. ၀၅
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၆၇
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၇၁. ၆၀
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၈၇၀
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၅. ၆၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

☆ ရှေ့ဖုံးမှ

တိုင်းရင်းသားခေါင်းဆောင်များသည် ထိုနေ့တွင် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့် သဘောတူညီချက်တစ်ရပ်ရရှိပြီး ယုံကြည်မှုတည်ဆောက်ခဲ့သည့် ဖြစ်စဉ်အဖြစ် သမိုင်းဝင်ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ပင်လုံစာချုပ်သည် မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ရုံမျှမက ခေတ်သစ်မြန်မာ့နိုင်ငံရေးသမိုင်း၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစမှတ်အဖြစ် တည်ရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေးအကွဲအပြဲများကို အခြေခံသည့် ပဋိပက္ခများ၏ ရိုက်ခတ်မှုများကြောင့် ခါးသီးသောအတွေ့အကြုံများကို မိမိတို့ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့ အချိန်အခါကာလသည် ထိုခါးသီးသောအတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ တိုင်းရင်းသားပေါင်းစုံအတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန် လက်တွဲဖော်ဆောင်ရမည့်အချိန်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုကြီးကို ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များချမှတ်ခဲ့သည့် အခြေခံမူများဖြင့် ရှင်သန်စေပြီး ပင်လုံစိတ်ဓာတ်ဟုခေါ်ဆိုအပ်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် လက်တွဲတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖော်ဆောင်လျက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ အောင်မြင်စေရန် အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တပ်မတော်၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ကြိုးပမ်းဖော်ဆောင်ကြရန် ထပ်လောင်းတိုက်တွန်းအပ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအများစုနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပါဝင်သင့်ပါဝင်ထိုက်သော သူများပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲကြီး ကျင်းပပြုလုပ်နိုင်ရန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါနိုင်ငံရေးဆွေးနွေးပွဲကြီးတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာအခန်းကဏ္ဍများမှပါဝင်ပြီး အောင်မြင်အောင် ဝိုင်းဝန်းဖော်ဆောင်ပေးကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

ဤကဲ့သို့ မိမိတို့တိုင်းရင်းသားပြည်သူလူထုအားလုံးသည် ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာကာ အနာဂတ်ရည်မှန်းချက်များအောင်မြင်အောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ

အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

အဆိပ်များ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)
၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အဆိပ်များအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(၂)တွင် ပါရှိသော " with fine which may extend to one thousand kyats," ဆိုသည့်စကားရပ်ကို "with fine which may extend to five hundred thousand kyats," ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အဆိပ်များအက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)တွင်-

(က) ပုဒ်မခွဲငယ် (၁)၌ပါရှိသော "with fine which may extend to five hundred kyats,"ဆိုသည့်စကားရပ်ကို "with fine which may extend to three hundred thousand kyats," ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ်(၂)၌ပါရှိသော "with fine which may extend to one thousand kyats,"ဆိုသည့်စကားရပ်ကို "with fine which may extend to five hundred thousand kyats," ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆင့်မြင့်ပညာရေးကဏ္ဍ၌ ခေါင်းဆောင်မှုစွမ်းရည်တိုးတက်ရေးအတွက် မြန်မာနိုင်ငံတက္ကသိုလ်များနှင့် United Board တို့ ပူးပေါင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၆

သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

အာရှဒေသအတွင်း အဆင့်မြင့်ပညာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသော ဟောင်ကောင်အခြေစိုက် United Board နှင့် မြန်မာနိုင်ငံတက္ကသိုလ်များ ပူးပေါင်းဆွေးနွေးပွဲတွင် တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

အာရှဒေသအတွင်း အဆင့်မြင့်ပညာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသော ဟောင်ကောင်အခြေစိုက် United Board နှင့် မြန်မာနိုင်ငံတက္ကသိုလ်များ ပူးပေါင်း၍ သင်ကြားရေး၊ သုတေသနနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ ခေါင်းဆောင်မှုစွမ်းရည်တိုးတက်မြင့်မားရေးတို့ ဆောင်ရွက်နိုင်ရန် "Higher Education Leadership Program-Myanmar:Teaching Research and Community Service" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ဒဂုံတက္ကသိုလ်တွင် ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် မြန်မာနိုင်ငံအတွင်း၌သာမက ပြည်ပရှိ တက္ကသိုလ်၊ ကောလိပ်များနှင့်ပါ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လာသည်။ ယင်းသို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် United Board ကဲ့သို့သော ပြည်ပပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာကြောင်း ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှဌေးက ပြောကြားသည်။

ယခုပြုလုပ်သော ဆွေးနွေးပွဲသည် ပညာရေးဆိုင်ရာကိစ္စများ၊ ပြည်ပတက္ကသိုလ်များနှင့် ချိတ်ဆက်ပညာသင်ကြားရေး ကိစ္စများအတွက် United Board နှင့် တိုက်ရိုက်ချိတ်ဆက်ဆွေးနွေးနိုင်ရန် ဒဂုံတက္ကသိုလ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခြင်းဖြစ်ကြောင်း အဆိုပါတက္ကသိုလ်မှ သိရသည်။ ယင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ် ၁၆၈ ခုမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ တက်ရောက်ခဲ့ကြသည်။

United Board ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ Nancy Chapman က "မြန်မာ့ပညာရေးအပြောင်းအလဲရဲ့ အဓိက စိန်ခေါ်မှုက ဘာတွေလဲဆိုတာကို ကျွန်မတို့ပိုမိုနားလည်ဖို့လိုအပ်တယ်။ အာရှနိုင်ငံတွေမှာ အဆင့်မြင့်ပညာရေးနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်မတို့ဆောင်ရွက်ခဲ့တာတွေနဲ့ ထောက်ပံ့ပေးမယ့် အစီအစဉ်တွေကို ပြောပြသွားမယ်။ ပြီးတော့ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှုအသစ်တွေ လုပ်ဆောင်နိုင်ဖို့ ကျွန်မတို့ တွေ့ရှိထားတဲ့ အခွင့်အလမ်းအသစ်တွေကို ထည့်သွင်းဆွေးနွေးသွားပါမယ်။ မြန်မာ့ပညာရေးအပြောင်းအလဲအတွက် အခုအချိန်ဟာ အချိန်အခါကောင်း ဖြစ်တယ်လို့ ကျွန်မမြင်တယ်" ဟု ပြောသည်။

ဒဂုံတက္ကသိုလ်သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် United Board နှင့် ပညာရေးဆိုင်ရာ MoU လက်မှတ်ရေးထိုးထားပြီး ကျောင်းသားများနှင့် ဆရာ ဆရာမများအတွက် Training Program များ ပူးပေါင်းပြုလုပ်နိုင်မည်ဖြစ်ကာ ပြည်ပတက္ကသိုလ်များမှ ဧည့်သည်ပါမောက္ခများကလည်း ဒဂုံတက္ကသိုလ်တွင် အပြန်အလှန် သင်ကြားမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှဌေးက "ကျွန်တော်တို့နိုင်ငံမှာ ပညာရေးနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေလုပ်နေတယ်။ ဒီလိုလုပ်ရာမှာ နိုင်ငံတကာပညာရေး အသိုင်းအဝိုင်းနဲ့ ချိတ်ဆက်ရမယ်။ ဒီလိုလုပ်ဖို့ဆိုရာမှာလည်း နိုင်ငံတကာ ပညာရေးလမ်းကြောင်း ဘယ်လိုသွားနေလဲဆိုတာ သိဖို့လိုတယ်။ နိုင်ငံတကာနဲ့ချိတ်ဆက်ဖို့ဆိုရင် ဒီလိုအဖွဲ့အစည်းတွေက ကျွန်တော်တို့ကို ကူညီနိုင်ပါလိမ့်မယ်" ဟု ပြောသည်။

United Board သည် ဟောင်ကောင်၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်အပါအဝင် အာရှနိုင်ငံပေါင်း ၁၃ နိုင်ငံရှိ တက္ကသိုလ်ပေါင်း ၈၀ ကျော်တွင် အဆင့်မြင့်ပညာကဏ္ဍ၌ ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်ထောက်ပံ့မှုများ လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ယင်းတက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသားများကို ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးသည့် အစီအစဉ်များကိုလည်း ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း ယင်းအဖွဲ့၏ ဥက္ကဋ္ဌက ပြောကြားသည်။

ဆွေးနွေးပွဲတွင် Trends in Higher Education in Asia, Higher Education and ASEAN Integration, Service-Learning: Design and Implementation ခေါင်းစဉ်များကို အပြန်အလှန် ဟောပြောမေးမြန်းဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံတက္ကသိုလ်များနှင့် United Board ပူးပေါင်းဆောင်ရွက်သည့် ယင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်ထိ သုံးရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဆာမိုအာကျွန်း၌ ဆူနာမီရေလှိုင်း ရိုက်ခတ်ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော နယူးဇီလန်တပ်ဖွဲ့ မှတ်တမ်းပုံ။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကူအညီပေးရေး နယူးဇီလန်နှင့် နိုင်ငံ ၁၃နိုင်ငံ စစ်ရေးလေ့ကျင့်မည်

ဝယ်လင်တန် ဖေဖော်ဝါရီ ၆

သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးရာတွင် တပ်ဖွဲ့ဝင်များ ပါဝင်ကူညီနိုင်ရန်ရည်ရွယ်သည့် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို နယူးဇီလန်ရေတပ်က ဦးဆောင်၍ ပြုလုပ်မည်ဖြစ်ပြီး ယင်းစစ်ရေးလေ့ကျင့်မှုတွင် နိုင်ငံပေါင်း ၁၄နိုင်ငံပါဝင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၆ရက်တွင် သတင်းထုတ်ပြန်သည်။

နယူးဇီလန်ကာကွယ်ရေးတပ်ဖွဲ့၏ အစီအစဉ်အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၇ရက်မှ မတ် ၇ရက်အထိ အုတ်ကလန်မြို့နှင့် ဟော်ရာကီပင်လယ်ကွေ့တို့၌ပြုလုပ်မည်ဖြစ်သည်။ ဟော်ရာကီပင်လယ်ကွေ့သည် မြောက်ကျွန်းအရှေ့ဘက်တွင် တည်ရှိသည်။

ဩစတြေးလျ၊ တရုတ်၊ ပြင်သစ်၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံ၁၃နိုင်ငံမှ တပ်ဖွဲ့ဝင် ၆၀၀ခန့်သည် နယူးဇီလန်တပ်ဖွဲ့ဝင်များနှင့်အတူ စစ်ရေးလေ့ကျင့်မည်ဖြစ်ကြောင်း နယူးဇီလန်ကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်း ရေတပ်တပ်ဖွဲ့များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ဆယ်စုနှစ်ပေါင်း အတန်ကြာကာလအတွင်း နယူးဇီလန်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူသည့် အကြီးဆုံးသော စစ်ရေးလေ့ကျင့်မှုတစ်ရပ်ဖြစ်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

ဆင်ဟွာ။

ကိုရီးယားမိသားစုများ ပေါင်းစည်းရေးအစီအစဉ် ဖျက်သိမ်းပစ်မည်ဟု မြောက်ကိုရီးယားခြိမ်းခြောက်

ဆိုးလ် ဖေဖော်ဝါရီ ၆

ကိုရီးယားစစ်ပွဲကြောင့် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံမှ ကွဲကွာနေသော မိသားစုများပြန်လည်ပေါင်းစည်းရေးအစီအစဉ်ကို လုပ်ဆောင်ရန် သဘောတူညီမှုရရှိပြီး တစ်ရက်အကြာ၌ ယင်းအစီအစဉ်ကို ဖျက်သိမ်းပစ်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ပြောကြားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ဦးတည်လုပ်ဆောင်နေပါက ကိုရီးယားကွဲကွာ မိသားစုများ ပေါင်းစည်းရေးအစီအစဉ်ကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ထိပ်တန်း စစ်ဘက်အဖွဲ့အစည်း၏ ကြေညာချက်တွင်ဖော်ပြသည်။

စေ့စပ်ဆွေးနွေးခြင်းနှင့် စစ်ရေးလေ့ကျင့်ခြင်းတို့သည် လက်ချင်းချိတ်တွဲလုပ်ဆောင်ရန် မဖြစ်နိုင်ဟု ဖော်ပြထားသည့် မြောက်ကိုရီးယား၏ ကြေညာချက်ကို တောင်ကိုရီးယား ယွန်ဟပ်သတင်းက ကောက်နုတ်ဖော်ပြသည်။

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအတွင်းရှိကွဲကွာနေသောမိသားစုများ ပြန်လည်ပေါင်းစည်းမှုကို ၂၀၁၀ခုနှစ်က နောက်ဆုံးအကြိမ်ပြုလုပ်ခဲ့သည်။

၁၉၅၀-၅၃ကိုရီးယားစစ်ပွဲအပြီး ကိုရီးယားကျွန်းဆွယ်အတွင်း ကွဲကွာနေသည့် မိသားစု

ဝင်များ ပြန်လည် ပေါင်းစည်းရေး အစီအစဉ်တစ်ရပ်ကို ယခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင်ပြုလုပ်ရန် အစီအစဉ်ရေးဆွဲထားသည်။

ဘီဘီစီ။

အာဖဂန်နစ္စတန်တွင် နှင်းများထူထပ်စွာကျဆင်း၊ လူ ၁၆ဦးသေဆုံး

ရှီဘာဂျမ် ဖေဖော်ဝါရီ ၆

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဂျော့ရှ်ဂျန်းနှင့် ဖာရတ်ပြည်နယ်တို့တွင် အလွန်အေးစိမ့်သော ရာသီဥတုအခြေအနေနှင့် နှင်းများထူထပ်စွာကျဆင်းမှုတို့ကြောင့် လူ ၁၆ဦးသေဆုံးကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ဖေဖော်ဝါရီ ၆ရက်တွင် ပြောကြားသည်။

ဂျော့ရှ်ဂျန်းနှင့် ဖာရတ်ပြည်နယ်တို့တွင် လွန်ခဲ့သည့်ရက်အနည်းငယ်က နှင်းများထူထပ်စွာကျပြီး အေးခဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အအေးဒဏ်ကြောင့် ဂျော့ရှ်ဂျန်းပြည်နယ်တွင် လူ ၁၄ဦးသေဆုံး၍ဖာရတ်ပြည်နယ်တွင် နှစ်ဦးသေဆုံးကြောင်း သဘာဝဘေးအန္တရာယ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သေဆုံးသူ ၁၄ဦးတွင် အမျိုးသမီးတစ်ဦးနှင့် ကလေးသုံးဦး ပါဝင်ကြောင်း၊ ကျွဲနွားတိရစ္ဆာန် ၁၀၀၀ကျော်သေဆုံး၍ လူနေအိမ်များပျက်စီးကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

မလေးရှား အနောက်တောင်ပိုင်းဒေသသို့ မီးတောင်ပြာမှုန်များ ရောက်လာနိုင်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၆

ဆုမတြားကျွန်းအနောက်ပိုင်းရှိ ဆီနာဘန်း မီးတောင်ပေါက်ကွဲရာမှ ပေါ်ထွက်လာသော ပြာမှုန်များ မလေးရှားနိုင်ငံ အနောက်တောင်ပိုင်းဒေသဘက်သို့ လွင့်မျောရောက်ရှိလာနိုင်သဖြင့် လေကြောင်းပျံသန်းမှုလုပ်ငန်းများ ထိခိုက်နိုင်ဖွယ်ရှိကြောင်း မလေးရှားမြို့ပြလေကြောင်းဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။ **(အောက်ပုံ)**

ယခုအချိန်အထိ မီးတောင်ပြာမှုန်များ လွင့်မျောလာမှုကြောင့် မလေးရှားနိုင်ငံ၏ လေကြောင်းခရီးစဉ် ပျံသန်းမှုလုပ်ငန်းများအပေါ် ထိခိုက်မှုမရှိသေးကြောင်း၊ သို့ရာတွင် မီးတောင်ပြာမှုန်များ လွှမ်းခြုံနေမှုကြောင့် မြင်နိုင်စွမ်းပကား ကျဆင်းလာမည်ဆိုပါက လေယာဉ်ခရီးစဉ်လုံခြုံရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံရှိ ဂျိုဟောဘာရူပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနသည် မီးတောင်ပြာမှုန်များ လွင့်မျောလာမှုကြောင့် လေထုလွှာအရည်အသွေး ထိခိုက်လာနိုင်မှုကို လေ့လာစောင့်ကြည့်လျက်ရှိသည်။

ဆင်ဟွာ။

တစ်ရက်အတွင်း ခိုးဝင်သူ ၁၁၀၀ကျော်ကို အီတလီကမ်းလွန် ပင်လယ်ပြင်၌ ကယ်တင်လိုက်ရ

လန်ပီဒူဆာ ဖေဖော်ဝါရီ ၆

လေမှုတ်သွင်းထားသော လှေများဖြင့် လိုက်ပါလာသည့် ရွှေ့ပြောင်းနေထိုင်သူ ၁၁၂၃ယောက်ကို အီတလီရေတပ်က ဖေဖော်ဝါရီ ၆ရက်က ကမ်းလွန်ရေပြင်တွင် ကယ်တင်လိုက်ရကြောင်း၊ ၎င်းတို့မှာ အာဖရိကတိုက်မြောက်ပိုင်း မှ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများဖြစ်ပြီး ပင်လယ်ပြင်အတွင်း ကယ်တင်ရမှုအရေအတွက် စံချိန်တင်မြင့်မားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လှေရှစ်စင်းနှင့် ဝမ်းပြားရေယာဉ်တစ်စင်းတို့ဖြင့် စီးနင်းလိုက်ပါလာသည့် ရွှေ့ပြောင်းနေထိုင်သူများကို အီတလီနိုင်ငံ လန်ပီဒူဆာမြို့၏ အရှေ့တောင်ဘက် (၂၂ကီလိုမီတာ)မိုင်၁၂၀ အကွာရှိပင်လယ်ပြင်အတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ရသည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများထဲတွင် အမျိုးသမီး ၄၇ ဦး ပါဝင်ကာ ၎င်းတို့အနက် လေးဦးမှာ ကိုယ်ဝန်ဆောင်များဖြစ်ကြကြောင်း၊ ကလေးငယ် ၅၀ လည်း ပါဝင်ကြောင်း၊ အာဖရိကတိုက် ဆာဟာရဒေသသားများဖြစ်ဖွယ်ရှိကြောင်း အီတလီရေတပ်က ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့် တစ်ချိန်တည်းမှာပင် ခုနစ်ဦးထက်မနည်းသော ရွှေ့ပြောင်းနေထိုင်သူများသည် အာဖရိကတိုက်မြောက်ပိုင်းရှိ စပိန်ပိုင်သီးခြားနယ်မြေ စီကျူတာသို့ရောက်ရှိရန် ကြိုးပမ်းယင်း သေဆုံးခဲ့ရသည်။

ရွှေ့ပြောင်းနေထိုင်သူ ခုနစ်ဦး၏ ရုပ်အလောင်းများကို အိမ်နီးချင်း မော်ရိုကိုနိုင်ငံ ကမ်းခြေတွင် ရှာဖွေတွေ့ရှိရပြီး ၎င်းတို့အုပ်စု၌ အမျိုးသမီးတစ်ဦးပါဝင်ကြောင်း၊ ၎င်းတို့သည် အာဖရိကတိုက် ဆာဟာရဒေသမှ လာရောက်သူများဖြစ်ကြောင်း စပိန်သတင်းအေဂျင်စီက ဖော်ပြသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ အတွင်းက အီတလီနိုင်ငံ ကမ်းခြေဒေသများပေါ်သို့ ရွှေ့ပြောင်းနေထိုင်သူဦးရေ၂၀၀၀ခန့် ရောက်ရှိခဲ့ပြီး ယင်းအရေအတွက်မှာ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလတွင်ဝင်ရောက်ခဲ့သောရွှေ့ပြောင်းနေထိုင်သူဦးရေ၏ ၁၀ ဆနီးပါး စံချိန်တင်မြင့်တက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ခိုးဝင်လာသူများကို အီတလီရေတပ် စစ်ရေယာဉ်တစ်စင်းပေါ်၌ တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကျောက်မီးသွေးတွင်းပြိုကျမှုဖြစ်ပွား၊ လေးဦးသေဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၆

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မီဂါလာယာပြည်နယ်ရှိ ဆောက်သ်ဂါရိုဟေးလ်ခရိုင်တွင် ဖေဖော်ဝါရီ ၅ရက်က ကျောက်မီးသွေးတွင်းပြိုကျမှုဖြစ်ပွားရာ အလုပ်သမားလေးဦး သေဆုံးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၆ရက်တွင် ဖော်ပြသည်။

မီဂါလာယာပြည်နယ် မြို့တော်ရှီလောင်းမှ ကီလိုမီတာ ၄၀၀ ကွာဝေးသော ဂါရိုဂစ်တမ်းမ်ဒေသတွင် အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခြင်းဖြစ်ကြောင်း အင်ဒို-အာရှသတင်းဌာနက ဖော်ပြသည်။

ကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် တွင်းထဲရှိ အလုပ်သမားလေးဦး သေဆုံးကြောင်း၊ သုံးဦးကို တွင်းအောက်မှ ဆွဲထုတ်လိုက်ရကြောင်း ခရိုင်ရဲအရာရှိအကြီးအကဲ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

ယင်းမတော်တဆမှုမှာ ရာဇဝတ်ပြစ်မှုထိုက်သဖြင့် တွင်းပိုင်ရှင်မှာ ထွက်ပြေးသွားကြောင်း၊ အိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေးတွင်းနှင့်ပတ်သက်၍ လုံခြုံစိတ်ချရမှု စံနှုန်းများအားနည်းခြင်းကြောင့် မတော်တဆပြိုကျမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

အဂတိမလိုက်စားဘဲ မှန်ကန်မျှတစွာ တရားစီရင်ကြမှသာ ပြည်သူများက တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်လာကြမည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။(အောက်ပုံ)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားရုံးများ၌ တရားမျှတခြင်း ထွန်းကားနိုင်ရေးအတွက် အဘက်ဘက်မှ တရားရုံးသို့ လာရောက်သူများသည် သန့်ရှင်းစင်ကြယ်မှုများရှိရန်လိုကြောင်း၊ ထို့ပြင် တရားသူကြီးများကလည်း အဂတိမလိုက်စားဘဲ မှန်ကန်မျှတစွာ တရားစီရင်ကြမှသာ ပြည်သူများက တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်လာကြမည်ဖြစ်ကြောင်း၊ ပြည်သူတို့ယုံကြည်သည့် တရားစီရင်ရေးစနစ်ထွန်းကားမှ ပြည်သူအချင်းချင်း မှုခင်းပဋိပက္ခဖြစ်ကြလျှင် အေးချမ်းစွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ တရားစီရင်ရေး မြန်ဆန်စေရန်အတွက် တရားစီရင်ရေးနှင့် ဆက်စပ်ပတ်သက်သည့်ဌာန၊ အဖွဲ့အစည်းများကလည်း တရားရုံးအဆင့်ဆင့်နှင့်ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ "လွတ်လပ်စွာ တရားစီရင်ခြင်း" သည် တရားစီရင်ရေး အခြေခံမူများတွင် အဓိကအကျဆုံးဖြစ်၍ တရားသူကြီးများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပြည်ထောင်စု တရားစီရင်ရေးဥပဒေပါ တရားစီရင်ရေးဆိုင်ရာမူများကို အလေးထားလိုက်နာ၍ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ကြရမှာ ဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များ လျှောက်ထားခွင့်ရှိသည်နှင့်အညီ ၂၀၁၃ ခုနှစ်ကာလအတွင်း လျှောက်ထားလာသည့် **စာချွန်တော်**အမိန့်လျှောက်ထားမှုများတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ခုံရုံးဖြင့် ကြားနာစီရင်ခဲ့သည့် အမှုပေါင်း ၆၆ မှုတွင်စာချွန်တော်အမိန့်ထုတ်ပေးခဲ့သည့် အမှုပေါင်းမှာ ၂၅ မှုရှိပါကြောင်း၊ အမှုများစစ်ဆေးစီရင်ပြီးပြတ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**မှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၅၇၀ မှု လက်ခံရရှိပြီး ၁၂၂၄ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၄၆ မှု ကျန်ရှိကြောင်း၊ တရားမ အမှုပေါင်း ၂၄၈၂ မှုလက်ခံရရှိပြီး ၁၈၅၀ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၆၃၂ မှု ကျန်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် **ပြည်နယ်တရားလွှတ်တော်များ**မှာ ပြစ်မှုဆိုင်ရာအမှုပေါင်း ၈၃၆၉ မှုလက်ခံရရှိပြီး ၅၆၉၈ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၆၇၁မှုကျန်ရှိကြောင်း၊ တရားမ အမှုပေါင်း ၅၁၆၅ မှု လက်ခံရရှိပြီး ၃၂၉၇ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၈၆၈ မှုကျန်ရှိကြောင်း၊ **ခရိုင်တရားရုံးများ**မှာ ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၆၆၁၄ မှုလက်ခံရရှိပြီး ၁၃၀၇၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၅၄၀ မှု ကျန်ရှိကြောင်း၊ တရားမ အမှုပေါင်း ၁၈၁၉၅ မှု လက်ခံရရှိပြီး ၁၀၃၄၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၇၈၅၀ မှု ကျန်ရှိကြောင်း၊ **မြို့နယ်တရားရုံးများ**မှာ ပြစ်မှုဆိုင်ရာအမှုပေါင်း ၃၉၄၁၈၆ မှုလက်ခံရရှိပြီး ၃၆၆၆၄၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၇၅၄၁ မှု ကျန်ရှိကြောင်း၊တရားမ အမှုပေါင်း ၃၇၉၀၈ မှုလက်ခံရရှိပြီး ၂၃၉၄၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၃၉၆၈ မှုကျန်ရှိကြောင်း၊ **ကလေးသူငယ်တရားရုံးများ**မှာ ကလေးသူငယ် ဥပဒေအရစွဲဆိုတင်ပို့သည့် အမှုပေါင်း ၂၇၈ မှု လက်ခံရရှိပြီး ၂၅၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၉ မှု ကျန်ရှိကြောင်း၊ **စည်ပင်သာယာတရားရုံးများ**မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၈၉၂၅ မှုလက်ခံရရှိပြီး ၃၈၂၀၉ မှုစစ်ဆေးပြီး ပြတ်ကာ စစ်ဆေးဆဲ ၇၁၆ မှု ကျန်ရှိကြောင်း၊ **မော်တော်ယာဉ်တရားရုံးများ**မှာ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၄၀၈၃၇၅ မှု ကိုစစ်ဆေးစီရင်ခဲ့ကြောင်း။

အထက်တရားရုံးအဆင့်ဆင့်က ပြင်ဆင်တည့်မတ်ပေးခဲ့ရသည့် အမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့်တရားမအမှုပေါင်း ၂၇၂၀ မှုအနက် ၃၅၇ မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်တည့်မတ်ပေးခဲ့ရကြောင်း၊ အလားတူ ခရိုင်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့်ပြစ်မှုနှင့် တရားမ အမှုပေါင်း ၉၄၂၈ မှုအနက် ၂၀၁၄ မှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များက ပြင်ဆင်တည့်မတ်ပေးခဲ့ရပြီး မြို့နယ်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့်တရားမ အမှုပေါင်း ၁၁၇၆၀ မှု အနက် ၃၁၈၆ မှုကို ခရိုင်တရားရုံးများက ပြင်ဆင်တည့်မတ်ပေးခဲ့ရကြောင်း၊ ထို့ပြင် **လာဘ်ပေးလာဘ်ယူမှုကိစ္စနှင့်စပ်လျဉ်း၍ လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ**သို့ တိုင်ကြားခဲ့သည့် တိုင်ကြားစာများနှင့် ပတ်သက်ပြီး စုံစမ်းဖော်ထုတ်ရေးအဖွဲ့မှ စစ်ဆေးခွင့်တောင်းခံလာသဖြင့် တရားသူကြီးငါးဦးနှင့် တရားရုံးဝန်ထမ်းနှစ်ဦးတို့အား အစစ်ဆေးခံရန် ခွင့်ပြုပေးခဲ့ကြောင်း၊ နောင်တွင်လည်း လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်းပြီး စစ်ဆေးခွင့်တောင်းခံလာပါက ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားရုံးနှင့် တရားရုံးပတ်ဝန်းကျင်မှာ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု ကင်းရှင်းပပျောက်စေရန်အတွက် အထူးဂရုပြု၍ စီမံကွပ်ကဲကြီးကြပ်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။

ယင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

---

(၂၃)ကြိမ်မြောက် မြန်မာနိုင်ငံအရိုးဆရာဝန်အသင်း ညီလာခံကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

အားကစားခွဲစိတ်ကုသမှု၊ ကျောရိုးနှင့်ပတ်သက်သည့်ခွဲစိတ်ကုသမှု၊ ကလေးအရိုးခွဲစိတ်ကုသမှု၊ နာတာရှည်ထိခိုက်ဒဏ်ရာရသူများအတွက် ကုထုံးများ၊ အရိုးရောဂါအမျိုးမျိုးအတွက် ခေတ်မီကုထုံးများကို နိုင်ငံခြားပညာရှင်များနှင့်မြန်မာဆရာဝန်များ ပူးပေါင်းကာ ဆွေးနွေးမှုများအပါအဝင်(ပလတ်စတစ် မော်ဒယ်)များဖြင့် လက်တွေ့ခွဲစိတ်မှုများကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း (၂၃)ကြိမ်မြောက်မြန်မာနိုင်ငံအရိုးဆရာဝန်ညီလာခံမှ သိရသည်။

ယနေ့ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က "အရိုးရောဂါနဲ့ပတ်သက်သည့် (Orthopaedic Education and Training)ကိုလည်း အာဆီယံနိုင်ငံများစံနှုန်းအတိုင်းဖြစ်စေရန် စနစ်တကျပြင်ဆင်ရေးဆွဲအကောင်အထည်ဖော်နေပြီး အနာဂတ်မျိုးဆက်သစ်များအတွက် Education and Professional Carrier Development များအဖြစ် ပြုလုပ်ပေးလျက်ရှိတာကို တွေ့မြင်ရကြောင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာသို့လည်း အရိုးဆရာဝန်အမြောက်အမြားကိုစေလွှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်ရှိသည့် သင်တန်းများကိုလည်း အရိုးဆရာဝန်၊ သူနာပြုများအတွက် ပို့ချပေးနေသည်ကိုတွေ့မြင်ရကြောင်း၊ အရိုးဆရာဝန်ကြီးများအနေဖြင့်လည်း Regional Faculty များအဖြစ် နိုင်ငံတကာအစည်းအဝေးများ၊ သင်တန်းများတွင် ပါဝင်ပို့ချဆွေးနွေးနေကြတာကိုလည်း ကြားသိနေကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရိုးနှင့်ထိခိုက်ဒဏ်ရာကုသမှုအဆင့်အတန်းမြင့်မားစေရေးအတွက် တန်ဖိုးကြီးမားသော သင်ကြားကုသမှု အထောက်အကူပြုပစ္စည်းများကိုစဉ်ဆက်မပြတ် ပံ့ပိုးဝယ်ယူဖြည့်တင်းပေးလျက်ရှိကြောင်း၊ အရိုးဆရာဝန်များ၏ ပညာရည်မြှင့်တင်မှုလုပ်ငန်းများကိုလည်း အားပေးကူညီမှု ပြုလုပ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ASEAN Orthopaedic Annual Congress ကိုအိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူရမည်ဖြစ်သည့်အပြင် AOA President တာဝန်ယူရမည်ဟု ကြားသိရ၍ ဂုဏ်ယူပါကြောင်းဖြင့်ပြောကြားသည်။

ညီလာခံတွင် မြန်မာနိုင်ငံမှဆရာဝန်များ၊ အမေရိကန်၊ ဥရောပ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ အိန္ဒိယနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပညာရှင် ၃၂ ဦးအပါအဝင် စုစုပေါင်း ၂၀၀ ဝန်းကျင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲ ရှစ်ခု၊ နိုင်ငံတကာပညာရှင်များ၏စာတမ်းများ၊ အရိုးရောဂါအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် သင်ကြားမှုနည်းစနစ်များနှင့် သုတေသနလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။ နိုင်ငံတကာအဆင့်ရှိ ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ အရိုးရောဂါနှင့်ပတ်သက်သော ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများကိုပြခန်းပေါင်း ၄၅ ခန်းဖြင့် ပါဝင်ပြသထားသည်ကို တွေ့ရသည်။

"နိုင်ငံတကာက ပညာရှင်တွေပါဝင်တဲ့အတွက် ခေတ်နဲ့အညီပြောင်းလဲလာတဲ့ ပညာရပ်တွေ၊ ဗဟုသုတတွေ၊ လက်တွေ့ကျွမ်းကျင်မှုတွေကို နိုင်ငံအတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အရိုးဆရာဝန်တွေ လေ့လာနိုင်တဲ့အတွက် ကိုယ့်နေရာ၊ ကိုယ့်ဒေသကိုရောက်ပြီး ပြည်သူကို အလုပ်အကျွေးပြုတဲ့အခါ အမှားအယွင်းနည်းနည်းနဲ့ ဆေးဝါးကုသပေးနိုင်တဲ့ရလဒ်မျိုးတွေကို ဒီညီလာခံကရရှိမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအရိုးဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မြင့်သောင်းက ပြောသည်။

မြန်မာနိုင်ငံတွင် ၁၉၅၀ ခုနှစ်ဝန်းကျင်မှ ပြည်ပဆရာဝန်ကြီးများဖြင့် အရိုးနှင့်ထိခိုက်ဒဏ်ရာရောဂါပညာရပ်ကို စတင်ခဲ့ပြီး ၁၉၆၀ ခုနှစ်ခန့်တွင် မြန်မာဆရာဝန် ဒေါက်တာဦးဘပုက အရိုးရောဂါပညာ၏ ရှေ့ဆောင်တစ်ဦးဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် မျိုးဆက်သစ်ပညာရှင်များကတီထွင်၊ ဖန်တီးဆန်းသစ်ကာ ပညာရပ်များကိုခေတ်အဆက်ဆက် လက်ဆင့်ကမ်းအမွေပေးခဲ့သည်။ ယခင်က အရှေ့တောင်အာရှအရိုးဆရာဝန်အသင်း (ASEAN Orthopaedic Association) နှင့် အာရှ-ပစိဖိတ်ဒေသအရိုးဆရာဝန်အသင်း (Asia Pacific Orthopaedic Association) တို့တွင် မြန်မာနိုင်ငံကလေ့လာသူအဖြစ်သာ ပါဝင်ခဲ့ရသော်လည်း ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။

(သတင်းစဉ်)

(၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့

နိုင်ထွန်း(TGI)

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်သည် (၆၇) ကြိမ်မြောက် ရှမ်းပြည်နယ်နေ့ဖြစ်ပါသည်။ ရှမ်းပြည်နယ်သည် ဧရိယာ စတုရန်းမိုင်ပေါင်း ၆၁၀၉၀ ကျယ်ဝန်းပြီး တိုင်းရင်းသားမျိုးနွယ်စု ၃၀ ကျော်၊ လူဦးရေ ငါးသန်းကျော် မှီတင်းနေထိုင်လျက်ရှိပါသည်။ ရှမ်းပြည်နယ်သည် ကုန်းမြင့်ဒေသတွင်တည်ရှိနေသော ပြည်နယ်ဖြစ်ပါသည်။ ပျမ်းမျှပေ ၃၀၀၀ ခန့်မြင့်သော တောင်တန်းများသည် အများအားဖြင့် မြောက်ဘက်မှ တောင်ဘက်သို့သွယ်တန်းနေကြပါသည်။ အချို့တောင်တန်းများမှာ ပေ ၇၀၀၀ ကျော်အထိမြင့်ပါသည်။ တောင်တန်းများအကြားတွင် ဟဲဟိုး၊ သီပေါ၊ ကျိုင်းတုံစသည့်ချိုင့်ဝှမ်းလွင်ပြင်များလည်း ရှိပါသည်။ သံလွင်မြစ်သည် မြောက်မှတောင်သို့ဖြတ်သန်းစီးဆင်းနေပြီးမြစ်လက်တက်များပေါ်များပါသည်။

ရှမ်းပြည်နယ်ကို ရှမ်းစော်ဘွားများက သားစဉ်မြေးဆက်ပဒေသရာဇ်မင်းငယ်များအဖြစ် အုပ်ချုပ်ခဲ့ပြီး ၁၈၈၆ ခုနှစ် မေ ၄ ရက်နောက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း(ရှမ်းပြည်နယ်ဥတ္တရတိုင်း ဝန်ရှင်တော်မင်းကြီးလက်အောက်ခံ)၊ ရှမ်းပြည်နယ်တောင်ပိုင်း(ဒက္ခိဏတိုင်း ဌာနချုပ်ဝန်နှင့် နိုင်ငံရေးအရာရှိ လက်အောက်ခံ)၊မြေလတ်ပိုင်း(ဒက္ခိဏတိုင်းဌာနချုပ်ဝန်နှင့် နိုင်ငံရေးအရာရှိလက်အောက်ခံ)ဟူ၍ ခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ ၁၉၂၂ ခုနှစ်တွင် ပဒေသရာဇ်ရှမ်းပြည်နယ်စုကို ဖွဲ့စည်းပြီးနောက် ပဒေသရာဇ်ကောင်စီအဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ ဥက္ကဌအဖြစ် ရှမ်းပြည်နယ် ဝန်ရှင်တော်မင်းကြီးနှင့် ဒုတိယဥက္ကဌအဖြစ် မြောက်ပိုင်းအရေးပိုင်မင်းတို့က ဦးစီးဦးဆောင်ကာ စော်ဘွားများက အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ရှမ်းပြည်နယ်ကို ပဒေသရာဇ်စနစ်ဖြင့် ၁၉၄၇ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပါသည်။

၁၉၃၀ ပြည့်နှစ် အိန္ဒိယပြည်နှင့်တွဲရေးခွဲရေးပြဿနာအား လန်ဒန်မြို့၌ စည်းဝေးရန်ညှိနှိုင်းဆွေးနွေးစဉ် ရှမ်းပြည်နယ် ကိုယ်စားပြုကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှမပါသည့်အတွက် ရှမ်းစော်ဘွားများက အပြင်းအထန် အရေးဆိုသဖြင့် ၁၉၃၀ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် လန်ဒန်မျက်နှာစုံညီအစည်းအဝေးသို့ ညောင်ရွှေစော်ဘွားနှင့် သီပေါစော်ဘွားတို့ တက်ရောက်ခွင့်ရခဲ့ပါသည်။ ထိုနေ့အား ရှမ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ပြီး ပျော်ပွဲရွှင်ပွဲများ၊ အစည်းအဝေးများကို မိုင်းကိုင်မြို့၌ နှစ်စဉ်ကျင်းပခဲ့ပါသည်။ ထိုကဲ့သို့ ကျင်းပရာမှ ရှမ်းပြည်နယ် လူထုခေါင်းဆောင်တစ်ဦးဖြစ်သော လင်းခေးဦးထွန်းမြင့်က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ပဒေသရာဇ်ကောင်စီကိုဖျက်သိမ်း၍ လူထုကိုယ်စားလှယ်များပါဝင်သောရှမ်းပြည်နယ်ကောင်စီကို လူထုကိုယ်စားလှယ်ခုနစ်ဦး၊ စော်ဘွားကိုယ်စားလှယ်ခုနစ်ဦး ပေါင်း ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို့ပြင် ပြည်မကိုယ်စားပြုအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အခြားသော ကချင်၊ ချင်း၊ ဗမာ၊ ချင်းတောင်တန်းသားကိုယ်စားလှယ်တို့နှင့်အတူ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် ပန္နက်ချနိုင်ခဲ့သော ပြည်ထောင်စုနေ့၏ သန္ဓေတည်ရာ နေ့ထူးနေ့မြတ်ဖြစ်သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းအမျိုးသားနေ့ဟု သတ်မှတ်ရန် အဆိုပြုခဲ့သဖြင့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပသည့် ပင်လုံအစည်းအဝေး၌ စော်ဘွားများနှင့်လူထုကိုယ်စားလှယ်များက တညီတညွတ်တည်း သတ်မှတ်ခဲ့ပါသည်။

၁၉၆၀ ပြည့်နှစ်ဝန်းကျင်မှစတင်ပြီး ပြည်နယ်အတွင်းနေထိုင်သည့် တိုင်းရင်းသားများကိုယ်စားပြုသည့်အနေဖြင့် ရှမ်းပြည်နယ်နေ့ဟုပြောင်းလဲခေါ်ဆိုပြီးနောက် သက်ဆိုင်ရာမြို့နယ်စာပေယဉ်ကျေးမှုကော်မတီအသင်းများကသာ ကိုယ့်မြို့၊ ကိုယ့်ဒေသအလိုက်အထိမ်းအမှတ်ပွဲများ နှစ်စဉ်ကျင်းပခဲ့သည်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်နေ့မှစတင်ကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးပြီး ပြည်နယ်ရိုးရာပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် စည်ကားစွာကျင်းပခဲ့ကြပါသည်။

ရှမ်းပြည်နယ်ဟုဆိုသော်လည်း ရှမ်း၊ ပအိုဝ်း၊ ဓနု၊ အင်းသား၊ ဗမာ၊ ကိုးကန့်၊ တောင်ရိုး၊ လားဟူ၊ အခါ၊ ဝ၊ ကချင်၊ ကယန်း၊ ပလောင် စသည့် တိုင်းရင်းသားမျိုးစုံ စုပေါင်းနေထိုင်သည့် ပြည်နယ်တစ်ခုအဖြစ်မြင်တွေ့ရမည်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ခုနှစ်တွင် ပြည်သူလူထုက ရွေးချယ်တင်မြောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ်အစိုးရတို့ပေါ်ထွန်းခဲ့ပြီးနောက် ခရိုင် ၁၄ ခု၊ မြို့နယ် ၅၅ မြို့နယ်၊ မြို့နယ်ခွဲ ၂၉ ခု တို့ဖြင့်ဖွဲ့စည်းထားပြီး ထူးခြားသည့်ဝိသေသအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်အတွင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများအဖြစ် တိုင်းရင်းသား လူမျိုးအများစုဒေသများကို အုပ်ချုပ်မှုအာဏာခွဲဝေပေးထားသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရမည်ဖြစ်ပါသည်။ ၎င်းအပြင် ရှမ်းပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်း၌လည်း လူမျိုး၊ ဘာသာ၊ ပါတီမတူသော ကိုယ်စားလှယ်များညီညွတ်စွာဖြင့် ပြည်နယ်အရေးကိစ္စများကိုစီမံခန့်ခွဲလုပ်ဆောင်နေကြပါသည်။ ပြည်နယ်အစိုးရအဖွဲ့အတွင်း၌လည်း တိုင်းရင်းသားလူမျိုး ခုနစ်ဦးဖြစ်သည့် ဗမာ၊ ကချင်၊ အင်း၊ ကယန်း(ပဒေါင်)၊ လားဟူ၊ အခါ၊ လီဆူး စသည့်လူမျိုးများ၏ တိုင်းရင်းသားရေးရာဝန်ကြီးများခန့်ထားခြင်းကိုကြည့်ခြင်းအားဖြင့် တိုင်းရင်းသားမျိုးစုံ၏ ပေါင်းစည်းမှုကိုတွေ့မြင်ကြရမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်လွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေး၊ အထူးအစည်းအဝေးများကျင်းပခဲ့ပြီး ဥပဒေပြုခြင်း၊ ဘဏ္ဍာ ရေးနှင့်ဆိုင်သော ဘတ်ဂျက်များအတည်ပြုခြင်း၊ နယ်မြေ ဒေသဖွံ့ဖြိုးတိုး တက်ရေး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆိုင်ရာများ၊ အခြားသော ပြည်သူလူထုအကျိုးရှိစေမည့်ကိစ္စများအား လူမျိုး၊ ဘာသာ၊ ပါတီစွဲများမထားဘဲဆောင်ရွက်လျက်ရှိကြပါသည်။ မြို့နယ်၊ ခရိုင်အသီးသီးတွင်လည်း မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည် ပင်သာယာရေးကော်မတီ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီများကိုလည်း မြို့မိမြို့ဖများ၊ အများပြည်သူလေးစားပြီး ရပ်ရွာအကျိုးဆောင်ရွက်ခဲ့သူ များနှင့်ဖွဲ့စည်းပြီး ကိုယ့်မြို့၊ ကိုယ့်ရွာတိုးတက်ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေး၊ မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြပါသည်။

ရှမ်းပြည်နယ်နေ့ဆိုသော်လည်း ရှမ်းတိုင်းရင်းသားတစ်မျိုးတည်းကိုသာ ကိုယ်စားပြုခြင်းမဟုတ်ဘဲ ပြည်နယ်အတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသားမျိုးနွယ်စုအပေါင်းအား ကိုယ်စားပြုခြင်းဖြစ်သည့်အတွက် ၂၀၁၄ ခုနှစ် (၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့မှစတင်ကာ တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်သည့် ရှမ်းပြည်နယ်ကြီးအား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရေး၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးတို့တွင် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအလွှာပေါင်းစုံက လက်တွဲပါဝင်ဆောင်ရွက်သွားကြပါရန် ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှုခင်းကို တွေ့ရစဉ်။

ရှမ်းပြည်နယ်ရှိ ဘဝသံသရာတံတားအောက်မှ ရွှေညောင်ဘက်သို့ ရထားတစ်စင်းဖြတ်သန်းခုတ်မောင်းနေသည်ကို တွေ့ရစဉ်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လျာထားသတ်မှတ်သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သမဝါယမကဏ္ဍ၊ နယ်စပ်ရေးရာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် လွှတ်တော်ကဏ္ဍတို့အတွက် လျာထားဆောင်ရွက်မည့်လုပ်ငန်းများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် **ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်း**က ကျန်းမာရေးဝန်ကြီးဌာန၏ နိုင်ငံပိုင်စီမံကိန်းများနှင့် စပ်လျဉ်းပြီး ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်မည့်လုပ်ငန်းနှင့် ငွေကြေးလျာထားချက်အား ပြန်လည်တည်းဖြတ်ပြင်ဆင်ပေးရန်အတွက်လည်းကောင်း၊ **ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဝင် ဦးမိုးဇော်ဟိန်း**က နေပြည်တော်ကောင်စီ၏ လုပ်ငန်းများနှင့် လျာထားငွေကြေးများအား ပြန်လည်သုံးသပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သောလုပ်ငန်းများနှင့် အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများကိုသာ လျာထားသတ်မှတ်သင့်ပြီး တစ်နိုင်ငံလုံးရှိ ကျေးလက်နေပြည်သူများ လိုအပ်လျက်ရှိသည့် ကျေးလက်မီးလင်းရေးလုပ်ငန်း၊ ကျေးလက်ကျန်းမာရေးလုပ်ငန်းများနှင့် ကျေးလက်လမ်းများ ဖောက်လုပ်မှုလုပ်ငန်းတွင် ပြောင်းလဲသုံးစွဲသွားရန်အတွက် လည်းကောင်း၊ **ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကိုယ်စား ဦးတင်မောင်ဦး**က ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ဖြည့်စွက်လုပ်ငန်းများ၊ စက်ရုံများနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ၊ သင်တန်းကျောင်းဆောက်လုပ်ခြင်းလုပ်ငန်းများ၊ သန်းခေါင်စာရင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်းများ စသည့်နိုင်ငံပိုင်လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်းပြီး လျာထားမှုများအား ပြန်လည်သုံးသပ်စိစစ်ရန်အတွက်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် **ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍** သက်ဆိုင်ရာကဏ္ဍအလိုက် လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် သုံးစွဲမည့်ဖွံ့ဖြိုးရေးရန်ပုံငွေခေါင်းစဉ်အောက်ရှိ လုပ်ငန်းများသည် ငွေလုံးငွေရင်းအသုံးစရိတ် လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်ထားသော လုပ်ငန်းမျိုးမဟုတ်သဖြင့် ငွေလုံးငွေရင်း အသုံးစရိတ်ခေါင်းစဉ်များအောက်တွင် ဖော်ပြနိုင်ခြင်းမရှိပါကြောင်း။

သို့ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း အတည်ပြုခဲ့စဉ်က ကျပ် (၃၃)ဘီလီယံကို ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေခေါင်းစဉ်ဖြင့် လွှတ်တော်ရုံး၊ လုပ်ငန်း၊ လုပ်ငန်းသစ်များ(ငွေလုံးငွေရင်း) ခေါင်းစဉ်အောက်သို့ လွှဲပြောင်းအတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း။

ငွေလုံးငွေရင်းခေါင်းစဉ်အောက်တွင် ရန်ပုံငွေများကို သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လုပ်ငန်းစဉ်များနှင့် စိစစ်ချက်များပါရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မဟုတ်ပါက ရင်းနှီးမြှုပ်နှံမှုခေါင်းစဉ်နှင့် ကိုက်ညီမှုမရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဖွံ့ဖြိုးရေးရန်ပုံငွေများကို လက်ရှိဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိရာ ကျပ်သိန်း(၅၀) အောက်လုပ်ငန်းများသာဖြစ်ပြီး လုပ်ငန်းသဘောအရ ငွေလုံးငွေရင်းအသုံးစရိတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ထားသော "စံ"လုပ်ငန်းမျိုး မဟုတ်သဖြင့် လုပ်ငန်းစီမံကိန်း(Project)အစား လုပ်ငန်းအစီအစဉ်(Work) ခေါင်းစဉ်ဖြင့် ပြန်လည်တည့်မတ်ပြီး ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲမှုများဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင်ပါရှိသော လွှတ်တော်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် (၄၅ ဒသမ ၃၃၄)ဘီလီယံတွင် ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ကျပ် (၃၃)ဘီလီယံ ပါဝင်ခဲ့ပါကြောင်း၊ ၎င်းအသုံးစရိတ်ပါဝင်သော ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း။

အဆိုပါ လွှတ်တော်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင်ပါရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအား တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူသုံးစွဲရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စေရန် အဓိကလိုအပ်သည့်အချက်မှာ သက်ဆိုင်ရာဘဏ်၌ ငွေထုတ်စာရင်းဖွင့်လှစ်ခြင်း၊ ငွေထုတ်သူအရာရှိအဖြစ် နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ်ဆောင်ရွက်ခြင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၏ အသုံးစရိတ်ဖြစ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရခြင်းတို့ဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လွှတ်တော်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပါဝင်သော ဒေသနယ်မြေများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေသုံးစွဲရာတွင် လိုက်နာရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနက သီးခြားထုတ်ပြန်ထားပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ လျာထားသတ်မှတ်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ခဲ့မှုအတွေ့အကြုံကို သုံးသပ်ပြီး ဥပဒေ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလျာထားသတ်မှတ်သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံဥပဒေနှင့်အညီ သုံးစွဲနိုင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်(၃၃)ဘီလီယံကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် ထုတ်ပေးနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ထောက်ပံ့ငွေ အသုံးစရိတ်စာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ယင်းထောက်ပံ့ငွေကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲသွားရန်ဖြစ်ပါကြောင်း။

သို့ဖြစ်ရာ ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးပြုနိုင်မည့် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်ရန်၊ သုံးစွဲပြီးပါက စနစ်တကျ စာရင်းစစ်ဆေးမှု ခံယူနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖွဲ့စည်းထားသည့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရေးနှင့် အစစ်ဆေးခံနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲ စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို အခြေခံဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုက်ရိုက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေးအတွက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြီး ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းအပါအဝင် ပြင်ဆင်ဆောင်ရွက်ရန် ကိစ္စရပ်များကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် မရှင်းလင်းသည်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် လွှတ်တော်သို့ အသိပေးပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများအား 100 Plus မှ ထပ်ဆင့်ဂုဏ်ပြုခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များ ဆွတ်ခူးပေးခဲ့သော အားကစားနည်းအလိုက် လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ City Mart Holding Co.,Ltd. ရုံးချုပ်၌ ကျင်းပရာ SEA Games ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများအား ပြည်သူများ၏ အားပေးမှုအခန်းကဏ္ဍ မြှင့်တင်ခြင်းဖြင့် City love & Hope Foundation၊ 100 Plus နှင့် ပြည်သူလူထုတို့မှ ပူးပေါင်းလှူဒါန်းသော အလှူငွေများကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပြီး အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးမှုများကို အားကစားဝန်ကြီးဌာန အားကစားအသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို City love & Hope Foundation၊ 100 Plus မှ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် Marketing Director ဒေါ်မေဇင်စိုးထက်က ရှင်းလင်းတင်ပြသည်။

SEA Games ပြိုင်ပွဲတွင် အားကစားနည်းအလိုက် ရွှေတံဆိပ်ဆုရရှိခဲ့ကြသော အားကစားသမားများအား Finance Director ဦးမင်းမင်းက ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ရွှေတံဆိပ် ၈၆ ဆုဆွတ်ခူးပေးခဲ့သော မြန်မာအားကစားသမား ၁၈၄ ဦးတို့အား 100 Plus, City love & Hope Foundation နှင့် ပြည်သူလူထုတို့ ပူးပေါင်းလှူဒါန်းသော ဂုဏ်ပြုဆုငွေ သိန်း ၁၄၀ အား 100 Plus, City Mart Holding မှ တာဝန်ရှိသူတို့က ပေးအပ်ရာ အားကစားသမားကိုယ်စား အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီးက လက်ခံခဲ့သည်။ **(သတင်းစဉ်)**

ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန်၊ တို့ကျေပွန်

○ ရှေ့ဖုံးမှ

(က) ဒေါက်တာသာလှရွှေ ဥက္ကဋ္ဌ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း
(ခ) ဦးထွန်းအောင်ချိန် အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
(ဂ) ဒေါက်တာငွန်ကျုံးလျန် အဖွဲ့ဝင်
နိုင်ငံတကာဥပဒေပညာရှင်
(ဃ) ဒေါက်တာတင်သိန်းလွင် အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့
(င) ဦးတင်ဦး အဖွဲ့ဝင်
အငြိမ်းစားသံအမတ်ကြီး
(စ) ဟာဂျီဦးတင်မောင်ဝင်း အဖွဲ့ဝင်
အလုပ်အမှုဆောင်အဖွဲ့ဝင်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့
(ဆ) ဦးဝင်းတည် အဖွဲ့ဝင်
အလုပ်အမှုဆောင်အဖွဲ့ဝင်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့
(ဇ) ဦးသာပွင့်(ရပ်မိရပ်ဖ) အဖွဲ့ဝင်
စစ်တွေမြို့၊ ရခိုင်ပြည်နယ်
(ဈ) ဦးလှသိန်း(ခ) မော်ဂျီဟူလာ(ရပ်မိရပ်ဖ) အဖွဲ့ဝင်
မောင်တောမြို့၊ ရခိုင်ပြည်နယ်
(ည) ဒေါက်တာကျော်ရင်လှိုင် အတွင်းရေးမှူး
Myanmar Egress

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောက်ဖော်ပြပါကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရန် စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်နှင့်တကွ အကြံပြုတင်ပြရမည်-

(က) ၁၃-၁-၂၀၁၄ ရက်တွင် ဒုချီးရားတန်းကျေးရွာ၌ ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း သေဆုံးရသည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဖြစ်ပွားရသည့်အကြောင်းရင်းနှင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်-မဟုတ်။
(ခ) ၂၈-၁-၂၀၁၄ ရက်တွင် ဒုချီးရားတန်း(အနောက်) ကျေးရွာမီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် မည်သူ့ပယောဂကြောင့် မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း။
(ဂ) ဒုချီးရားတန်း(အနောက်) ကျေးရွာမီးလောင်သည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အခြေအမြစ်မရှိသော မမှန်ကန်သည့်သတင်းထုတ်လွှင့်မှုနှင့် မည်သူတို့က ဆောင်ရွက်ကြောင်း။
(ဃ) ဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ နေအိမ်ဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေ။
(င) ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင် တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် သက်သေများဆင့်ခေါ်ခြင်း၊ စာရွက်စာတမ်းများတောင်းခေါ်ခြင်းနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အရောက် နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြရမည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဌေးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ပါမောက္ခ (ဆေးပညာ) ဒေါက်တာသက်ခိုင်ဝင်းအား ယင်းတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

✻ နေပြည်တော်မှ

ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပနိုင်ရန် ဆပ်ကော်မတီများအလိုက် ခွဲဝေပေးထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ဘင်းမ်စတက်ဥက္ကဋ္ဌအဖြစ် ၂၀၀၉ ခုနှစ်မှ စတင်တာဝန်ယူခဲ့ပြီးနောက် တတိယအကြိမ် ဘင်းမ်စတက်အစည်းအဝေးကျင်းပနိုင်ရန် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များတွင် ငါးကြိမ်အထိ ကြိုးပမ်းခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းသဘောတူညီမှုမရရှိနိုင်ခဲ့သည့်အတွက် အချိန်ကြန့်ကြာခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် သိသာသည့်တိုးတက်မှုများနှင့်အတူ မိမိတို့ မြန်မာနိုင်ငံအပေါ် ယုံကြည်ကိုးစားပြီး ဒေသတွင်းအဖွဲ့အစည်းများအတွင်း ဦးဆောင်ဦးရွက်ပြုရေးအခွင့်အလမ်းကောင်းများ ရရှိလျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ထူးခြားသည့်နှစ်ဖြစ်သည်နှင့်အညီ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတို့ကို မကြာမီကာလအတွင်း လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ အစည်းအဝေးတွင် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ ပထမဆုံး ဘင်းမ်စတက်အထွေထွေအတွင်းရေးမှူးချုပ်ကို ခန့်အပ်ခြင်းစသည့် ကိစ္စရပ်များပါဝင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အစည်းအဝေးတွင်သက်ဆိုင်ရာဆပ်ကော်မတီများအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်ချက်များ၊ အတွေ့အကြုံများ၊ အကြံဉာဏ်များပေးပြီး ဆွေးနွေးညှိနှိုင်းကြရန်၊ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးအတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ ကျေပွန်အောင်ဆောင်ရွက်သွားကြရန်၊ ဝန်ကြီးဌာနအဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကျင်းပမည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပနိုင်ခြင်းဖြင့် အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးဆိုင်ရာ သဘောတူစာချွန်လွှာ၊ မိုးလေဝသနှင့် ရာသီဥတုဌာန တည်ထောင်ရေးဆိုင်ရာ သဘောတူစာချွန်လွှာနှင့် ယဉ်ကျေးမှုလုပ်ငန်းကော်မရှင်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာနတည်ထောင်ရေး နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစည်းအဝေးတက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့် မိမိတို့ကျရာတာဝန်များကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌက ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူးက ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အစည်းအဝေးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကျင်းပနေမှုများကို ပြည်တွင်းပြည်ပမှ သိရှိရန်လိုအပ်ပါကြောင်း၊ မိမိတို့တာဝန်ယူကြရသည့် ကဏ္ဍများအလိုက် စေ့စပ်သေချာစွာ ကြိုတင်ပြင်ဆင်သွားရန်လိုအပ်ပါကြောင်း၊ တာဝန်ယူအားစိုက်ထုတ်မှုလျော့နည်းလျှင် နိုင်ငံ့ပုံရိပ်လျော့နည်းစေနိုင်သည့်အတွက် ဝန်ကြီးဌာနများနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအသီးသီးတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လည်းကောင်း၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ လည်းကောင်းကျင်းပခဲ့သည်။ မြန်မာနိုင်ငံက ဘင်းမ်စတက်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ်အတွင်း ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် နေပြည်တော်၌ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေး၌ တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လာမည့်ပညာသင်နှစ်တွင် အလယ်တန်းအဆင့်အထိ မသင်မနေရပညာရေးစနစ်ကို သတ်မှတ်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီးတို့သည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွင်း ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ပြီးစီးသော ပညာပန်းခင်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတွင် အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ပေးနိုင်ရန်အတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး (Comprehensive Education Sector Review-CESR)လုပ်ငန်းများကို စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာကဏ္ဍတွင် နှစ်(၃၀)နှစ်ရှည် အခြေခံပညာရေးစီမံကိန်း (၂၀၀၁-၂၀၃၁)၊ လူတိုင်းအတွက် ပညာရေး၊ နိုင်ငံအဆင့် လုပ်ငန်းအစီအစဉ် (၂၀၀၃-၂၀၁၅)တို့ကို အကောင်အထည်ဖော်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးမူဘောင်အရ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပညာရေးလုပ်ငန်း(၁၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံကဏ္ဍတွင် အသက်ငါးနှစ်နှင့်အထက် သူငယ်တန်းကျောင်းဝင်နှုန်းသည် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး မူလတန်းကျောင်းဝင်နှုန်းသည် ၈၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ကာ မူလတန်းအဆင့်ပြီးဆုံးမည့်နှုန်းသည် ၈၂ ဒသမ ၂၀ ရာခိုင်နှုန်းဖြစ်သဖြင့် အစိုးရသစ်လက်ထက်တွင် ပညာရေးအဆင့်တိုးတက်လာသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း။

အမျိုးသားပညာရေးတိုးတက်စေရန်အတွက် ဘတ်ဂျက်ငွေ တိုးမြှင့်ချထားပေးလျက်ရှိပြီး အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၌ ဝန်ထမ်းများကို ရာနှုန်းပြည့်ခန့်အပ်ပေးလျက်ရှိကြောင်း၊ လာမည့်ပညာသင်နှစ်တွင် အလယ်တန်းအဆင့်အထိ မသင်မနေရပညာရေးစနစ်ကို သတ်မှတ်သွားမည် ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး မူလတန်းကျောင်းအုပ်များ၏ လစာတိုးမြှင့်ပေးမှု၊ မူလတန်းပြမှ အလယ်တန်းပြအထိ လစာတိုးမြှင့်ပေးမှုများ ဆောင်ရွက်ခဲ့သလို ကျောင်းများကိုလည်း အဆင့်တိုးမြှင့်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်မှ ယနေ့အထိ အခြေခံပညာကျောင်းပေါင်း ၄၂၃၈၅ ကျောင်းရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ပညာသင်ဆု (Scholarship) ၂၀၁၃-၂၀၁၄ အထိ ၂၂၄၀ ဦး၊ ပညာသင်ထောက်ပံ့ကြေး (Stipend) ၂၂၀၂၂ ဦးတို့အား ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဘက်စုံထူးချွန်လူငယ် (လူရည်ချွန်) အဌမတန်းကျောင်းသား ကျောင်းသူ ၁၇၀ ကို ပုဂံ၊ ပုပ္ပားသို့ လည်းကောင်း၊ နဝမတန်းကျောင်းသား ကျောင်းသူ ၁၇၀ ကို ခေါင်တိုင်အင်းလေးသို့ လည်းကောင်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ၁၇၀ ကို ငွေဆောင်သို့လည်းကောင်း အသီးသီးလေ့လာရေးနှင့် အပန်းဖြေခရီးပို့ဆောင်ပေးခဲ့ကြောင်း။

ကင်းထောက် လူငယ်ဖွဲ့စည်းမှုကိုလည်း ၂၀၁၂ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ရာ ၂၀၀၀ ဦးထိ ဖွဲ့စည်းပြီးဖြစ်သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ပညာရည်မြင့်မားစေရန်အတွက် ကျောင်းများတွင် စည်းကမ်း၊ ပညာ၊ စာရိတ္တ သုံးခုကို မဏ္ဍိုင်ပြုဖော်ဆောင်လျက်ရှိ သကဲ့သို့ မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးသုံးဖလှယ်အဓိကအရေးကြီးကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပညာရှာ ပမာသူဖုန်းစား၊ အလိမ္မာစာမှာရှိ၊ အချိန်ရှိခိုက် လုံ့လစိုက် စသည့်ဆောင်ပုဒ်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ကာယအား၊ ဉာဏအား နှစ်ဖြာလုံး တိုးတက်စေရန်အတွက် ကျောင်းအားကစားလုပ်ငန်းစဉ်များကိုလည်း ပိုမိုအချိန်ပေးဆောင်ရွက်စေသင့်ကြောင်း၊ သို့မှသာ ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာပြီး နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအပိုင်းအနေဖြင့်လည်း မိမိတပည့်၏ သင်ယူတတ်မြောက်နိုင်မှုသည် ဆရာ၏ကြိုးပမ်းမှု၊ အားထုတ်မှု၊ ကျွမ်းကျင်မှု၊ ဗဟုသုတကြွယ်ဝမှု၊ စိတ်ရှည်သည်းခံမှု၊ ဖြတ်ထိုးဉာဏ်ရှိမှုတို့ အပေါ်တွင် မူတည်လျက်ရှိရာ ဆရာ ဆရာမများ ကိုယ်တိုင် မိမိကိုယ်တိုင်မိမိသင်ကြားပေးရမည့် ဘာသာရပ်တစ်ခုချင်းကို မည်မျှနားလည်တတ်ကျွမ်းသည်ကို အမြဲဝေဖန်သုံးသပ်နေရန်လိုကြောင်း၊ မိမိသင်ကြားရသည့် ဘာသာရပ်နှင့် ဆက်နွှယ်နေသည့်အခြားဘာသာရပ်များကိုပါ နှံ့နှံ့စပ်စပ်သိရှိမှသာ မိမိတပည့်များကို အမြင်ကျယ်အောင် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း။

ယခု ဆောက်လုပ်ပြီးစီးခဲ့သည့် ပညာပန်းခင်း ကျောင်းဆောင်သစ်မှာ နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သိန်း ၅၄၀ ဖြင့် အလျား ပေ ၁၅၀၊ အနံ ပေ ၃၀ ငါးခန်းတွဲ အုတ်ညှပ်ကျောင်းဆောင်တစ်လုံး ဆောက်လုပ်ရန် ခွင့်ပြုပေးခဲ့ရာ ကျောင်းဆောက်လုပ်ရေးကော်မတီ၏ စီမံကြီးကြပ်မှုဖြင့် ငါးခန်းတွဲအဆောင်(အစား)အလျား ပေ ၁၈၀၊ အနံ ပေ ၃၀ ခြောက်ခန်းတွဲ အုတ်ညှပ် ကျောင်းဆောင်သစ်အား အရည်အသွေးပြည့်မီစွာ ဆောက်လုပ်နိုင်ခဲ့သည့်အပြင် ယင်းခွင့်ပြုငွေမှ ပိုငွေဖြင့်ပင် စာသင်ခုံ၊ ထိုင်ခုံ အစုံ ၉၀၊ ဆရာစားပွဲ-ကုလားထိုင် ခြောက်စုံ၊ လေးပေဖန်ချောင်းအုပ်စုံ ၁၂ ချောင်း၊ မျက်နှာကြက်ပန်ကာ ခြောက်ခု၊ နံရံကပ်မီးခြောက်လုံး၊ ရေသန့်စက်ထားရန် သွပ်မိုး၊ သံဆန်ခါကာ အဆောက်အအုံ တစ်လုံး၊ (၂-ခန်းတွဲ)ရေလောင်း အိမ်သာ တစ်လုံး၊ စာကြည့်တိုက် မျက်နှာကြက်တပ်ဆင်ခြင်း၊ ကျောင်းရှေ့မုခ်ဦး ဆေးသုတ်ခြင်းနှင့်ကျောင်းဆောင်သစ်၏ ကော်ရစ်ဒါ ရှေ့မျက်နှာစာတွင် နှစ်လက်မပတ်လည် လေးကွက်ကျား သံဆန်ခါတပ်ဆင်ခြင်းလုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ပခုက္ကူ)အတွက် စားပွဲတင် ကွန်ပျူတာတစ်လုံး လှူဒါန်းသည်။

ဆက်လက်၍ ရေစကြိုမြို့နယ် ပခန်းကြီးတိုက်နယ်ဆေးရုံ၌ လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ မွေးခန်းနှင့် ရေအိမ်သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ **(ဝဲပုံ)**တာဝန်ခံဆရာဝန်နှင့် သူနာပြုများအား တွေ့ဆုံ၍ တိုက်နယ်ဆေးရုံအတွက် လိုအပ်သည့်ကိစ္စအရပ်ရပ်ကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီနှင့် တိုက်နယ်ဆရာဝန်တို့ ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်တင်ပြရေးစသည်ဖြင့် အသေးစိတ်မှာကြားကာ ပခန်းကြီးတိုက်နယ်ဆေးရုံတွင် ဆေးရုံတက်ရောက်နေသည့် ဒေသခံပြည်သူများအား အင်အားဖြည့်အစားအသောက်များ စားသောက်နိုင်ရန် ထောက်ပံ့ငွေပေးအပ်ခြင်း၊ ဆေးရုံအတွက် ဆေးဝါးနှင့်ရေတင်စင်တွင် အသုံးပြုမည့် ကျပ်လေးသိန်းရှစ်သောင်းတန် ဖိုက်ဘာရေကန်တစ်လုံး လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်နှင့်အတူ ကြက်ဆူကျင်းတိုက်နယ်ဆေးရုံ၌ ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဆေးရုံအတွက် ဆေးဝါးများ လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ရေစကြိုမြို့နယ် မအူအောက်ဆိပ်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းနှင့် ဒေသခံ ပြည်သူလူထု၏ ကိုယ်ထူကိုယ်ထထည့်ဝင်ငွေကျပ် ၁၆၅ သိန်းဖြင့် ဆောက်လုပ်လျက်ရှိသော ဓာတ်မှန်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ ဆေးဝါးများ လှူဒါန်းခဲ့သည်။

ထို့နောက် ရေစကြိုတပ်နယ်သို့ သွားရောက်ပြီး တပ်နယ်တပ်ရင်း သုံးရင်းအား ဆေးဝါးများ၊ စကိုင်းနက်ရုပ်သံစက် တစ်စုံစီနှင့် တပ်ရင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် ကံသစ်ကျေးရွာသို့ ဆက်လက်ထွက်ခွာပြီး ကျေးရွာနေပြည်သူများအတွက် ဆေးဝါးနှင့်စကိုင်းနက်ရုပ်သံစက်တစ်စုံအား ကျေးရွာအုပ်ချုပ်ရေးမှူးထံပေးအပ်လှူဒါန်းသည်။ ညနေပိုင်းတွင် ပခန်းကြီးကျေးရွာရှိ စည်သူရှင်သရက္ခန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံသို့ စကိုင်းနက်ရုပ်သံစက်တစ်စုံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

ဆောင်ပုဒ်နှင့်အညီ ရေကူးရေခန်း၊ အားစိုက်ခွန်စိုက်၊ ဖွဲသတ္တိအပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံအတွက် ဆုတံဆိပ်များဆွတ်ခူးပေးခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

(၆)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၁ ခု၊ ယခု(၇)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၃၄ ခုအထိရရှိခဲ့ပါကြောင်း၊ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်စုစုပေါင်း ၉၆ ခုဖြင့် ဆုတံဆိပ်အများဆုံးရရှိခဲ့ကြ၍ မြန်မာမသန်စွမ်းအားကစားသမိုင်းတွင် အောင်ပွဲမှတ်တိုင်အသစ် စိုက်ထူပေးနိုင်ခဲ့ကြသည့် စွမ်းဆောင်ရှင်အားကစားသမားများကို ဂုဏ်ပြုချီးကျူးသကဲ့သို့ပင် အကြောင်းကြောင်းကြောင့် ဆုတံဆိပ်ဖြင့် လွဲချော်ခဲ့ကြရသည့် အားကစားမောင်မယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတော်က အသိအမှတ်ပြုအားပေးလျက်ရှိပါကြောင်း။

ဘဝပေးအခြေအနေအမျိုးမျိုးကြောင့် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ အမြင်အကြားဆိုင်ရာ၊ ဉာဏ်ရည်ဆိုင်ရာ အားနည်းချို့တဲ့ချက်များ ရှိနေသော်လည်း စိတ်ပျက်အားငယ်တွေဝေခြင်းအလျဉ်းမရှိဘဲ တက်ကျိုးရင် လက်ထိုးလှော်မယ်ဆိုသည့် အလျှော့မပေးသော ဇွဲစိတ်ဓာတ်ဖြင့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများအဖြစ် ပြသနိုင်ခဲ့၍ ကျန်ပြည်သူများအတွက် အလွန်စိတ်လှုပ်ရှားစရာကောင်းပြီး စိတ်ဓာတ်ခွန်အား တက်စေခဲ့ပါကြောင်း။

မသန်စွမ်းအားကစားမောင်မယ်တို့၏ သန္နိဋ္ဌာန်ခိုင်မာမှု၊ အားကစားထူးချွန်မှု စွမ်းရည်များဖြင့် စင်ကာပူနိုင်ငံမသန်စွမ်း အားကစားပြိုင်ပွဲကြီးမှာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ဆက်လက်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ရွှေတံဆိပ်ဆုရ အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ငွေတံဆိပ်ဆုရ၊ ကြေးတံဆိပ်ဆုရ အားကစားသမားများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အောင်ပွဲရအားကစားသမားများကိုယ်စား ရွှေတံဆိပ်ဆုရှင် မင်းနိုင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နည်းပြများနှင့် အားကစားသမားများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယနေ့အခမ်းအနားတွင် တစ်ဦးချင်းရွှေတံဆိပ်ဆုအတွက် ငွေကျပ်သိန်း ၂၀ နှုန်း၊ အဖွဲ့လိုက် ရွှေတံဆိပ်ဆုအတွက် ငွေကျပ်ရှစ်သိန်းနှုန်း၊ အသင်းလိုက် ရွှေတံဆိပ်ဆုအတွက် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ရွှေတံဆိပ်ဆုရှင် အားကစားသမား ၆၇ ဦးအတွက် ငွေကျပ် ၇၄၂ သိန်း၊ တစ်ဦးချင်း ငွေတံဆိပ်ဆုအတွက် ငွေကျပ် လေးသိန်းနှုန်း၊ အသင်းလိုက် ငွေတံဆိပ်ဆုအတွက် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေတံဆိပ်ဆုရှင် အားကစားသမား ၃၂ ဦးအတွက် ငွေကျပ် ၁၁၉ သိန်း၊ တစ်ဦးချင်း ကြေးတံဆိပ်ဆုအတွက် ငွေကျပ်နှစ်သိန်းနှုန်း၊ နှစ်ယောက်တွဲ ကြေးတံဆိပ်ဆုအတွက် ငွေကျပ်တစ်သိန်းခွဲနှုန်း၊ အဖွဲ့လိုက်ကြေးတံဆိပ်ဆုအတွက် ငွေကျပ် သိန်း ၁၂၀၀၀၀ နှုန်းဖြင့် ကြေးတံဆိပ်ဆုရှင် အားကစားသမား ၅၄ ဦးအတွက် ငွေကျပ် သိန်း ၈၇၈၀၀၀၀၊ ဆုမရရှိသည့် ပြိုင်ပွဲအားကစားသမား ၁၁၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၁၃ သိန်း၊ အားကစားနည်းပြများအတွက် ငွေကျပ် ၂၆ သိန်းခွဲအပါအဝင် စုစုပေါင်းဂုဏ်ပြုဆုငွေ ၁၀၈၇ ဒသမ ၃ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံက ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွှေ ၃၄၊ ငွေ ၂၆ နှင့် ကြေး ၃၆ ဖြင့် စုစုပေါင်း ဆုတံဆိပ် ၉၆ ဆု ဆွတ်ခူးပေးခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၅)နေရာတွင် ရရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၃ ခုနှစ် နှစ်ပတ်လည် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သီရိရတနာခန်းမ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး ဂုဏ်ထူးဆောင် နာယကကြီး ဒေါ်ခင်ခင်ဝင်း၊ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့ တက်ရောက်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကိုယ်စား အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်တစ်ရပ်အနေဖြင့် လည်းကောင်း၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်များ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင်နှင့်အာဆီယံအမျိုးသမီးရေးရာကော်မတီ၏ တတ်ကြွသောအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်းကောင်း မြန်မာအမျိုးသမီးထုကြီးအားလုံးအတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် အမျိုးသမီးအခွင့်အရေးကိစ္စများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းပါဝင်သောကဏ္ဍ အသီးသီးကို အထောက်အပံ့ဖြစ်စေမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုအရ ဆပ်ကော်မတီများ (Delivery Units) ၂၇ခုအနက် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေး၏ ရှေ့လုပ်ငန်းစဉ်အဖြစ် တိုင်းဒေသကြီး၊ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ကျေးရွာစသည့် အောက်ခြေအဆင့်ထိ ကွင်းဆင်းပြီး အမျိုးသမီးများ၏ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြင့် ဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအနေဖြင့် ဒုတိယဝန်ကြီးများ ဦးဆောင်သည့် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit) မှ ကွင်းဆင်းရောက်ရှိသည့်အခါ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်း မှာကြားလိုပါကြောင်း၊ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းရင်း မြန်မာအမျိုးသမီးများပီပီ နိုင်ငံတော်နှင့် မြန်မာအမျိုးသမီးထုကြီးက အားကိုး၊ အားထားရသော အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ပိုမိုကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြက ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ၂၀၁၄ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၃ ခုနှစ် ဆောင်ရွက်ခဲ့သော မှတ်တမ်းဓာတ်ပုံများနှင့် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဒေသထွက်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၂-၂၀၁၄ (သောကြာနေ့)

၆း၀၃	တရားတော်
၈း၃၅	ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၉း၂၀	သူနှင့်သူ၏သီချင်းများ
၄း၀၆	တစ်ပတ်အတွင်းစီးပွားရေး သတင်း
၆း၁၀	“ရွာ”ဟာသဇာတ်လမ်းတွဲ (ဒါရိုက်တာ-မိုးဇော်ကို)
၆း၂၅	ရှင်မြူးသီကြွေးကဗျာတေး
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ညွှန်းဖွဲ့မေတ္တာ” (အပိုင်း-၂၅)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အာဂလူ” (အပိုင်း-၂၃) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဂုဏ်ရည်မတူ” (ဒုတိယတွဲ)(အပိုင်း-၈၈)

ရွှေတိဂုံစေတီတော်၌ တပို့တွဲလ ထမနဲထိုးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာ့တစ်ဆယ့်နှစ်လရာသီအတွင်း တပို့တွဲလရာသီ ရောက်ရှိချိန်တွင် မြန်မာလူမျိုးများသည် မြို့တော်နှင့် ရပ်ကွက်အလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်းကောင်း ထမနဲ ထိုးပြိုင်ပွဲများ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော်၌လည်း တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၁၃ ရက်) ညနေ ၄ နာရီတွင် စေတီ တော် အရှေ့ဘက်မုခ် ထန်းပင်ကုန်းကွင်း၌ ထမနဲထိုးပြိုင်ပွဲကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဂေါပကအဖွဲ့ ဝန်ထမ်း၊ ဘာသာရေးအသင်းအဖွဲ့၊ လုပ်ငန်းကန်ထရိုက်များ၊ မိတ်ဖက် အသင်းတို့မှ စုစုပေါင်း ၃၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထမနဲထိုးပြိုင်ပွဲတွင် ကြီးကြပ် အကဲဖြတ်အမှတ်ပေးရန် လျှို့ဝှက်ဒိုင် အဖွဲ့တစ်ဖွဲ့၊ ကြီးကြပ်အမှတ်ပေး ဒိုင်အဖွဲ့ခြောက်ဖွဲ့၊ အမှတ်ပေါင်း ဒိုင်အဖွဲ့တစ်ဖွဲ့ အပါအဝင် စုစုပေါင်း ရှစ်ဖွဲ့ ဖွဲ့ထားသည်။

အမှတ်ပေးရာတွင် ကောက်ညှင်း ဆန် အရောအနှော၊ အပျော့အမာ အတွက် ငါးမှတ်မှ ၁၀ မှတ်အထိ၊ အရောင်အဆင်းနှင့် အနံ့မွှေးကြိုင်မှု အတွက် ငါးမှတ်မှ ၁၀ မှတ်အထိ၊ အရသာကောင်းမွန်မှုအတွက် ၂၀ မှတ်၊ စည်းကမ်းလိုက်နာမှုအတွက် ၁၀ မှတ်၊ သန့်ရှင်းမှုအတွက် ၁၀ မှတ်၊ ပြိုင်ပွဲဝင် အချိန်နှစ်မှတ်မှ ၁၀ မှတ် အထိ စသည်ဖြင့် အမှတ်များကို သတ်မှတ်ထားပြီးယှဉ်ပြိုင်မှုကို မိနစ် ၆၀ သတ်မှတ်ထားသည်။

ထမနဲတစ်ဒယ်လျှင် ကောက်ညှင်း ဆန် လေးပြည်၊ မြေပဲလှော် နို့ဆီဘူး လေးလုံး၊ အုန်းသီးလေးလုံး (အပြား လိုက် ပါးပါးခြစ်ပြီး ထည့်ရန်)၊ နှမ်းနို့ဆီ ဘူး လေးလုံး၊ ချင်း ၁၀ ကျပ်သား၊ ဆား အကြမ်းပန်းကန် တစ်လုံး၊ ရေဆီဘူး ၄၀၊ ဆီ တစ်ပိဿာ ၂၅ ကျပ်သားတို့ အသုံးပြု၍ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဟင်းချိုမှုန့်နှင့် အခြားအဆိပ် အတောက်ဖြစ်စေသော ပစ္စည်းမသုံးရ ဟု စည်းကမ်းသတ်မှတ်ထားသည်။

ပြိုင်ပွဲအတွက် စာရင်းပေးသွင်း ထားသော အသင်းအဖွဲ့များသည် အသင်းတစ်သင်းလျှင် အသင်း သားခြောက်ဦး၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးထား၍ ရွှေတိဂုံစေတီတော် ရုံးအဖွဲ့မှူးထံ စာရင်းပေးရမည်ဟု သိရသည်။

ယခုနှစ်ထမနဲထိုးပြိုင်ပွဲတွင် ပထမ ဆုငွေကျပ် ၂၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၈၀၀၀၀၊ တတိယဆု ငွေကျပ် ၁၇၀၀၀၀၊ စတုတ္ထဆုငွေကျပ် ၁၃၀၀၀၀၊ ပဉ္စမဆုငွေကျပ် ၁၀၀၀၀၀ နှင့် နှစ်သိမ့် ဆုငွေကျပ် ၇၀၀၀၀ ချီးမြှင့်မည်ဟု သိရသည်။ **(ခင်ချိုဝင်း)**

မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်)ထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီ တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များအပါအဝင် အသင်းအဖွဲ့ ၂၈ သင်း ယှဉ်ပြိုင်ကြ မည် ဖြစ်သည်။

စေတီတော်ကြီးအား ပန်း၊ ဆီမီး၊ သစ်သီး၊ ထမနဲ ဆွမ်းများဖြင့် နေ့စဉ် ကပ်လှူပူဇော်ကာ ပွဲတော်ရက်တွင် ဓမ္မရက္ခိတဓမ္မာရုံအတွင်း တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ က နိဗ္ဗာန်ရောက်ကြောင်း တရားတော် များကို ည ၇ နာရီမှစ၍ သုံးညတိုင်တိုင် ဟောကြားချီးမြှင့်တော်မူမည် ဖြစ် သည်။

ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၇ နာရီ တွင် စေတီတော်ရင်ပြင်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာ တော်ကြီးများ၊ စေတီတော်သြဝါဒ စရိယ ဆရာတော်ကြီးများ၊ တရား ဟောတိပိဋကဆရာတော်ကြီးများနှင့် ဒဂုံနှင့်ဗဟန်းမြို့နယ်အတွင်းရှိ ဆရာ တော်ကြီးများအား ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဖြစ်သည်။ အလှူ ရှင်များ ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင် ကြောင်းနှင့် ညတရားပွဲများသို့ ကြွရောက်၍ တရားတော်များနာယူ နိုင်ကြောင်း သိရသည်။ **(ဦးချစ်)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) CNC Machine ဆက်စပ်ပစ္စည်းများ
(ခ) Electronics ပစ္စည်းများ
(ဂ) Machining Accessories များ
(ဃ) Aluminium Beams များ

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် နည်းပညာသုတေသနဌာန၊ မြို့ပတ်လမ်းနှင့် ဗန္ဓုလလမ်းထောင့်၊ ပြင်ဦးလွင်တွင် တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး ၁၄-၂-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

၄။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)
မြို့ပတ်လမ်းနှင့် ဗန္ဓုလလမ်းထောင့်၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၈၅-၂၂၁၄၀

စက်မှုဝန်ကြီးဌာန

အသေးစားနှင့်အလတ်စားလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်ပြင်ဆင်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ရုံးအဆောက်အအုံအား ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လက်ရှိတည်ဆောက်ပြီး (၄)ထပ်မှ (၈)ထပ်သို့ BOT စနစ်ဖြင့် တိုးမြှင့်တည်ဆောက်ရန် ကြေးမုံသတင်းစာ၌ ၁၉-၁-၂၀၁၄ ရက်နှင့် ၂၀-၁-၂၀၁၄ ရက်တို့တွင် ကြေညာခဲ့ပါသည်။

၂။ ယင်းကြေညာချက်တွင် အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်ကို ၇-၂-၂၀၁၄ ရက်ဟု ဖော်ပြခဲ့ခြင်းအား ၂၁-၂-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီသို့ ပြောင်းလဲပါကြောင်း တင်ဒါတင်သွင်းသူများ သိရှိနိုင်ပါရန် အကြောင်းကြား ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
အသေးစားနှင့်အလတ်စားလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
ဖုန်း-၀၁-၈၆၀၃၈၂၆၊ ၀၁-၈၆၀၃၈၂၇၊ ၀၁-၅၅၉၂၃၉

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနည်းပြအဖွဲ့အား စာချုပ်ချုပ်ဆို

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အသစ်ခန့်အပ်လိုက်သည့် မြန်မာ့လက် ရွေးစင်အသင်းနည်းပြချုပ် အေဗရာ မိုဗစ်နှင့် နည်းပြအဖွဲ့ဝင်များအား စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။

စာချုပ်ချုပ်ဆိုပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြား သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင် အောင်နှင့် တာဝန်ရှိသူများက နည်းပြ ချုပ် အေဗရာမိုဗစ်နှင့် နည်းပြအဖွဲ့ဝင် များအား စာချုပ်ချုပ်ဆိုပြီး မြန်မာ အသင်းဂျာစီများ ပေးအပ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာအသင်း နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်(ဆားဘီးယား)၊ လက် ထောက်နည်းပြအဖြစ် ဆီကိုဗစ်(ဆား ဘီးယား)နှင့် ဂိုးနည်းပြအဖြစ် ဒီနို (ဆားဘီးယား)တို့ကို ခေါ်ယူခဲ့ခြင်းဖြစ် ပြီး တစ်နှစ်ခွဲသက်တမ်းရှိ စာချုပ်များ ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အေဗရာမိုဗစ်မှာ စင်ကာပူလက် ရွေးစင်အသင်းကို ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဆယ်စုနှစ်တစ်စုကြာ ကိုင်တွယ်ခဲ့သူဖြစ်ပြီး အာဆီယံဒေသ တွင်း အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲတွင် ချန်ပီယံဆု သုံးကြိမ်ရရှိအောင် စွမ်းဆောင်ပေးခဲ့ သူလည်းဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း AFC Challenge Cup ပြိုင်ပွဲ၊ အာဆီယံဆူဇူကီးဖလား ခြေစစ် ပွဲ၊ နောက်ဆုံးအဆင့်ပြိုင်ပွဲတို့အပြင် ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် ဆီး ဂိမ်းပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရန်ရှိနေပြီး ယင်းပြိုင်ပွဲအားလုံးကို အေဗရာမိုဗစ် က ကိုင်တွယ်သွားမည်ဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ပြည်သူ့အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

သထုံ ဖေဖော်ဝါရီ ၆

မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက် အထိ ပြည်လုံးကျွတ်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်း စရာများ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအကြောင်း သိကောင်း စရာများ ဟောပြောခြင်းနှင့် နယ်လှည့် စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း စသည့် ပြည်သူ့ဝန်ဆောင်မှု အသိ ပညာပေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၅ ရက်က သထုံမြို့နယ် မိုးကောင်း ကျေးရွာအုပ်စု ဖော်ဖကျေးရွာ စာ ကြည့်တိုက်၌ သထုံခရိုင် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှဝန်ထမ်းများက ကွင်းဆင်းဆောင် ရွက်ခဲ့သည်။

မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင် က ကျေးလက်ပြည်သူများအသိပညာ ဗဟုသုတပိုမိုမြင့်မားပြီး ကျေးရွာ ဖွံ့ဖြိုး တိုးတက်နိုင်စေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး ကိစ္စရပ်များ နှင့် နှစ်ပေါင်း ၃၀ နီးပါးကြာမြင့်ပြီးမှ ထပ်မံကောက်ယူနိုင်သည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် နိုင်ငံတော်နှင့်ပြည်သူ့ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်း ဖြစ်သောကြောင့် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းဟောပြောရာ ဒေသခံ များက စိတ်ပါဝင်စားစွာဖြင့် မိမိတို့ သိလိုသည်များကို မေးမြန်းခဲ့ ကြသည်။

အဆိုပါအခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှု အနေဖြင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်း၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်များ ခင်းကျင်း ပြသခြင်းနှင့် ပညာပေးဗီဒီယိုခွေများ ပြသပေးခြင်းတို့ကို ဆောင်ရွက် ပေးခဲ့ပြီး ကျေးရွာစာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၁၄) သစ်စက်ဝင်းအတွင်းရှိ အဆောက်အအုံဟောင်း (၃၉)လုံးအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က)	ပစ္စည်းအမျိုးအမည်	-	အဆောက်အအုံဟောင်း (၃၉)လုံး
(ခ)	လေလံတင်ရောင်းချမည့်နေ့ရက်	-	၂၆-၂-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၀၀ နာရီ
	နေရာ	-	အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်
(ဂ)	အိတ်ဖွင့်လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ရောင်းချမည့် နေ့ရက်	-	၆-၂-၂၀၁၄ရက်(ကြာသပတေးနေ့)မှ ၂၅-၂-၂၀၁၄ ရက်(အင်္ဂါနေ့)အထိ
	နေရာ	-	အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်
	ဆက်သွယ်ရန်ဖုန်းနံပါတ်	-	၀၉၅၄၁၂၄၀၂၊ ၀၉၇၃၂၁၄၄၃၀၊ ၀၉၂၅၀၁၈၄၅၄၄

၂။ အိတ်ဖွင့်လေလံလျှောက်လွှာနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်-၁၀၀၀ိ/-နှုန်းဖြင့် ၂၅-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးဆပ်ကော်မတီ
မြန်မာ့သစ်လုပ်ငန်း

နတ်သူရဲ – ပေါစံခေါ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု နတ်သူရဲ-ပေါစံခေါ ကျေးရွာချင်းဆက် ၂ ဒသမ ၈၅ မိုင်ရှည်သော ရိစာလမ်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့်အညီ ဖောက်လုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်တွင် အဆိုပါလမ်းဖောက်လုပ်ဆောင်ရွက်နေသောလုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းမော်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များသွားရောက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ ၂၄ ပေအကျယ်ဖြစ်သောကြောင့် လမ်းဖောက်လုပ်ပြီးပါက နတ်သူရဲကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ ၁၁၄၇ အိမ်၊ လူဦးရေ ၆၀၀၀ နီးပါးမှာ သွားလာရေးအဆင်ပြေမည်ဖြစ်သည့်အပြင် ပညာရေး၊ ကျန်းမာရေးနှင့် အခြားကိစ္စရပ်များ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး Mr.Phil Robertson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ လွတ်လပ်စွာကိုးကွယ်ခွင့်ဆိုင်ရာကိစ္စများ၊ ဘာသာရေးကို အခြေခံသော ပဋိပက္ခများ မဖြစ်ပေါ်စေရေး၊ ဖြစ်ပေါ်လာသော ပဋိပက္ခများ ဖြေရှင်းရာတွင် အပြုသဘောပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် နံ့သာမြိုင်ပန်းခြံဘေး စော်ဘွားကြီးကုန်း ကားမှတ်တိုင်အနီး မင်္ဂလာဒုံမှ ရန်ကုန်ဘက်သို့ ပြည်လမ်းအတိုင်းသွားသော လမ်းမကြီးဘေးတွင် အငှားမော်တော်ယာဉ်(တက္ကစီ)ယာဉ်များ ပိတ်ဆို့ရပ်တန့်ထားသည်ကို တွေ့ရစဉ်။ (၆၈၄)

အများပြည်သူဝန်ဆောင်မှု ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ်၏ e-Book များ၌ ထည့်သွင်းဖော်ပြခွင့်ပြုရေး စာရေးဆရာကြီး ဆရာမကြီးများသို့ ပန်ကြားချက်

မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ ပြည်သူများ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် Public Digital Library Service စနစ်အား တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်နှင့် မြို့နယ်များရှိ လူစည်ကားရာနေရာများတွင် တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ Public Digital Library Service သည် အင်တာနက်မလိုဘဲ Laptop ကွန်ပျူတာများ၊ i-Pad, Tablet, Android ဖုန်းများနှင့် Netbook များဖြင့် စက်တည်ရှိရာနေရာမှ အတားအဆီးမရှိလျှင် ၆၅၀ မီတာပတ်လည်အတွင်း WIFI စနစ်ဖြင့် အလွယ်တကူ ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ Public Digital Library Service ၌ ထည့်သွင်းမည့်စာအုပ်များတွင် ဖတ်ရှု၍ ရရုံစနစ် (Read Only) စာအုပ်များနှင့် Soft Copy ကို ရယူနိုင်သည့်စနစ် (Download) စာအုပ်များ ပါရှိပါသည်။ သို့ဖြစ်ပါ၍ စာရေးဆရာကြီး ဆရာမကြီးများ၏ စာအုပ်များကို Public Digital Library Service အတွက် ထည့်သွင်းဖော်ပြလိုပါသဖြင့် စာပေဒါနအဖြစ် အလှူခံလိုပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Public Digital Library Service အတွက် စက် ၁၀၀ ကို ၂၀၁၄ ခုနှစ် မတ်လအတွင်း စတင်ဖြန့်ဝေတပ်ဆင်မည်ဖြစ်ပါသည်။ စာရေးဆရာကြီး ဆရာမကြီးများအနေဖြင့် ၂၀၀၅ ခုနှစ်နှင့် မတိုင်မီက ထုတ်ဝေခဲ့သော မိမိတို့၏ စာအုပ်များကို အသုံးပြုခွင့် ပြု/မပြုနှင့် Read Only သာ ခွင့်ပြုနိုင်မည် သို့မဟုတ် Download ပါ အသုံးပြုခွင့်ပေးနိုင်မည်တို့ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် အရောက် ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လောလောဆယ် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ထုတ်ဝေသော စာအုပ်များကို ထည့်သွင်းဖော်ပြဦးမည် မဟုတ်သေးပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြို့နယ်ပြန်/ဆက်ရုံးများမှလည်း စာရေးဆရာကြီး ဆရာမကြီးများနှင့် ဆက်သွယ်၍ သဘောထားရယူတောင်းခံသွားမည်ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်အချိန်ကာလအတွင်း အဆက်အသွယ်မရရှိပါက ဆရာကြီး ဆရာမကြီးများအနေဖြင့် မိမိတို့စာအုပ်များ လှူဒါန်းလိုပါလျှင် အောက်ပါပုဂ္ဂိုလ်များထံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အရောက် ဆက်သွယ်အကြောင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(၁) မြန်မာနိုင်ငံစာရေးဆရာအသင်း ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ရန်ကုန်မြို့။

(၂) ဒေါက်တာဒေါ်သီတာတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၀၂၁၊ ၀၉-၈၆၀၂၁၈၈၊ thidahlaing009 @ gmail.com

(၃) ဦးမျိုးမြင့်မောင်၊ အထွေထွေမန်နေဂျာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖုန်း-၀၁-၂၅၁၅၇၅၊ ၀၉-၄၃၀၈၅၁၄၄၊ mmmmm.6708@gmail.com

(၄) ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇

(၅) ဦးတင်သန်းဝင်း၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၁၆၄၊ ၀၉-၄၇၀၅၁၀၃၃

(၆) ဦးမြင့်ကျော်၊ ညွှန်ကြားရေးမှူး (သုတေသန) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၀၉-၈၃၀၅၇၆၄၊ myintkyaw103@gmail.com

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဒီမိုကရေစီအနှစ်သာရ ခံစားလိုက အခွန်ပေးကြ

ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးခင်မောင်ဦး သိရှိရန်

လူကြီးမင်းသည် ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၏ ၂-၁-၂၀၁၄ရက်စွဲပါ စာအမှတ် ၀၅၆/၅/၈-၈/စည်ပင်(ကချင်)ဖြင့် သက်ပြည့်ပင်စင်ခံစားရန်အတွက် ကြိုတင်ပြင်ဆင်ခွင့်ကို ၉-၁-၂၀၁၄ ရက်မှစ၍ ခွင့်ပြုခဲ့ပြီး အမှုဆောင်အရာရှိတာဝန်ဝတ္တရားများကို လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ထံသို့ စနစ်တကျ လွှဲပြောင်းပေးရန် ရုံးအမိန့်ထုတ်ပြန်ကြော်ငြာပြီးဖြစ်သော်လည်း လူကြီးမင်းအနေဖြင့် လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ခြင်းမပြုဘဲ ၂၄-၁-၂၀၁၄ ရက်မှစ၍ မိမိတာဝန်ကျဒေသမှ စွန့်ခွာသွားကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀-၂-၂၀၁၄ ရက်နေ့ ဇန်းမော်မြို့သို့ လာရောက်ပြီး လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်၍ ငွေရေးကြေးရေးကိစ္စများ ရှင်းလင်းရန်နှင့် လာရောက်ရှင်းလင်းရန် ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားပါသည်။

ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန
မြစ်ကြီးနားမြို့

အမြန်ပြန်လာပါ

အဖေ ဦးကျော်ဝင်းဖေ[၁၂/ဗဟန(နိုင်)၀၄၀၉၈၆] အမေ ဒေါ်တင်တင်အေး[၁၂/ဗဟန(နိုင်)၀၄၂၉၁၆] သည် ၄-၂-၂၀၁၄ ရက် ည ၈း၅၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် "အမြန်ပြန်လာပါ"

သား ကျော်ဝင်းထွဋ်
[၁၂/ဗဟန(နိုင်)၀၉၄၅၆၈]





Frozen ဇာတ်ကား Annie ဆု ငါးဆုဆွတ်ခူး

နိုင်ငံတကာအန်နီမေးရှင်း ရုပ်ရှင်အဖွဲ့အစည်းမှ ကြီးမှူးကျင်းပသည့် (၄၁)ကြိမ်မြောက် Annie ဆုပေးပွဲ အခမ်းအနားကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့ရာ ဆုအမျိုးအစားပေါင်း ၃၅ မျိုး ပေးအပ်ချီးမြှင့်နိုင်ခဲ့ပြီး ဒစ်စနီမှထုတ်လုပ်သည့် Frozen ဇာတ်ကားက အကောင်းဆုံးအန်နီမေးရှင်းဇာတ်ကားဆုကို ရရှိဆွတ်ခူးခဲ့သည်။

အဆိုပါ Frozen ဇာတ်ကားသည် အကောင်းဆုံး အန်နီမေးရှင်းဇာတ်ကားဆုအပါအဝင် သီချင်း၊ထုတ်လုပ်မှုဒီဇိုင်းဆိုင်ရာများ၊ အသံတင်ဆက်မှုများ စသည့် ဆုများအပါအဝင် ဆုအမျိုးအစား ငါးမျိုးဆွတ်ခူးနိုင်ခဲ့သည်။

ထို့အပြင် ယင်းဇာတ်ကားသည် ရွှေကမ္ဘာလုံးဆုပေးပွဲနှင့် Critics' Choice Awards ဆုပေးပွဲတို့တွင် အကောင်းဆုံး အန်နီမေးရှင်းဇာတ်ကားဆုများအပါအဝင် ဆုအမျိုးအစားပေါင်းများစွာကိုရရှိခဲ့သည့် အန်နီမေးရှင်း ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးလျက်ရှိသည့် ဂျိမ်းစ်ဖရန်ကို

ဟောလိဝုဒ်မင်းသား ဂျိမ်းစ်ဖရန်ကိုက ၎င်း၏သရုပ်ဆောင်နယ်ပယ်တွင် အောင်မြင်ခဲ့မှုများကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းသည့် အနေဖြင့် Studio 4 အမည်ရှိ သရုပ်ဆောင်သင်တန်းကျောင်းတစ်ခုကို အမေရိကန်နိုင်ငံလော့စ်အိန်ဂျလိစ်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းတွင် ရုပ်ရှင်လုပ်ငန်းပိုင်းဆိုင်ရာများကို ဆန်းသစ်သော အမြင်များဖြင့် တီထွင်ဖန်တီးမှု ပိုင်းဆိုင်ရာများကိုလည်း သင်ကြားပေးသွားမည်ဖြစ်ပြီး ယင်းသင်တန်းတွင် ဂျိမ်းစ်ဖရန်ကိုအပြင် အခြားဖိတ်ကြားထားသော ဝါရင့်ဆရာကြီးများလည်း ပါဝင်သင်ကြားပေးကြမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ ထုတ်လုပ်သူ၊ စာရေးဆရာနှင့် ကျောင်းဆရာတစ်ဦး ဖြစ်သည့် ဂျိမ်းစ်ဖရန်ကိုသည် နယူးယောက်တက္ကသိုလ်၊ ကယ်လီဖိုးနီးယားတက္ကသိုလ်နှင့် ကယ်လီဖိုးနီးယား(တောင်ပိုင်း) တက္ကသိုလ်တို့တွင်လည်း ရုပ်ရှင်အတတ်ပညာပိုင်းဆိုင်ရာများကို သင်ကြားပို့ချလျက်ရှိသည့် သင်တန်းဆရာတစ်ဦးလည်း ဖြစ်သည်။

ပြန်လည်ထူထောင်ရေးစခန်းသို့ ဆန္ဒအလျောက်သွားရောက်ခဲ့သည့် ဆီလီနာဂိုမက်ဇ်

အမေရိကန် တေးသံရှင် ဆီလီနာဂိုမက်ဇ်သည် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်က ပုဂ္ဂိုလ်ရေးကိစ္စအချို့ကြောင့် အရီဇိုးနားရှိ ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်ခဲ့ကြောင်း ပီးပဲလ်မဂ္ဂဇင်းက ဖေဖော်ဝါရီ ၅ ရက်က သတင်းဖော်ပြထားသည်။

အသက်(၂၁)နှစ်အရွယ် တေးသံရှင်ဆီလီနာဂိုမက်ဇ်သည် အဆိုပါ ပြန်လည်ထူထောင်ရေးစခန်းသို့ စိတ်ဆန္ဒအလျောက်သွားရောက်ခဲ့ခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးဆိုင်ရာကြောင့် မဟုတ်ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပီးပဲလ်မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ဂိုမက်ဇ်သည် လွန်ခဲ့သည့် ဒီဇင်ဘာလအတွင်းက ၎င်း၏ဩစတြေးလျဂီတဖျော်ဖြေပွဲ ဖျက်သိမ်းခဲ့ရပြီး ယင်းစခန်းသို့ သွားရောက်ခဲ့ခြင်းအတွက် ၎င်း၏မိသားစုများက ပူပန်ခြင်းများရှိခဲ့သော်လည်း တစ်ခါတစ်ရံ၌ တစ်ကိုယ်တည်းနေပြီးအကောင်းဆုံးလူသားအဖြစ် ပြန်လည်ရပ်တည်ရန်အတွက် ပြန်လည် ထူထောင်ရေးစခန်းသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မကြာမီကာလအတွင်း လူတိုင်းမိုဘိုင်းဖုန်းများကိုင်နိုင်တော့မည်

"မကြာမီဆက်သွယ်ရေးဝန်ဆောင်မှုပေးမည့် ကုမ္ပဏီလေးခုဟာ ပြိုင်ဆိုင်ဆောင်ရွက်လာနိုင်ကြမှာဖြစ်တဲ့အတွက် ယခုနှစ် စက်တင်ဘာလလောက်ကစပြီး အများပြည်သူများလိုလားတောင့်တတဲ့ မိုဘိုင်းဖုန်းများကို နှစ်သက်ရာကုမ္ပဏီမှာ ရွေးချယ်ဝယ်ယူနိုင်တော့မယ်"ဟု ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒသမနေ့တွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ပြောကြားခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြရာ၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး ဆက်သွယ်ရေးကဏ္ဍ၏လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ဇန်နဝါရီ ၃၀ ရက်တွင် နိုင်ငံတကာ ဆက်သွယ်ရေးကုမ္ပဏီ နှစ်ခုဖြစ်သည့် Telenor နှင့် Ooredoo ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သော ဆက်သွယ်ရေးဥပဒေနှင့်အညီ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းကိုလည်း ဒုတိယဝန်ကြီးက ဆက်လက်ရှင်းလင်းခဲ့သည်။

မကြာမီ မြန်မာကုမ္ပဏီဖြစ်သည့် ရတနာပုံတယ်လီပို့စ်ကိုလည်း လိုင်စင်များချထားပေးတော့မည်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း လစဉ်အနည်းဆုံး Sim Card သုံးသိန်းခွဲကို စဉ်ဆက်မပြတ်ရောင်းချပေးသွားမည်ဖြစ်သည်။ အရည်အသွေးပိုမိုကောင်းမွန်ရန်နှင့် ပိုမိုတိုးမြှင့်ချထားပေးနိုင်ရန်အတွက် နိုင်ငံတကာ ကုမ္ပဏီများနှင့်ပူးတွဲဆောင်ရွက်ရန် ညှိနှိုင်းမှုများပြုလုပ်လျက်ရှိသည်။ လိုင်စင်သတ်မှတ်ချက်များအရ Telenor နှင့် Ooredoo မှာ ငါးနှစ်အတွင်း မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်၊ တစ်ပြည်လုံးနေရာဒေသအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ကို လွှမ်းခြုံနိုင်ကြမည်ဖြစ်ပြီး အလုပ်သမား ၉၉ ရာခိုင်နှုန်းကို နိုင်ငံသားများအား အလုပ်ခန့်ထားပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် လူဦးရေတစ်သန်းအထက် မြို့ကြီးအားလုံးတွင် မိုဘိုင်းဖုန်းရရှိရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သည့် ပထမတစ်နှစ်အတွင်း လူဦးရေတစ်သိန်းနှင့် အထက်မြို့ကြီးအားလုံးလွှမ်းခြုံနိုင်မည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ချိန် နှစ်နှစ်အတွင်း မြို့အားလုံးလွှမ်းခြုံရမည်ဖြစ်ကြောင်း သိရသည်။

ဤသို့ဆိုလျှင် နည်းပညာဆာလောင်မှုနောက် တကောက်ကောက်လိုက်နေသော မျိုးဆက်သစ်များအနေဖြင့် များမကြာမီကာလအတွင်း ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် တိုးတက်ပြောင်းလဲလာသည့် အိုင်တီပညာများကို မိုဘိုင်းဖုန်းများမှတစ်ဆင့် စဉ်ဆက်မပြတ်လေ့လာနိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျော်သူထက်

မျိုးစန္ဒာမောင်
စုစည်းရေးသားသည်

ရီးယဲလ်မက်ဒရစ်အသင်း စပိန်ဘုရင့်ဖလားအကြိုဗိုလ်လုပွဲတွင် အက်သလက်တီကိုအား သုံးဂိုးပြတ်နိုင်

ငွေကြယ်

စပိန်ဘုရင့်ဖလား အကြိုဗိုလ်လုပွဲစဉ်၏ မက်ဒရစ်မြို့ခံနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ပထမအကျော့ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။

အိမ်ရှင် ရီးယဲလ်မက်ဒရစ်အသင်းတွင် ဂါရတ်ဘေးလ် မပါဝင်နိုင်ခဲ့သော်လည်း စီရိုနယ်လ်ဒို၊ ကိုအန်ထရာအို၊ ဒီမာရီယာ၊ ဘင်ဇီမာ၊ ရိုဒရီဂတ်တို့ကို အဓိကထားပွဲထွက်လာပြီး အက်သလက်တီကို မက်ဒရစ်ကစားသမားနှစ်ဦးဖြစ်သည့် အင်ဆူရာနှင့် မီရန်ဒါတို့၏အမှားများကြောင့် နှစ်ဂိုးရရှိကာ ရိုဒရီဂတ်က တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် အိမ်ကွင်းတွင် ရီးယဲလ်မက်ဒရစ်က သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အခြား စပိန်ဘုရင့်ဖလားအကြိုဗိုလ်လုပွဲစဉ်ဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ဆိုစီဒက်တို့ပွဲစဉ်တွင် ဘာစီလိုနာအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဂိုးသမားဒေးဗစ်မာရှယ် ကာဒစ်ဖ်စီးတီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆို

ကာဒစ်ဖ်စီးတီးဂိုးသမားဒေးဗစ်မာရှယ်သည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီကုန်အထိ ကာဒစ်ဖ်အသင်း၌ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်သည်။

ဂိုးသမားမာရှယ်သည် ကာဒစ်ဖ်အသင်းနှင့်အတူ ဘောလုံးရာသီငါးရာသီကစားခဲ့ပြီး လက်ရှိတွင် ပရီမီယာလိဂ်၏ စွမ်းဆောင်ရည်ကောင်းသော ဂိုးသမားတစ်ဦးအဖြစ် လက်စွမ်းပြကစားလျက်ရှိသည်။ ထို့အပြင် စကော့တလန်နိုင်ငံအတွက်လည်း ၁၀ ပွဲအထိနိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အော့တမန်ဒီအား ယူရို ၁၂ သန်းဖြင့် ဗလန်စီယာ စာချုပ်မည်

စပိန်လာလီဂါကလပ် ဗလန်စီယာအသင်းသည် အသက် (၂၅)နှစ်အရွယ်ရှိ ပေါ်တိုနောက်ခံကစားသမား နီကိုလက်အော့တမန်ဒီအား အလွှတ်ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခေါ်ယူတော့မည်ဖြစ်ကြောင်း လူသိရှင်ကြားကြေညာလိုက်သည်။

နောက်တန်းကစားသမား အော့တမန်တီသည်ဇူလိုင်လအတွင်း ဗလန်စီယာအသင်းသို့ ပြောင်းရွှေ့ကစားရန်ရှိနေပြီး မန်ယူ၊ မန်စီးတီးနှင့် မိုနာကိုအသင်းအပါအဝင် ဥရောပတစ်လွှားရှိ အသင်းအများအပြားကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ပေါ်တိုကဲ့သို့သော အသင်းမျိုးတွင်ကစားပြီးနောက် ကစားသမားဘဝကို နောက်တစ်ဆင့်မြင့်စေခြင်းငှာ ဗလန်စီယာအသင်းသို့ ပြောင်းရွှေ့ကစားရန် ရည်ရွယ်ထားကြောင်းနှင့် ဗလန်စီယာအသင်းသည် ဥရောပနှင့် စပိန်ဘောလုံးလောကတွင် အကောင်းဆုံးအသင်းတစ်သင်းဖြစ်၍ ဗလန်စီယာအသင်းတွင်ကစားရမည်ကိုပျော်ရွှင်မိကြောင်း နောက်တန်းကစားသမား နီကိုလက်အော့တမန်ဒီက ပြောကြားခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်ရဲ့ ပွဲစဉ် (၂၅) ကိုဖေဖော်ဝါရီ ၈၊ ၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိပြီး ဒီပွဲစဉ်မှာ လီဗာပူးနဲ့ အာဆင်နယ်ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ ကောင်းပါတယ်။

ပ ရီ မီ ယာ လိဂ် ရင် ခုန် သံ - ၂၅

လီဗာပူး - အာဆင်နယ် ည ၇း၁၅ (၈-၂-၁၄)

ဒဏ်ရာရကစားသမားတွေများနေတဲ့ အာဆင်နယ်ဟာ ခြေလည်းပန်းသလိုဖြစ်နေတယ်။ လီဗာပူးက အိမ်ကွင်းနဲ့ တိုက်စစ်အား ကောင်းမွန်တဲ့ အသင်းပါ။ ဒါကြောင့် ဒီပွဲမှာတော့ အာဆင်နယ်တို့ သရေအမြင့်ဆုံးရမယ်။

ဆောက်သမ်တန် - စတုတ် ည ၉း၃၀ (၈-၂-၁၄)

ရလဒ်ပိုင်းပြန်လည်တည်ငြိမ်လာပြီး လေးပွဲဆက်မရှုံးတဲ့ ဆောက်သမ်တန်ကို စတုတ်ယှဉ်ဖို့ခက်မယ်။ မန်ယူကို နိုင်ခဲ့ပေမယ့် စတုတ်ရဲ့ အဝေးကွင်းခြေက အားနည်းတတ်တာကြောင့် ဆောက်သမ်တန်နဲ့ပဲ ရပ်တည်ရမယ်။

ဗီလာ - ဝက်စ်ဟမ်း ည ၉း၃၀ (၈-၂-၁၄)

နှစ်ပွဲဆက်မရှုံးတဲ့ ဝက်စ်ဟမ်းခြေမဆိုးဘူး။ ဗီလာက ခြေမငြိမ်ပေမယ့် အိမ်ကွင်းအားသာချက်ရှိတယ်။ ဒါကြောင့် ဝက်စ်ဟမ်းတို့ ဒီပွဲမှာ အသာရဖို့ ခက်ခဲလာနိုင်ပါတယ်။ ဗီလာတို့ အနိမ့်ဆုံးသရေရဖို့ရှိတယ်။

ဆန်းဒါးလန်း - ဟားလ် ည ၉း၃၀ (၈-၂-၁၄)

ကာဆယ်ကို အနိုင်ရခဲ့တဲ့ ဆန်းဒါးလန်းခြေကောင်းမွန်ပါတယ်။ အိမ်ကွင်းလည်းဖြစ်သလို တိုက်စစ်ပိုင်းလည်း အားကောင်းနေတယ်။ ဟားလ်က ငါးပွဲဆက်မနိုင်ခဲ့တဲ့ အသင်းပါ။ အိမ်ရှင်ဆန်းဒါးလန်းနဲ့ပဲ ရပ်တည်ရမယ်။

ချယ်လ်ဆီး - ကာဆယ် ည ၉း၃၀ (၈-၂-၁၄)

အိမ်ကွင်းမှာ နိုင်ပွဲရအောင် ချယ်လ်ဆီးအားစိုက်လာမှာပါ။ ကာဆယ်က နိုင်ပွဲပြန်ရှာလာမှာဖြစ်ပေမယ့် ခြေသာမန်သာရှိပါတယ်။ အထူးသဖြင့် အဝေးကွင်းအားပျော့တတ်တာကြောင့် ချယ်လ်ဆီးနဲ့ပဲ ရပ်တည်ရဖို့ရှိတယ်။

ဆွမ်ဆီး - ကာဒစ်ဖ် နံနက် ၀၀း၀၀ (၉-၂-၁၄)

ကာဒစ်ဖ်တို့ နိုင်ပွဲဆက်ဖို့ အားစိုက်လာမှာပါ။ ဆွမ်ဆီးကအမှတ်လိုနေတာကြောင့် အိမ်ကွင်းမှာ အားစိုက်လာဖို့ရှိတယ်။ အထူးသဖြင့် ရလဒ်ဆိုးရွားမှုကို ချေဖျက်ဖို့ အားစိုက်လာမှာဖြစ်တာကြောင့် ဆွမ်ဆီးနဲ့ပဲ အရဲစွန့်ချင်တယ်။

ပဲလေ့စ် - ဝက်စ်ဘရွန်း ည ၉း၃၀ (၈-၂-၁၄)

ပဲလေ့စ်ခြေမဆိုးပါဘူး။ အထူးသဖြင့် အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်တယ်။ ဝက်စ်ဘရွန်းက တန်းမဆင်းရဖို့ ရုန်းကန်လာမှာ ဖြစ်ပေမယ့် အဝေးကွင်းခြေအားနည်းမှုများတယ်။ ဒါကြောင့် ပဲလေ့စ်နဲ့ပဲ အရဲစွန့်ချင်တယ်။

စပါး - အဲဗာတန် ည ၈း၀၀ (၉-၂-၁၄)

အဲဗာတန်ခြေ မဆိုးပါဘူး။ ဒါပေမယ့် စပါးကလည်း အခုနောက်ပိုင်းကစားပုံမဆိုးသလို အိမ်ကွင်းအားရှိတယ်။ ဒါကြောင့် အဲဗာတန်တို့ အခက်တွေ့နိုင်ပြီး ဒီပွဲမှာ အမြင့်ဆုံးသရေလောက်ပဲ ကစားသွားနိုင်ဖို့ရှိတယ်။

နော့ဝှစ်ချ် - မန်စီးတီး ည ၉း၃၀ (၈-၂-၁၄)

မန်စီးတီးကို ထိန်းချုပ်နိုင်တဲ့ ကစားအားမျိုး နော့ဝှစ်ချ်မှာမရှိပါဘူး။ လက်ရှိအချိန်မှာလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့တဲ့ နော့ဝှစ်ချ်အနေနဲ့ သရေရဖို့တောင် မလွယ်ပါဘူး။ မန်စီးတီးနဲ့ပဲ ရပ်တည်ရမယ်။

မန်ယူ - ဖူလ်ဟမ် ည ၁၀း၃၀ (၉-၂-၁၄)

စတုတ်ကို ရှုံးနိမ့်ခဲ့မှုကြောင့် နိုင်ပွဲရဖို့ မန်ယူပြန်လည်အားစိုက်လာမှာပါ။ ဖူလ်ဟမ်က ခံစစ်အားပျော့မှုနဲ့အတူ လေးပွဲဆက်ရှုံးပြီး အမှတ်ပေးဇယားအောက်ဆုံးရောက်နေတယ်။ မန်ယူနဲ့ ပြန်လည်ရပ်တည်ရမယ့် ပွဲပါ။

ရှိုင်းမင်းမင်း

မွေးနေ့ဆုတောင်း

၇-၂-၂၀၁၄မှာ ကျရောက်တဲ့ ဖေကြီးရဲ့ မွေးနေ့မှ နှစ်ပေါင်း (၁၂၀)တိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပါစေ။

ချမ်းမြေ့အောင်
မိသားစု





ချင်းပြည်နယ်နှင့် ကလေးဒေသအတွင်း တံတားရှစ်စင်းဆောက်လုပ်မည်

ကလေး ဖေဖော်ဝါရီ ၆

ယခင်နှစ် မိုးရာသီကာလအတွင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ချောင်းကူးတံတားများကို နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေမှ လှူဒါန်းချပေးသည့် ဘတ်ဂျက်ငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ တံတားရှစ်စင်း ပြန်လည်ပြင်ဆင်ဆောက်လုပ်ရန် လုပ်ငန်းစတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါတံတားများတွင် ချင်းပြည်နယ်၌ တံတားတစ်စင်း၊ ကလေးမြို့နယ်အတွင်း သံကူကွန်ကရစ်တံတားအပါအဝင် တံတားခုနစ်စင်း စုစုပေါင်း ရှစ်စင်းပါဝင်မည်ဖြစ်ပြီး ချင်းပြည်နယ်နှင့် ကလေးဒေသသည် ယခုနွေရာသီတွင် သွားလာရေး ခက်ခဲမည်မဟုတ်သည့်အတွက် တံတားဆောက်လုပ်လျှင် ခြောက်သွေ့ရာသီတွင် အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း ကလေးမြို့နယ်အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်အတွင်း နတ်တံခါးချောင်းကူးတံတားအတွက် ငွေကျပ် သန်း ၆၂ ဒသမ ၅၀ ၊ ကလေးမြို့နယ်အတွင်း ချောင်းကူးတံတား ခုနစ်စင်းအတွက် ငွေကျပ် သန်း ၄၉၈ ဒသမ ၆၂၀ လျာထားကြောင်းသိရသည်။

ချင်းပြည်နယ်အထက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးဒေသသည် မိုးရာသီတွင် ရာသီဥတုဖောက်ပြန်လေ့ရှိရာ တောင်ကျချောင်းရေ၊ မြောင်းရေတိုက်စားခြင်း၊ တံတားကျိုးခြင်း၊ ရေကြီးရေလျှံခြင်းများဖြစ်ပေါ်တတ်ပြီး ခရီးသွားလာရေးခက်ခဲသည့်အပြင် လူအသေအပျောက်များဖြစ်ပွားလေ့ရှိကြောင်းသိရသည်။

ချင်းတွင်းသား (Iprd)

သောက်သုံးရေအလုံအလောက်ရရှိ ကျေးရွာနေပြည်သူများ ဝမ်းသာ

ပဲခူး ဖေဖော်ဝါရီ ၆

ပဲခူးမြို့နယ် တောင်သူစုကျေးရွာတွင် တုံကင်းအဝီစိတွင်း လေးတွင်း၊ (၄ပေ × ၈ ပေ) ရေလှောင်ကန် လေးကန်ကို ဇန်နဝါရီလမှစ၍တူးဖော်ခဲ့ရာ ယခုအခါ လုပ်ငန်းပြီးစီးသွားပြီဖြစ်သည်။ သောက်ရေသုံးရေ၊ စိုက်ပျိုးရေအလုံအလောက်သုံးစွဲခွင့်ရသောကြောင့် ကျေးရွာနေပြည်သူတို့က ရေအလှူရှင်အဖွဲ့အား ဝမ်းမြောက်ဝမ်းသာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တုံကင်းအဝီစိတွင်းလေးတွင်း၊ (၄ပေ × ၈ပေ) ရေလှောင်ကန်လေးကန်ကို တောင်သူစုကျေးရွာ ပရဟိတလူမှုကူညီရေးအဖွဲ့မှ ဆောက်လုပ်လှူဒါန်းကုသိုလ်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီရွာမှာ ရေရှားတယ်၊ သောက်ရေ သုံးရေ၊ စိုက်ပျိုးရေအခက်အခဲရှိတယ်၊ ဒါ့အပြင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေက အဓိကပဲမဟုတ်လား၊ အခုဆိုရင် ရေရလို့တစ်ရွာလုံးပျော်နေကြတာတွေ့ရလို့ ဘုန်းကြီးအနေနဲ့ပိုပြီး ကုသိုလ်ရတာပေ့ါ၊ မဟုတ်ဘူးလား ဒကာကြီး"ဟု ရေအလှူရှင်တောင်သူစုကျေးရွာ ပရဟိတဘုန်းတော်ကြီးကျောင်း ပဓာနနာယက နယ်လှည့်တရားပြဆရာတော် ဘဒ္ဒန္တဥူးကိတ္တိက မိန့်ကြားသည်။

(မင်းစစ်သူ)

အချိန်တိုအတွင်း မြန်မာတိုးတက်လာနိုင်ဟုဆို

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များလည်းရှိသလို မြန်မာလူငယ်များ၏ ရိုးသားပြီး ကြိုးစားလုပ်ကိုင်နိုင်သော အားများရှိနေခြင်းကြောင့် အနာဂတ်၌ အချိန်တိုအတွင်း တိုးတက်လာရန်အခြေအနေရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးစီးပွားရေးဌာနမှူးဖြစ်သူ Mr. Hideaki MATSUO က ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် service စင်တာများဖြစ်သော ကွန်ပျူတာလုပ်ငန်းများ၌ programming ရေးသားခြင်းများထွန်းကားလာပြီး ပြည်ပမှဝင်ရောက်လာခြင်းများရှိကြောင်း၊ ထိုအခြေအနေမျိုးသည် မည်သည့်တိုင်းပြည်မှ မရှိဖူးသေးသည့် ထူးခြားသောကွန်ပျူတာနယ်ပယ်မျိုးဝင်ရောက်လာသည်ကို တွေ့ရကြောင်း ၎င်း၏ပြောပြချက်အရ သိရသည်။

(၆၈၀)

ခေ့စပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ (ဦးမောင်မောင်မြင့်)-ဒေါ်မြင့်ရင်

တို့၏သား

Dr. အောင်ပွင့် (M.B.,B.S, Ygn)

Golden Sound Mobiles

နှင့်

ရန်ကုန်မြို့နေ ဦးမျိုးခိုင်-ဒေါ်နှင်းရီ

တို့၏သမီး

Dr. မို့မို့စိန် (M.B.,B.S, Ygn)

Medical Product Specialist(Servier Co.,Ltd)

တို့သည် ၄-၂-၂၀၁၄ရက်တွင် နှစ်ဖက်သော မိဘနှင့် ဆွေမျိုးများရှေ့မှောက်၌ ခေ့စပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်

Dr. အောင်ပွင့် - **Dr.** မို့မို့စိန်

မြန်မာ A.G.T.I အသင်းနှင့် ဂျပန်နိုင်ငံ Sumitomo Corporation, Kinden Corporation တို့ ပူးပေါင်းဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ သင်တန်းကျောင်းအုပ်ရာထူးအတွက် ဖော်ပြပါအချက်အလက်များနှင့် ကိုက်ညီသောပုဂ္ဂိုလ်များ လျှောက်ထားနိုင်ပါသည်။

၁။ အသက် -(၄၀)နှစ်နှင့် (၅၅)နှစ်ကြား အမျိုးသား

၂။ ပညာအရည်အချင်း -A.G.T.I(သို့မဟုတ်)B.E

၃။ လုပ်ငန်းအတွေ့အကြုံ -အနည်းဆုံး(၁၀)နှစ်နှင့်အထက် စီမံခန့်ခွဲမှုအတွေ့အကြုံရှိရမည်။

၄။ အခြားအရည်အချင်း-

(က) ဘာသာစကား(အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောကျွမ်းကျင်မှုရှိရမည်။)

(ခ) ကွန်ပျူတာ-အင်တာနက်၊ အီးမေး၊ MS office-ကျွမ်းကျင်ရမည်။

မှတ်ချက်။ ။ CVများကို ဓာတ်ပုံ(၂)ပုံပူးတွဲ၍ ဖော်ပြပါလိပ်စာသို့ ၁၀-၂-၂၀၁၄ရက်၊ ညနေ(၄)နာရီ နောက်ဆုံးထား ပေးပို့ရပါမည်။ ရွေးချယ်ခံရသူအား (၂)ပတ်အတွင်း ဂျပန်နိုင်ငံသို့ စေလွှတ်မည်ဖြစ်၍ သက်တမ်းရှိ Passport ကိုင်ဆောင်ထားသူများ ပိုမိုသင့်လျော်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-**A.G.T.I**အသင်းရုံး

ဦးခင်ဇေ(ရုံးအဖွဲ့မှူး)

အမှတ်-၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၁၉၈၆၃

စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးစိုးလွင်[စာရင်းကိုင်-၁(ငြိမ်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]-ပါမောက္ခ ဒေါက်တာဒေါ်မြသူ

[ပါမောက္ခချုပ်(ငြိမ်း)သူနာပြုတက္ကသိုလ်၊ ရန်ကုန်]

တို့၏သားကြီး

မောင်ပြည်စိုးသူ

Dip. in Chem.Engg.(Nee Ang Polytechnic);B.Sc. Biomed.Engg.(SIM University)

Process Technician, Celanese Singapore Pte.Ltd.

နှင့်

ရန်ကုန်မြို့နေ ပါမောက္ခဒေါက်တာ ဦးတိုးလွင်[ပါမောက္ခ/ဌာနမှူး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန၊

အထွေထွေရောဂါကုဆေးရုံသစ်ကြီး]-ဒေါက်တာ ဒေါ်မြင့်မြင့်ရည်တို့၏

တစ်ဦးတည်းသောသမီး

ဒေါက်တာသော်တာထက်

M.B.,B.S(Mdy)

Medical Registrar, Basic Physician Trainee, Peninsula Health, Melbourne, Australia.

တို့၏ ၁၈-၁-၂၀၁၄ရက်၌ Sedona Hotel(Mindon Hall)တွင် ကျင်းပသည့် စုလျားရစ်ပတ် လက်ထပ်မင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားပေးသည့် ဦးကြီး၊ ဒေါ်ကြီးများဖြစ်ကြပါသော ပါမောက္ခဒေါက်တာ ဦးရဲသွေးနှင့် ပါမောက္ခ ဒေါက်တာ ဒေါ်အေးအေးမြင့်၊ ၂၆-၁-၂၀၁၄ရက်၌ Traders Hotel (Myanmar Ballroom)တွင် ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆရာ/ဆရာမများနှင့် နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟများ၊ မင်္ဂလာဘိသိက်နှင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မဖြူစင်စိုးသူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မဇင်မေဇော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မကေခိုင်ခိုင်ထွန်း၊ သတို့သားအရံ မောင်ကျော်မြတ်ညွှန့်၊ မောင်ကောင်းဆက်၊ သတို့သမီးအရံ Dr အေးဝတ်ရည်စိုး၊ မသော်သော်ထွန်း၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ် ဒီဇင်ဘာနှင်း၊ ပန်းအလှပြင်နှင့် ဘိသိက်အခမ်းအနားများ ဆောင်ရွက်ပေးပါသော ဒေါ်ဝင်းစန္ဒာကြီး၊ ပန်းအလှပြင် လင်းလင်း၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်၊ မှတ်တမ်းတင်ဓာတ်ပုံ ဗီဒီယိုရိုက်ကူးပေးပါသော Cute Cupid အဖွဲ့သားများ၊ မင်္ဂလာအခမ်းအနားများသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေများ၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Sedona Hotel နှင့် Traders Hotel မန်နေဂျာများနှင့် ဝန်ထမ်းများ၊ ၂၀-၁-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်သော မော်ကွန်းတင်မင်္ဂလာလက်မှတ်ရေးထိုးပွဲအား ကြီးကြပ်စီစဉ်ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်လေးဒေါ်စိုးစိုးအောင်၊ ၂၁-၁-၂၀၁၄ ရက်တွင် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မိတ်ကပ်၊ ဆံပင်အလှပြင်ပေးပါသော မိတ်ကပ် စွာစွာ၊ ၂၃-၁-၂၀၁၄ရက် မော်ဘီမြို့၊ ဘုရားမေတ္တာ ကလေးသူငယ်ပြုစုစောင့်ရှောက်မြှင့်တင်ရေးဂေဟာတွင် လှူဒါန်းခြင်းအတွက် ကူညီဆောင်ရွက်ပေးပါသော တာဝန်ရှိသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်

မောင်ပြည်စိုးသူ-ဒေါက်တာသော်တာထက်

တနင်္သာရီမြို့တွင် ရေထိန်းတမံတည်ဆောက်မည်

မြိတ်၊ ဖေဖော်ဝါရီ ၆

မြိတ်ခရိုင်၊ တနင်္သာရီမြို့တွင် နှစ်စဉ်ရေကြီးမှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်များ ပျက်စီးမှုမှ ကာကွယ်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ စာသင်ကြားမှု အဆက်မပြတ်စေရေးတို့အတွက် ရေထိန်းတမံများ တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လတ်တလောတွင် အဆိုပါ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ရေထိန်းတမံများ တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက် ညနေ၃ နာရီက တနင်္သာရီမြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကို တနင်္သာရီတိုင်းဒေသကြီး မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက ရေကာတာ တည်ဆောက်မည့် အစီအစဉ်နှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများအနေဖြင့် ပွင့်လင်းစွာ ဆွေးနွေးတင်ပြရန် အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်ရွှေက မြို့ရေထိန်းတမံ တည်ဆောက်ရေးနှင့် ရေထိန်းတခါးများထားရှိမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မြို့ရေထိန်းတမံတည်ဆောက်ရေးနှင့် ရေထိန်းတံခါးများတည်ဆောက်မည့်လုပ်ငန်းခွင်နေရာအား တွေ့ရစဉ်။ ဓာတ်ပုံ- ဇော်မျိုးနိုင် (ခရိုင်ပြန်/ဆက်)

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြို့မိမြို့ဖများမှ တမံ ခြောက်ခုနှင့် ရေထိန်းတံခါး နှစ်ခုတည်ဆောက်မည့် နေရာများနှင့် လုပ်ငန်း ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လုပ်ငန်းအမြန်စတင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်(ခရိုင်ပြန်/ဆက်)**

မထသသို့ ဇန်နဝါရီလတွင် ယာဉ်စီးခပိုမိုကောက်ခံမှု တိုင်ကြားစာ စံချိန်တင်များပြားခဲ့

ရန်ကုန်၊ ဖေဖော်ဝါရီ ၆

ဇန်နဝါရီလတွင် မော်တော်ယာဉ်များသို့ ဖြန့်ဖြူးပေးနေသည့် ဂတ်စ်ပိုက်လိုင်းအခက်အခဲများ ဖြစ်ပေါ်ခဲ့မှုကြောင့် ယာဉ်စီးခပိုမိုတောင်းခံခြင်းများ မထသ(ဗဟို)သို့ တိုင်ကြားလာသည့် စာများမှာ စံချိန်တင်အဖြစ် ရောက်ရှိခဲ့ကြောင်း ဇန်နဝါရီလ ၅ ရက်နေ့ မထသ(ဗဟို) အစည်းအဝေးတွင် ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲ၌ ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ တိုင်ကြားလာတဲ့ စာတွေအားလုံးကို သက်ဆိုင်ရာ ယာဉ်လိုင်းတွေရဲ့ ဂိတ်မှူးတွေဆီကို အကြောင်းကြားထားပြီးပြီ။ တိုင်ကြားလာတဲ့ ကာယကံရှင်တွေကို ဖုန်းနံပါတ်အတိုင်း ပြန်ပြီး အကြောင်းကြားပြီးပြီ၊ ကျွန်တော်တို့က ယာဉ်စီးခပိုမတောင်းအောင်လို့ တတ်နိုင်သမျှ ထိန်းချုပ်နေရတယ်" ဟု ၎င်းက ပြောသည်။

ယခင်လများတွင် မထသ (ဗဟို) သို့ တိုင်ကြားစာများမှာ တစ်လလျှင် အစောင်ရေ ၂၀၊ ၃၀ သာရှိပြီး ယခုနှစ် ဇန်နဝါရီတစ်လတည်းတွင် တိုင်ကြားစာ ၈၄ စောင်အထိ ရှိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မထသ(ဗဟို) မှ ယာဉ်လုပ်သား ၈၄၉ ယောက် ခန့်အပ်ခဲ့ပြီး သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိသော ယာဉ်လုပ်သား ၃၀၉ ဦးကို မထသ ယာဉ်လိုင်းများတွင် မမောင်းရန် ပိတ်သိမ်းခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

မထသ(ဗဟို) အနေဖြင့် ပုဂ္ဂလိကပိုင် နံပါတ်အနက်များဖြင့် ခရီးသည်တင်ပြေးဆွဲနေသည့် (ကြားကား) များကို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် စီစဉ်လျက်ရှိနေကြောင်းသိရသည်။

ယာဉ်စီးခပိုမိုတောင်းခံခြင်းများ မပြုလုပ်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် ဧပြီ လမှစ၍ ခရီးသည်တင်မော်တော်ယာဉ် ၃၃၅ စီးတွင် iPay စက်များ တပ်ဆင်ထားခဲ့သော်လည်း လက်ရှိအချိန်တွင် ၂၈၂ စီးခန့်သာ စက်တပ်ဆင်ထားမှုရှိတော့သည်ကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ထပ်မံပြောကြားသည်။

တင်မောင်ဦး

သတင်းတို

ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သိန်း ၁၀၀၀ ထုတ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွှတ်တော်ရုံးဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီမှ ချမှတ်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်ရန် ပခုက္ကူမြို့နယ်အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ခွင့်ပြုခဲ့ရာ ၎င်းငွေများကို ဖေဖော်ဝါရီ ၄ ရက်က ပခုက္ကူမြို့၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ရုံး လွှတ်တော်ကိုယ်စားလှယ်များရုံး၌ ရေရရှိရေးလုပ်ငန်း ခုနစ်ခုနှင့် အခြားကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ စုစုပေါင်းလုပ်ငန်း ၄၄ ခု အတွက် ရန်ပုံငွေများကို ပေးအပ်ခဲ့သည်။ **အောင်(မန်းတက္ကသိုလ်)**

မွန်ပြည်နယ်အတွင်းရှိ သက်ပြည့်အငြိမ်းစားဝန်ထမ်းများအား တန်းဖိုးနည်းဖုန်းများချထားပေး

မွန်၊ ဖေဖော်ဝါရီ ၆

မွန်ပြည်နယ်အတွင်းရှိ သက်ပြည့်အငြိမ်းစားဝန်ထမ်းများအား ကျပ် ၁၅၀၀ တန် GSM, WCDMA တယ်လီဖုန်းများအား စတင်ချထားပေးလျက်ရှိရာ ပြီးခဲ့သော ဇန်နဝါရီလ ၃ ရက်တွင် ရရှိမည့်ခွဲတမ်း ၂၀၀၀ ကိုချ ထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်းရှိ သက်ပြည့်အငြိမ်းစားဝန်ထမ်းများအား တယ်လီဖုန်းခွဲတမ်းများအား မဲနှိုက်ရွေးချယ်ခဲ့ပြီး မဲပေါက်သော အငြိမ်းစားဝန်ထမ်းများ စာရင်းအား မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ်(၁)နှင့်(၂) တို့တွင် ကြေညာပေးထားကြောင်း၊ မြန်မာ့မီးရထား၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေးနှင့်စာတိုက်၊ စစ်မှုထမ်းဟောင်းများအဖွဲ့တို့တွင်လည်း ၎င်းတို့ဌာနများမှ အငြိမ်းစားဝန်ထမ်းများအား သီးခြားမဲနှိုက်ပြီး ခွဲဝေပေးလျက် ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။

အငြိမ်းစားဝန်ထမ်းများအတွက် တယ်လီဖုန်းခွဲတမ်းများ ခွဲဝေချထားပေးခဲ့မှုနှင့် ပတ်သက်၍ ချောင်းဆုံမြို့နယ်မှ အငြိမ်းစားဝန်ထမ်းတစ်ဦးက "မမျှော်လင့်ဘဲနဲ့ရတာပါ၊ အခုပင်စင်လစာလာထုတ်မှပဲ သိရတာ၊ ဝမ်းသာတာပေါ့။ ဘယ်တုန်းကမှ ပင်စင်စားတွေကို ပေးမယ်လို့ မမျှော်လင့်ထားဘူးလေ။ အခုလို ပင်စင်စားတွေကို နေရာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အငြိမ်းစားဝန်ထမ်းများအတွက် ဆင်းကတ် ၂၀၀၀ သာရရှိခဲ့သဖြင့် မဲနှိုက်ခွဲဝေခဲ့ကြောင်း၊ ကျန်ရှိသော အငြိမ်းစားဝန်ထမ်းများကလည်း မျှော်လင့်လျက်ရှိကြောင်း၊ အားလုံးကို အမြန်းဆုံးရရှိစေလိုကြောင်း ၎င်းက ပြောသည်။ **လပြည့်(မောရမြေ)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လေလံကြော်ငြာ

အမည်ပြောင်း

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အီတင်ဖွင့်တင်ဒါခေါ်ယူခြင်း) (၃/၂၀၁၄)

စဉ်	[illegible]	[illegible]	[illegible]	[illegible]
(၁)	[illegible]	[illegible]	[illegible]	[illegible]
(၂)	[illegible]	[illegible]	[illegible]	[illegible]
(၃)	[illegible]	Cummins Engine with Gear Box	[illegible]	[illegible]
(၄)	[illegible]	[illegible]	[illegible]	[illegible]
(၅)	[illegible]	[illegible]	[illegible]	[illegible]
(၆)	[illegible]	[illegible]	[illegible]	[illegible]
(၇)	[illegible]	[illegible]	[illegible]	[illegible]
(၈)	[illegible]	[illegible]	[illegible]	[illegible]

ဆောင်းပါး

လိုင်စင်မဲ့ယာဉ်များအရေး တွေးဆဖွယ်

cifrmifX;(ynma&;)

မိမိတို့နိုင်ငံတွင် ကားတင်သွင်းရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲပြီးသည့်နောက်တွင် ခေတ်မီမီ၊ ကားအမျိုးအစား ကောင်းကောင်းနှင့် ကားဝယ်စီးလာနိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ် ပေါ်ထွန်းလာသည်မှာ ငြင်းဖွယ်ရာမရှိပေ။

တစ်ဖက်တွင်လည်း မော်တော်ဆိုင်ကယ်အပါအဝင် အကောက်ခွန်မဲ့ဝင်ရောက်နေသည့် ယာဉ်မျိုးစုံမှာလည်း ဒလဟောလို့ပင် ဆိုရပေလိမ့်မည်။ အထူးသဖြင့် နယ်စပ်ဝင်ပေါက်ထွက်ပေါက်နှင့် နီးစပ်သည့် ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် မြို့နယ်များတွင် လိုင်စင်မဲ့ယာဉ် အများအပြားတွေ့နိုင်ခြင်းပင် ဖြစ်သည်။

မကြာသေးမီကပင် ကလေးဘက်တွင် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးခြင်း၊ ဒဏ်ကြေးငွေဆောင်စေခြင်း၊ လူများကို လိုက်လံဖမ်းဆီးခြင်း စသည်ဖြင့် အပြစ်ပေးအရေးယူမှုများ ရှိခဲ့သည်။ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒဏ်ရိုက်အရေးယူခြင်းကို မဆိုသာသော်လည်း လူကိုဖမ်းဆီးအရေးယူခြင်းမျိုး ပြုလုပ်ခြင်းကိုမူ ကန့်ကွက်ခဲ့ကြသည်။

နိုင်ငံတော်အတွင်း၌ တစ်စတစ်စများပြားလာသော လိုင်စင်မဲ့ဆိုင်ကယ်များနှင့်ပတ်သက်၍လည်း မကြာခင် လိုင်စင်များ ထပ်မံချပေးမည်ဖြစ်ကြောင်းသိရ၏။ မိမိတို့နိုင်ငံအနေဖြင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းပြီး ယာဉ်မျိုးစုံကိုလည်း လေလံတင်ရောင်းချခဲ့ပြီးဖြစ်သည်။ သို့သော် လိုင်စင်မဲ့ကားများ ကုန်သည်ဟူ၍ မရှိပါ။ တိုး၍များလာသည်ဟု မဆိုနိုင်သော်လည်း ပုံမှန်အတိုင်း ဝင်ရောက်နေမြဲဖြစ်သည်ကိုမူ မကြာခဏ ဖမ်းဆီးရမိသည့် သတင်းများက သက်သေခံနေခြင်းပင် ဖြစ်သည်။

ပထမတစ်ချက်အနေဖြင့် လိုင်စင်မဲ့ယာဉ်များကို တရားဝင်လိုင်စင်ချထားပေးရန် ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် ဝင်ငွေရသည်။ စီးနင်းသူများအတွက် တရားဝင် စီးနင်းနိုင်သည့်အခွင့်အရေး ရရှိသွားသည်။

ဒုတိယအချက်မှာ တရားမဝင် ဝင်ရောက်ရာ လမ်းကြောင်းတစ်လျှောက် မပိတ်ဆို့နိုင်ခြင်းကြောင့် ဆက်လက်ဝင်ရောက်နေမည်ဖြစ်၍ တရားဝင်တင်သွင်း ရောင်းချခွင့် ရသူများအတွက် နစ်နာနိုင်သည်။ လိုင်စင်မဲ့ယာဉ်များ အဆမတန်များပြားလာသောအခါ (ဥပမာ-ဆိုင်ကယ်) လိုင်စင်ချပေးရ၍ တရားမဝင်ဝင်ရောက်လာမှုကို အားပေးရာရောက်နေသည်။

တတိယတစ်ချက်မှာ တရားမဝင်ယာဉ်များနှင့်ပတ်သက်၍ ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများပင် ဖြစ်သည်။ အမှန်တကယ်သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း အရေးယူနိုင်ခြင်း ရှိ-မရှိ မည်ကဲ့သို့သောဥပဒေမျိုး ပြဋ္ဌာန်းသတ်မှတ်ရန် လို-မလို၊ ရှိ-မရှိ စသည်တို့ကို လေ့လာဆန်းစစ်ရမည်ဖြစ်၏။

ဟန့်တားနိုင်မှု မရှိသေးသည့်ဝင်ပေါက်များကို မည်ကဲ့သို့ ပိတ်ဆို့ကြမည်၊ တရားမဝင် တင်သွင်းခွင့်ရသူများ၏ အခွင့်အရေးကို မည်ကဲ့သို့ကာကွယ်ပေးမည်၊ ဖမ်းဆီးရမိယာဉ်များကို နိုင်ငံလည်းအကျိုးရှိ ပိုင်ရှင်လည်း မနစ်နာစေရန် မည်သို့စီမံကြမည်နှင့်ပတ်သက်၍ တွေးဆဆင်ခြင်ဖွယ်ရာများ ဖြစ်လိမ့်မည်ဟု ယူဆမိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၂ ရက်အထိ ၈ ရက်ကြာ သင်တန်းပို့ချမှုကို ပခုက္ကူမြို့၊ အမှတ် ၁၅ ရပ်ကွက်၊ မိုလ်ချုပ်လမ်းရှိ မဟာစည်သာသနာရိပ်သာ၊ သုခိတဓမ္မသာလာကျောင်းတော်ကြီးပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းကို ပခုက္ကူခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပခုက္ကူခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ပခုက္ကူခရိုင်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စေရန်အတွက်ရည်ရွယ်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ သင်တန်းပို့ချရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်ဇေနိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ လေ့ကျင့်ပညာပေးရေးဌာနစိတ်၊ လက်ထောက်ကထိက ဒေါက်တာစိုးမြတ်အေးနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ဆန်းဝင်းတို့က နေ့စဉ် နံနက် ၉ နာရီခွဲမှ ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ၄ နာရီထိ ပို့ချပေးမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၉ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အောင် (မန်းတက္ကသိုလ်)

အရာတော်မြို့နယ်၌ ဆိုလာပြားများ အခမဲ့ပေးအပ်

အရာတော်၊ ဖေဖော်ဝါရီ ၆

ကျေးလက်ဒေသ မီးလင်းရေးအစီအစဉ်အရ ကျေးလက်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးတို့က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် အရာတော်မြို့နယ်ရှိ ကျေးရွာများသို့ ဆိုလာပြားများအား ဖေဖော်ဝါရီ ၂ ရက်က အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျေးလက်မှကျောင်းသား၊ကျောင်းသူများ ညအချိန်များတွင် အလင်းရောင် လုံလောက်စွာရရှိစေရန်နှင့် ကျေးရွာအသေးစား ကုန်ထုတ်လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအား ဆိုလာပြားများ ပေးအပ်ပွဲကို အရာတော်မြို့နယ်၊ ယင်းမကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဦးထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးညီညီဝင်း၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး မီးသီးနှင့်ဘက်ထရီ ၉၄ စုံအား စီသာကျေးရွာအတွက်လည်းကောင်း၊ ယင်းမကန်ကျေးရွာအတွက် မီးသီးနှင့်ဘတ္ထရီများ စုစုပေါင်း ၂၁၈ စုံ တန်ဖိုးကျပ် ၁၁ ဒသမ ၉၂ သန်းအား ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဖိုးချမ်း(မုံရွာ)**

သတင်းတိုများ

ဝါဆိုကျောင်းဆရာတော် ကျန်းမာရေးပြန်ကောင်း

စုဒ္ဒသမ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေ ဒနီ ဝါဆိုကျောင်းဆရာတော်ကြီး အဘိဇဓမဟာရဋ္ဌဂုရု အဘိဇဓအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများမှာ ထိုင်နိုင်သည်အထိ ကျန်းမာရေးပြန်လည်တိုးတက်ကောင်းမွန်လာကြောင်း ဖေဖော်ဝါရီ ၄ ရက်က သိရသည်။

မြို့နယ်ပြန်/ဆက်

တိရစ္ဆာန်ကာကွယ်ဆေးထိုး သင်တန်းဖွင့်လှစ်

ချင်းပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးစီး၍ တိရစ္ဆာန်ကာကွယ်ဆေးထိုး သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်ရုံးခန်းမ၌ ကျင်းပသည်။ အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ဌာနမှအမှုထမ်း၊ ဝန်ထမ်းများ၊ ပြည်နယ်အတွင်းရှိ မြို့နယ်၊မြို့နယ်ခွဲများမှ ကျေးလက်လူငယ်များ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာခင်ဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ခရိုင်ပြန်/ဆက်

ပင်လယ်ထွက်ကုန် ငါးခြောက်အမျိုးမျိုး ရောင်းဝယ်ကုန်သည်များနှင့် ပြည်သူများ အဆင်ပြေ

ညောင်တုန်းသင်္ဘောရောက်တဲ့နေ့ဆို တိုးမပေါက်အောင် ရောင်းဝယ်နေရ

ဖျာပုံ ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဈေးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဆိပ်ကမ်းသာယာဈေး၊ ဆယ်နာရီဈေးလေးသည် နေ့စဉ်ဒေသထွက်ကုန်များနှင့် နယ်အသီးသီးမှ လာရောက်ရောင်းချသော ဟင်းသီးဟင်းရွက်များ ဈေးနှုန်းချိုသာစွာ ရောင်းချနေသည့်အတွက် စားသုံးသူပြည်သူများနှင့် ကုန်သည်များ အားထားရသည့် အဓိကဈေးဖြစ်သည်။ အဆိုပါ ဆယ်နာရီဈေးသည် နံနက်စောစော ၂ နာရီမှစတင်ရောင်းဝယ်နေကြပြီး စနေ၊ ဗုဒ္ဓဟူးနေ့တို့တွင် တိုးမပေါက်အောင်ပိုမိုရောင်းဝယ်ကြသည်။ စနေ၊ ဗုဒ္ဓဟူးနေ့တို့တွင် ဟသ်ာတ၊ ညောင်တုန်းမြို့များမှ ဟင်းသီးဟင်းရွက်များ လာရောက် ရောင်းချကြသည့် ကုန်သည်များက ပင်လယ်ထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးခြောက်အမျိုးမျိုးပြန်လည်ဝယ်ယူ၍ အခြားဒေသများသို့ ပို့ဆောင်ရောင်းဝယ်ကြသည်။ **(အပေါ်ယာပုံ)**

ဆယ်နာရီဈေးခေါ် ဆိပ်ကမ်းသာယာဈေးလေးတွင် ပယ်လယ်ထွက်ကုန် ပစ္စည်းများ အဓိက ရောင်းဝယ်နေသည့် ကုန်သည် ဦးထွန်းမင်း“ကျွန်တော်တို့ဈေးလေးက ပင်လယ်ပိုင်းဒေသအသီးသီးက လာရောက်ရောင်းချကြတဲ့ လုပ်ငန်းရှင် ကုန်သည်တွေဆီကနေ ငါးခြောက်အမျိုးမျိုးကိုနေ့စဉ်စောင့်ဝယ်ပြီး အခြားမြို့နယ်အသီးသီးက လာရောက်ရောင်းချကြတဲ့ လုပ်ငန်းရှင်ကို ရောင်းပါတယ်။ နိုဝင်ဘာလလောက်ကစပြီး ငါးခြောက်အမျိုးမျိုးကို ပင်လယ်ပိုင်းကုန်သည်တွေက လာရောင်းပါပြီ။ မေလလောက်အထိ ငါးခြောက်အမျိုးမျိုးဝယ်ယူရရှိပါတယ်။ မိုးကျရင်တော့ သိုလှောင်ထားတဲ့ကုန်ကိုပဲ ရောင်းရပါတယ်။ ဒီဈေးမှာ နေပြည်တော်၊ ဘားအံ၊ မန္တလေး၊ မေမြို့နဲ့ အထက်အညာဒေသအသီးသီးက ကုန်သည်တွေ နေ့စဉ်ကုန်ရောင်းကုန်ဝယ်ပြုနေတာပါ။ ရန်ကုန်မြို့ ငါးခြောက်ဒိုင်တွေက ပီနံအိတ်နဲ့ တစ်အိတ်လုံးဝယ်မှ ခြင်းနဲ့ဆိုလည်း တစ်ခြင်းလုံးဝယ်မှ ရောင်းတာပါ။ ကျွန်တော်တို့ဈေးက ၁၀ ကျပ်သားကစပြီး ပိသာလိုက် ကြိုက်သလောက်ဝယ်လို့ရပါတယ်။ ဈေးကလည်းမကွာပါဘူး။ ဒီနှစ်ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်း အဆင်ပြေတော့ ငါးခြောက်အမျိုးမျိုးဝယ်ရတာ အဆင်ပြေတယ်။ ဈေးလည်းရတယ်။ ဈေးနှုန်းတွေက ကတ်ကူရန်ခြောက် တစ်ပိသာကို ၁၄၅၀၀ ကျပ်၊ ငါးကွန်းရှပ်ခြောက် တစ်ပိသာကို ၁၄၀၀၀ ကျပ်၊ ငါးပုတ်သင်ခြောက်နှင့် ငါးနှပ်ခြောက် တစ်ပိသာကို ၅၅၀၀ ကျပ်၊ ငါးရောင်ခြောက် တစ်ပိသာကို ၇၀၀၀ ကျပ်၊ ငါးရံခြောက်အသေး တစ်ပိသာကို ၁၂၀၀၀ ကျပ်နှင့် အကြီး တစ်ပိသာကို ၁၈၀၀၀ ကျပ်၊ ငါးပုတ်ခြောက် တစ်ပိသာကို ၂၅၀၀၀ ကျပ်၊ ပင်လယ်ပုဇွန်ခြောက်အသေး တစ်ပိသာ ၁၆၀၀၀ ကျပ်နှင့် အကြီး တစ်ပိသာကို ၂၅၀၀၀ ကျပ်ရှိပါတယ်။ စနေ၊ ဗုဒ္ဓဟူး ညောင်တုန်းသင်္ဘောရောက်တဲ့နေ့ဆို တိုးမပေါက်အောင် ရောင်းဝယ်နေရတာပါ။ ဖျာပုံမြို့မှာ ငါးခြောက်လာဝယ်ရင် စနေ၊ ဗုဒ္ဓဟူးဆို ကုန်သည်တွေပိုအဆင်ပြေပါတယ်”ဟု ပြောသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးရှိ ကုန်သည်များနှင့် စားသုံးသူများ၏ စိတ်ထဲတွင် စွဲမှတ်စွာ သတိတရ လာရောက်ရောင်းဝယ်နေကြသည့် ဖျာပုံမြို့ရှိဆိပ်ကမ်းသာယာဈေး၊ ဆယ်နာရီဈေးလေးသည် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ခြင်း၊ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းရှင်များ ငါးအမိအရများသဖြင့် ငါးခြောက်အမျိုးမျိုးပိုမိုရရှိပြီး ဈေးနှုန်းချိုသာအလေးချိန်မှန်ကန်စွာ ရောင်းချသဖြင့် ကုန်သည်များနှင့် စားသုံးသူပြည်သူများ ယခုနှစ်တွင် ပြောစမှတ်တွင်လောက်အောင် အဆင်ပြေရောင်းဝယ်နေကြပြီဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။

ချမ်းသာ(ဖျာပုံ)

ဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်

ကျောက်တန်း ဖေဖော်ဝါရီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့မှ ခွင့်ပြုရန် အဆိုပြုတင်ပြ ရန်ပုံငွေသိန်း တစ်ထောင်ဖြင့် ကျောက်တန်းမြို့နယ် အတွင်းရှိ ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် သောက်သုံးရေကန်များအား ခြံစည်းရိုးကာရံခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းများကို ပြုပြင်လုပ်ဆောင်လျက်ရှိသည်။

တံတားမြို့နယ်ခွဲရှိ မြို့ပေါ်လေး ရပ်ကွက်သို့ တစ်ရပ်ကွက်လျှင် ၃၅ သိန်းကျပ် ခွင့်ပြုငွေရရှိခဲ့သည်။ တံတားမြို့ အမှတ်-၃ ရပ်ကွက်အတွက် ခွင့်ပြုရရှိငွေ ကျပ် ၃၅သိန်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မြင့်က ကြီးကြပ်၍ ရပ်ကွက်အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ ယခင် အကျယ်ခုနစ်ပေရှိသော အနော်ရထာလမ်းမကြီးအား သုံးပေ တိုးချဲ့၍ အရှည်ပေ ၃၇၀ ကို ကွန်ကရစ်လောင်းခြင်းကို လည်းကောင်း၊ အောင်သပြေလမ်းအား အရှည်ပေ ၂၀၀ အထိ ထပ်ပိုး ကွန်ကရစ်လောင်းခြင်းနှင့် ရွှေညောင်ပင်လမ်းအား ယခင် အကျယ် သုံးပေမှ နှစ်ပေ တိုးချဲ့၍ အရှည်ပေ ၃၂၀ ကို ကွန်ကရစ်လောင်း တိုးချဲ့ပြုပြင်ခဲ့သည်။

တံတားမြို့နယ်ခွဲအတွင်းရှိ ပုတ္တာလုတ်ကျေးရွာ ချောင်းကူးတံတားအား ပေ (၉၀ X ၈ X ၁၆) သံပေါင်ကွန်ကရစ်ဖြင့် ငွေကျပ် သိန်း ၅၀၊ ဝင်းကြီးကျေးရွာတွင် ကွန်ကရစ်တံတားအား ပေ (၃၄ X ၆ X ၅)အား ကျပ်သိန်း ၃၀ အကုန်ကျခံ၍ ဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အောင်ဆွေ(ရွှေတံတား)

ဌာနပိုင်မြေတွင် ကျူးကျော်ဆောက်လုပ်ခွင့်မပြု

ဒလ ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏မြေဧရိယာအတွင်း ဝင်ရောက်၍ အဆောက်အအုံများ ဆောက်လုပ်နေထိုင်လျက်ရှိသည့် ကျူးကျော်အဆောက်အအုံများအား ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက သက်ဆိုင်ရာတို့မှ ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဗိုလ်စိုး (လက်ထောက်အထွေထွေမန်နေဂျာ) တို့က ဌာနပိုင်မြေအတွင်း ကျူးကျော်ဆောက်လုပ်နေထိုင်ခြင်းအား ခွင့်မပြုပါကြောင်း ဆောက်လုပ်ထားပြီး သောအဆောက်အအုံများအားလည်း ဖျက်သိမ်းဖယ်ရှားပေးရန် အကြောင်းကြားထားပြီးလည်း ဖြစ်ပါကြောင်း၊ မိမိအစီအစဉ်နှင့် ဖျက်သိမ်း၍လည်းရပါကြောင်းတို့အား ကျူးကျော်နေထိုင်သူများကို နားလည်သဘောပေါက်စေရန် ရှင်းလင်းပြောကြားသည်။

ထို့နောက်သက်ဆိုင်ရာတာဝန်ရှိသူများမှ ဌာနပိုင်မြေအတွင်း ကျူးကျော်ဆောက်လုပ်ထားသောအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားရာ မိမိအစီအစဉ်ဖြင့် ဖျက်သိမ်းသည့် အဆောက်အအုံသုံးလုံး၊ ပူးပေါင်းအဖွဲ့မှ ဖျက်သိမ်းရှင်းလင်းမှု ကိုးလုံးရှိခဲ့ကြောင်း သိရသည်။ ကျူးကျော်အဆောက်အအုံများ ရှင်းလင်းဖယ်ရှားရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့မှူးနှင့် ရဲဝန်ထမ်းများ၊ မြို့နယ်မီးသတ်/ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ စနစ်တကျရှင်းလင်းဆောင်ရွက်ခဲ့ရာ ညနေ၅နာရီအချိန်တွင် အေးချမ်းစွာဖြင့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

မင်းရဲမာန်(နေပြည်တော်)

စီးပွားရေးကြော်ငြာ



ဝယ်လိုသည်

ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ အထူးဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၂၅၄၁၁၇၅၈၂

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်

စစ်ကိုင်း ဖေဖော်ဝါရီ ၆

သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း ကြီးကြပ်အောင်မြင်ရေး အတွက် တစ်ဦးကောင်းတစ်ယောက် ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်သဖြင့်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးပါဝင်၍ အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းဆောင်ရွက်ကြရမည့် အထူးတာဝန်ကြီး တစ်ရပ်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၏ အခြေခံအကျဆုံးဖြစ်သော မြို့နယ်နှင့်ရပ်/ကျေးသန်းခေါင်စာရင်း ကော်မတီများကို ဆင့်ကဲကြီးကြပ်ရန်မှာ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များဖြစ်ကြောင်း ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသော သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများနှင့် တိုင်းဒေသကြီးသန်းခေါင်စာရင်းကော်မတီတို့၏ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းရှင်းလင်းပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ထည့်သွင်းပြောကြားသည်။

တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် သန်းခေါင်စာရင်းကော်မတီဝင်များအနေဖြင့် ခရိုင်နှင့်မြို့နယ်များမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို သတ်မှတ်ထားသည့် နည်းစနစ်များအတိုင်း တိကျစွာလိုက်နာကြစေရေးအတွက် သင်တန်းပေးလေ့ကျင့်ထားရန် လိုအပ်သလို သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မစတင်မီကာလမှ လုပ်ငန်းပြီးဆုံးသည်အထိ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မိမိလုပ်ဆောင်ရမည့်လုပ်ငန်းများကို တစ်ဦးချင်းသိရှိရန် လိုအပ်ကြောင်း၊ တွေ့ကြုံလာသည့် အခက်အခဲများကို ကော်မတီအဆင့်ဆင့်သို့ တင်ပြပြီး ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သလို ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် မိမိတိုင်းပြည်မှာသာမက ကမ္ဘာကိုကြိုတင်ကြေငြာပြီး ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီးအောင်မြင်ရန်အတွက် ကော်မတီအဆင့်ဆင့်နှင့် လုပ်ငန်းတိုင်းမှ မဆုတ်မနစ်သောဇွဲ၊ လုံ့လတို့ဖြင့် ကိုယ်စီတာဝန်ကျေပွန်စွာ ဆောင်ရွက်ပြီး တွေ့ကြုံလာမည့် အခက်အခဲအတားအဆီးများကိုဝိုင်းဝန်းပူးပေါင်းဖြေရှင်းသွားရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က ထည့်သွင်းမှာကြားသည်။

ထို့နောက်စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးရှိန်ဝင်းက သန်းခေါင်စာရင်းကောက်ယူ ရေးဆိုင်ရာလုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြရာတက်ရောက် လာသောသန်းခေါင်စာရင်းကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ဈေးနိမ့်မော်တော်ယာဉ်ငယ်များအရောင်းအဝယ်ဖြစ်

မန္တလေး ဖေဖော်ဝါရီ ၆

ဆိပ်ကမ်းအရောက်မော်တော်ယာဉ်တန်ဖိုး CIF မပြောင်းလဲမီ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှ စတင်အေးစက်လျက်ရှိသောမော်တော်ယာဉ် ဈေးကွက်သည် အင်ဂျင်ပါဝါ ၁၀၀၀စီစီအောက်ဈေးအနိမ့်ပိုင်းကျပ်သိန်း ၁၀၀အောက်မော်တော်ယာဉ်ငယ်များ အရောင်းအဝယ်ကောင်းလာကြောင်း မန္တလေးမြို့ပြည်ကြီးမျက်ရှင်မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းဈေးကွက်မှ သိရသည်။

မန္တလေးမြို့တွင် မိသားစုစီးနိုင်ပြီး ကုန်ပစ္စည်းများ အလွယ်တကူတင်ပို့နိုင်သော ၆၆၀ CC ဆူဇူကီး၊ဟိုက်ဂျက်မစ်ဆူဘီရှီကားငယ်ကလေးများအဝယ်လိုက်သည်။ ၆၆၀ အင်ဂျင်ပါဝါဆူဇူကီး ဝယ်ယူအမည်ပေါက် 4G--နံပါတ် ၂၀၀၈မော်ဒယ်တစ်စီး ၆၅ သိန်း ဝန်းကျင်ရှိပြီး မစ်ဆူဘီရှီ ဟွန်ဒါအမျိုးအစား ၅၅ သိန်းဝန်းကျင်ရှိသည်။

ဂျပန်ကားများဝင်ရောက်လာသဖြင့် တရုတ်နိုင်ငံထုတ် ၁၀၀၀ CC ကားသစ်များလည်း တစ်စီး ၄၅ သိန်းဖြင့် အရစ်ကျစနစ်ဖြင့် ရောင်းချခြင်းများလည်းရှိကြောင်း သိရသည်။ ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ကျပ်သိန်း ၁၀၀

အောက်ကားများ နယ်ဝယ်လက်များ ဝယ်ယူမှုများကြောင်း ပြည်ကြီးမျက်ရှင်ယာဉ်ရောင်းဝယ်ရေးစခန်းရှိ ကားပွဲစားများထံမှ သိရသည်။

သီဟကိုကို(မန္တလေး)

မိတ္ထီလာတွင် မိုဘိုင်းဖုန်းဆင်းကတ်များခွဲဝေချထားပြီးစီး

မိတ္ထီလာ ဖေဖော်ဝါရီ ၆

မိတ္ထီလာတွင် အငြိမ်းစားဝန်ထမ်းပင်စင်စားနှင့် ဒေသခံများအား ဇန်နဝါရီအတွက် မိုဘိုင်းဖုန်းဆင်းကတ်များကို ဖေဖော်ဝါရီ ၄ရက်က နောက်ဆုံးခွဲဝေချထားပေးပြီး ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က ပြောသည်။

ဒီတစ်ကြိမ်မိုဘိုင်းဖုန်းဆင်းကတ်တွေ ခွဲဝေချထားပေးတဲ့ နေရာ အငြိမ်းစားဝန်ထမ်းတွေအတွက် WCDMA မိုဘိုင်းဖုန်းဆင်းကတ် ၅၀၀နဲ့ ဒေသခံတွေအတွက် မိုဘိုင်းဖုန်း GSM အမျိုးအစား ၂၀၀ ကတ်၊ CDMA ၁၂၀၀ကတ် စုစုပေါင်း ၁၉၀၀ ခွဲတမ်းရရှိခဲ့ပါတယ်။ ဒေသခံတွေအတွက် မိုဘိုင်းဖုန်းဆင်းကတ်တွေ ဒီတစ်ကြိမ်မြို့ပေါ်ရပ်ကွက်၁၄ခု အတွက် ၉၃၃ ကတ်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သံဃာတော်များအတွက် ၂၆၇ ကတ် ခွဲတမ်းချပေးဝေပြီးဖြစ်ပါတယ်။ အငြိမ်းစားများအတွက် WCDMA မိုဘိုင်းဖုန်းကတ် ၅၀၀ကို မနေ့က တန်းစီစာရင်းနဲ့ မဲနှိုက်ပြီး ခွဲဝေပေးခဲ့ပါတယ်။ ကိုယ်တိုင်လာရောက် မဲမနှိုက်နိုင်သူများအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ကိုယ်စားနှိုက်ပေးခဲ့တယ်။ ဒီနေ့ မိုဘိုင်းဖုန်းကတ် မဲပေါက်တဲ့ အငြိမ်းစားဝန်ထမ်းများစာရင်းကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ ကြော်ငြာသင်ပုန်းနဲ့ သေသေချာချာတိတိကျကျကြေညာပေးထားပါတယ်ဟု ၎င်းက ပြောသည်။

မိတ္ထီလာတွင် မိုဘိုင်းဖုန်းခေါ်ဆိုရာတွင် လိုင်းကြပ်ခြင်းများဖြစ် ပေါ်နေသည်ကို ဆက်သွယ်ရေး တာဝါတိုင်များတိုးချဲ့ တည်ဆောက်ကာ ဖြေရှင်းနိုင်ရေးကိုသက်ဆိုင်ရာဆက်သွယ်ရေးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ချမ်းသာ (မိတ္ထီလာ)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)၌ အခြေခံမီးသတ်ပညာရပ်များသင်ကြား

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဒဂုံဆိပ်ကမ်းစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီတို့ပူးပေါင်းဖွင့်လှစ်သည့် အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၁၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဇုန်စီမံခန့်ခွဲ မှုကော်မတီရုံးကနောင်ခန်းမ၌ ကျင်းပသည်။ အဆိုပါသင်တန်းကို ဒဂုံဆိပ်ကမ်းစက်မှုဇုန်အတွင်းရှိ စက်ရုံ/အလုပ်ရုံ အသီးသီးမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၁၂ရက်အထိဖြစ်ကာ အခြေခံမီးသတ်ပညာရပ်များနှင့် လက်နက်မဲ့စစ်ရေးပြပညာရပ်များကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်မီးသတ်

၂၈ နှစ်ဆက်တိုက် ခွင့်ပျက်ရက်မရှိသူ ကျောင်းဆရာမအား ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် အခြေခံ ပညာအထက်တန်းကျောင်း အမှတ်(၃) ပညာရေးစုံညီပွဲတော်တွင် ၂၈ နှစ်ဆက်တိုက် ခွင့်ပျက်ရက် မရှိသူ ဆရာမ ဒေါ်တင်မာဆွေအား ကျောင်းအုပ်ဆရာကြီး ဦးတင်လတ်က ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ နိုင်ငံတော်မှ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာတွင် အဓိကလူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် ပဓနကျသည်နှင့်အညီ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဒိုက်ဦး-ကျွန်းကုန်းကျေးရွာဆက်သွယ်ရေး ဂဝံလမ်းသစ်ဖွင့်ပွဲကျင်းပ

ဒိုက်ဦး ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုက်ဦး-ကျွန်းကုန်းဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။ ဒိုက်ဦး-ကျွန်းကုန်းဂဝံလမ်းသစ်သည် အရှည်ပေ ၂၁၄၇ပေရှိပြီး ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုငွေ ၃၈ သိန်း ဒေသခံပြည်သူထည့်ဝင်ငွေ ၁၂ သိန်း စုစုပေါင်းသိန်း(၅၀) ရှိကြောင်း သိရပါသည်။ တဆက်တည်းပင် ဒိုက်ဦးမြို့ မြို့သစ်(ခ)၌ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုငွေ ၂၈ သိန်း၊ဒေသခံပြည်သူထည့်ဝင်ငွေ လေးသိန်းဖြင့် ဖောက်လုပ်ထားသော ပြည်ခိုင်ဖြိုးလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဆက်လက်ကျင်းပသည်။

ကျော်ကျော်(IPRD)

မြန်အောင်၌ အရန်သားဖွားသင်တန်းဆင်းပွဲ ကျင်းပ

မြန်အောင် ဖေဖော်ဝါရီ ၆

မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲနှင့် A.M.W.Kit ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။ သင်တန်းဆင်းလက်မှတ်များနှင့် A.M.W.Kit သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။

ဝင်းဗိုလ်(ပြန်/ဆက်)



စာပေမြင့်မှ လူမျိုးတင့်မည်

လူပျောက်

အထက်ပါ ဓာတ်ပုံပိုင်ရှင် မောင်အောင်ကိုကို ၂၀ နှစ် (ဘ) ဦးအောင်ဆန်း အောက်ကျောင်းကျေးရွာ ကော့မှူးမြို့နယ်နေသူသည် နေအိမ်မှ ၆-၁-၂၀၁၄ ရက်တွင် ထွက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၄၉၀၀၂၉၈၈၊ ၀၉- ၅၁၆၉၄၀၃

ပါမစ်မြေကွက်ရောင်းမည်

တ/ဒဂုံ (၁၅၃) အတွင်းကွက် ၈၅ သိန်း၊ လမ်းမကွက် ၁၃၅ သိန်း၊ ဒဂုံဆိပ်ကမ်း (၁၅၀) ထောင့်ကွက် ၈၅ သိန်း၊ ဖုန်း၀၉- ၅၁၃၄၆၃၀၊ ၀၉-၃၁၅၅၉၇၅၅

ယတြာနိဗ္ဗာယ်အောင်

အခက်အခဲတွေတွေ့နေလို့ စိတ်ညစ်မနေပါနဲ့၊ ကံကြမ္မာကိုစိစစ်ပြီး ထိရောက်တဲ့ အစီအရင်ကောင်းများနှင့် ကျော်လွှားနိုင်ပါတယ်။ ကိုယ်ရေးလုံခြုံမှု အာမခံပါသည်။

ဖုန်း-၀၉-၄၂၅၂၈၆၇၅၁



Zenith Zone Trading Co.,Ltd

(အစုရှင်များ ဆန္ဒအရ ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ အပြီးသတ် နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း။

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို ၇-၃-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် (အမှတ်(၆)၊ မြေညီထပ်၊ လှည်းတန်း(၁)လမ်း၊ ၃-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်)ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအားအပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။



မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေငြာခြင်း

၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ဆောင်ရွက်ချက်များ

ပဲခူးတိုင်းဒေသကြီး

❑ **ကျေးလက်ဒေသမီးလင်းရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** ပဲခူးတိုင်းဒေသကြီး၏ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးလင်းရေး၊ ရေရရှိရေး၊ လမ်းတံတားလုပ်ငန်းများတွင် ပြည်နယ်/တိုင်းဒေသကြီးလိုအပ်ချက်အရ စုစုပေါင်း ၁၁၉၇၄ သိန်း လျာထားပြီးဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်မီးရရှိရေးအတွက် အနိမ့်ဆုံးစနစ် ဖြစ်သည့် ဆိုလာစနစ်ဖြင့်မီးရရှိရန် သတ်မှတ်ထားပါသည်။ ကုမ္ပဏီမှမီးလင်းရေးအတွက် မီးချောင်းသုံးချောင်း၊ ပန်ကာ၊ တီဗွီသုံးလျှင် တစ်လလျှင် ၂၅၀၀ သွင်း၍ ၁၀ နှစ် ဆပ်သည့်စနစ်အား ကမ်းလှမ်းထားရှိပါသည်။

❑ **လယ်ယာသုံးစက်ကိရိယာနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများကို နှစ်နှစ်တွင် သုံးရစ်အရစ်ကျခွဲပြီး ပေးချေ၍ ဝယ်ယူနိုင်ရန်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ငွေချေး၍ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

❑ **စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှု အခြေအနေ။** တောင်သူများ စိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးဆောင်း၊ မိုးကြိုသီးနှံများ ခွဲခြား၍ ချေးငွေထုတ်ပေးရာတွင် စပါးသီးနှံတွင် ယခင်ကတစ်ဧကကို ကျပ်နှစ်သောင်းချေးရာမှ ကျပ်ငါးသောင်းနှုန်းသို့ တိုးမြှင့်ထုတ်ချေးခဲ့ပြီး ယခုနှစ်မိုးရာသီတွင် တစ်သိန်းကျပ်နှုန်းအထိ တိုးမြှင့်ချေးပေးခဲ့ပါသည်။ ထို့ပြင် ဆောင်းသီးနှံ များအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းထိလည်းကောင်း၊ ချက်ကြံသီးနှံအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းထိလည်းကောင်း တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပြီးဖြစ်၍ တောင်သူလယ်သမားများ ပိုမိုအထောက်အပံ့ရရှိစေနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လယ်ယာမြေကို ၁၀ ဧကအထိ ပိုင်ဆိုင်ပါက လုပ်ကွက်ငယ် တောင်သူအဖြစ်သတ်မှတ်ပြီး ငွေချေးယူနိုင်ပြီး တစ်နိုင်ငံလုံးအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၃ မိုးရာသီ၊ ဆောင်းရာသီ၊ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ် ဘီလျံတစ်ထောင်ကျော်ကို ထုတ်ချေးပေးလျက်ရှိပါသည်။ သမဝါယမဝန်ကြီးဌာနမှလည်း အသေးစားချေးငွေများ ထုတ်ချေးလျက်ရှိပါသည်။

❑ **မျိုးကောင်းမျိုးသန့်ရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** မြန်မာနိုင်ငံတွင် စပါးမျိုးကွဲပေါင်း ၁၀၀ ကျော်ရှိ၍ ပဲခူးတိုင်းအတွင်း စပါးမျိုးကွဲ ၃၀ ကျော်ရှိသည့်အနက် ရေ၊ မြေကွဲပြားခြားနားချက်အရဒေသ၊ ရာသီဥတုနှင့် ကိုက်ညီသော စပါးမျိုးကွဲ သုံးမျိုးသာစိုက်ပျိုးရန် နိုင်ငံပိုင်ခြံများမှ စပါးမျိုးများ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

အကျိုးတူမျိုးစေ့ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကနှင့် နိုင်ငံခြားကုမ္ပဏီများကို ဖိတ်ခေါ်၍ တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက် မျိုးသန့်ဇုန်များ တည်ထောင်ပြီး ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

❑ **မြေသြဇာဝယ်ယူရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** သနပ်ပင်မြို့နယ်၏ စပါးစိုက်ဧကများအတွက် ယူရီးယားဓာတ်မြေသြဇာလိုအပ်ချက်များကို စုစည်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ခံချက်ဖြင့် စိုက်ပျိုးရေး ဦးစီးဌာနသို့ ပေးပို့လာခြင်းအား စွမ်းအင်ဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ ဝယ်ယူခွင့်ရရှိအောင် အမြန်ဆုံးဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

❑ **လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နှင့် ပတ်သက်၍မေးမြန်းချက်အပေါ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** အများအကျိုးစီးပွားအတွက် လယ်ယာမြေကိုအခြားနည်းဖြင့်သုံးမည်ဆိုလျှင် လယ်ယာမြေဥပဒေအပိုဒ် (၃၀)တွင် အပိုဒ်ခွဲ (က)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် လယ်မြေကိုအခြားနည်းဖြင့်အသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ (ခ)အရ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဟူ၍လည်းကောင်း ဖော်ပြချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

❑ **ဓာတုကင်းလွတ်စိုက်ပျိုးရေးနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတုကင်းလွတ်စိုက်ပျိုးရေး (Organic Farming) ကိုသာမကဘဲ (Good Agricultural Practice) စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်း လေ့ကျင့်ပညာပေးဆောင်ရွက်နေပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို နေပြည်တော်တွင် နိုင်ငံခြား ပို့ကုန်အလားအလာရှိသော သခွားမွှေး၊ သရက်၊ ဖရဲအပြင် အခြားဟင်းသီး ဟင်းရွက် သစ်သီးဝလံများတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ နေပြည်တော်တွင် Organic Farming Model Farm တည်ထောင်၍ ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို စနစ်တကျလက်တွေ့ညှိနှိုင်း ပြသအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

❑ **မြစ်ကျိုးကိစ္စ ပတ်သက်၍ မေးမြန်းချက်အပေါ် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီမှ ဆောင်ရွက်ပေးမှု အခြေအနေ။** စစ်တောင်းမြစ်တူးဖော်ရေးလုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပေးပို့ညှိနှိုင်းထားပြီး ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

❑ **လယ်ယာသုံးစက်ကိရိယာ ပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ**။ တန်ဖိုးကြီးမားသော ထွန်စက်ကြီးနှင့် ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူမည်ဆိုပါက နီးစပ်ရာလယ်သမားနှစ်ဦး၏ ထောက်ခံချက်ဖြင့်စက်မှုလယ်ယာဦးစီးဌာနမှ လယ်သမား၏ ပိုင်ဆိုင်မှုကို ကွင်းဆင်းစိစစ်၍ ရောင်းချပေးခြင်း၊ ပြုပြင်ထိန်းသိမ်းနည်းစနစ်သင်တန်းများ ပို့ချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

❑ **စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှု အခြေအနေ**။ စပါးသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ယခင်က တစ်ဧကလျှင် ကျပ်တစ်သောင်း၊ ကျပ်နှစ်သောင်းနှုန်းချေးပေးခဲ့ရာမှ ယခုနှစ်တွင် ကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေပေါင်း ကျပ်ဘီလီယံ တစ်ထောင် ကျော်ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။ တောင်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်အတွက် ချေးငွေများကို သီးနှံပေါ်ချိန်တွင် ပေးဆပ်နိုင်ရန်၊ မိုးချေးငွေကို မတ်လ ၃၁ ရက်နှင့်ဆောင်းချေးငွေကို ဇွန်လ ၃၀ ရက် နောက်ဆုံးထား၍ ပေးဆပ်ရန် သတ်မှတ်ပေးထားပါသည်။

❑ **ရေချို၊ ငါး၊ ပုစွန် မွေးမြူရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ။** ကျေးလက်ဒေသဖွံ့ဖြိုးရေး ရေချိုငါး၊ ပုစွန်များကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်ပေးရာတွင် Technical Support အနေဖြင့် ချောင်းသာတွင် Research Centre ဖွင့်ထားပါသည်။ တွံတေးတွင် ဓာတ်ခွဲခန်းတစ်ခုဖွင့်ရန် ရှိပါသည်။ ရေချိုငါး၊ ပုစွန်များ မွေးမြူရေးအတွက် ကော့မှူးတွင် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ဆောင်ရွက်ချက်များ

ရှမ်းပြည်နယ်

❑ **လယ်ယာသုံးစက်ကိရိယာနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ။** ရိတ်သိမ်းခြွေလှေ့စက်များနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနတွင် ရိတ်သိမ်းခြွေလှေ့စက်အစီး ၄၀၀ ကျော်ထုတ်ထားပြီးဖြစ်သည်။ ဝယ်ယူရရှိရေးအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

❑ **စိုက်ပျိုးစရိတ်အရင်းအနှီးရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှု အခြေအနေ။** တောင်သူများ စိုက်ပျိုးစရိတ် အရင်းအနှီးရရှိစေရန် လယ်ယာမြေဥပဒေပုဒ်မ (၉) ပုဒ်မခွဲ(ခ) လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများအရ လယ်ယာမြေမှတ်ပုံတင်ပြီးချိန်တွင် အစိုးရဘဏ်များတွင် ပေါင်နှံနိုင်ကြောင်း ဖော်ပြထားပါသည်။

❑ **သိမ်းဆည်းလယ်ယာမြေကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ။** သိမ်းဆည်းမြေကိစ္စကို မြေအသုံးချစီမံခန့်ခွဲရေးကော်မတီဖြင့် စိစစ်ညှိနှိုင်းပေးလျက်ရှိပါသည်။

❑ **မြေသြဇာဝယ်ယူရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ**။ မြေသြဇာကို ယခင်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ၂၀၀၄ ခုနှစ်မှစ၍ ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည်ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟုပါရှိ၍ နည်းပညာနှင့် ဥပဒေပိုင်းကိုသာ ဝန်ကြီးဌာနမှ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် မြေသြဇာကိစ္စနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်သော ယူရီးယားကို သုံးစွဲလိုပါက သက်ဆိုင်ရာကျေးရွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှတစ်ဆင့် ပြည်နယ်စိုက်ပျိုးရေး ဝန်ကြီး၏ ထောက်ခံချက်ဖြင့် လျှောက်လွှာများကို စွမ်းအင်ဝန်ကြီးဌာနသို့ တိုက်ရိုက်လျှောက်ထား၍ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

စာမျက်နှာ ၂၀ သို့

Open Tender
Transmission Oil T – 6(15 Drum)

ရက်တိုသင်တန်းဖွင့်လှစ်ခြင်း
စီးပွားရေးနှင့် အနုပညာဗုဒ္ဓဘာသာကျောင်း
အမှတ်(၁၁)၊ မြေညီ၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း (သီတာမှတ်တိုင်ဆင်း) တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၉၃၀၁၊ ၀၉- ၃၁၀၆၅၅၃၀၊ ၀၉- ၇၃၀၆၈၉၉၃

မိတ်ကပ်+ဆံပင်	၁၀ရက် ၃၅၀၀၀	SPA အခြေခံ	၁၀ရက်	၅၀၀၀၀
အလှပြင်ဆိုင်(အခြေခံ)ဘာသာစုံ	၁၀ရက် ၃၅၀၀၀	Japan Cut အညှပ်သီးသန့်	၂ လ	၈၀၀၀၀
လက်သည်းပန်းချီ	၁၀ရက် ၃၅၀၀၀	ပန်းအလှဆင်(ဘာသာစုံ)	၁၀ရက်	၃၅၀၀၀
ပန်းချီ Fashion Design, Fine Arts	၂ လ ၅၀၀၀၀	ဓာတ်ပုံဘာသာစုံ	၂ လ	၅၀၀၀၀

လစဉ် စတင်ရက် ၈-၂-၂၀၁၄ မှ ၂၁-၂-၂၀၁၄ အထိ ပုံမှန် ၁၀ ရက် သင်တန်းများ လက်ခံပေးပါသည်။

စာအုပ်စာပေလူ့မိတ်ဆွေ

စစ်ကိုင်းတိုင်းဒေသကြီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကလေးခရိုင်၊ ကလေးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

နေ့စွဲ - ၇-၂-၂၀၁၄

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကလေးခရိုင်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တံတားအထူးအဖွဲ့ (၁၁)နှင့် ကလေးခရိုင်မှ သီးသန့်ရန်ပုံငွေဖြင့် ဆောက်ရွက်မည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ရေတွက်ပုံ	မှတ်ချက်
၁။	သစ်(ထု)	၁၂၅. ၆၃	တန်	
၂။	သစ် (ပါး)	၅. ၂၅	တန်	
၃။	မြစ်သဲ	၂၂၄. ၈၂	ကျင်း	
၄။	ချောင်းကျောက်စရစ်	၂၄၉. ၉၁	ကျင်း	
၅။	400x200 I Beam 12m Long	၈၄. ၀၀	Nos	
၆။	400x200 I Beam 7.62 m Long	၂၆. ၀၀	Nos	
၇။	400 x 200 I Beam 9. 14 m Long	၅. ၀၀	Nos	
၈။	150x75 bracing I Beam (12m)	၂၅. ၅၀	Nos	
၉။	Bearing Plate (1'-4' x1'-8" x 20 mm)	၂၉၀. ၀၀	Nos	
၁၀။	Gusset (1'-2" x1'-5" x 0'-5")	၂၉၀. ၀၀	Nos	
၁၁။	3/4dia anchor bolt 1.5 Long (HT)	၁၁၄၀. ၀၀	Nos	
၁၂။	14-5 x 4 x 1/4 Stiffiner	၆၆၅၀. ၀၀	Nos	
၁၃။	3" x 3" Angle 20' Long	၃၂. ၅၀	Nos	
၁၄။	အုတ်	၁၇၀၀၀၀	ချပ်	

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၂-၂၀၁၄ ရက် ၁၇း၀၀နာရီ
၃။ တင်ဒါစိစစ်မည့်ရက်/အချိန် - ၁၅-၂-၂၀၁၄ရက် ၁၄း၀၀ နာရီ
၄။ တင်ဒါလျှောက်လွှာနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်လိပ်စာများ

၁။ ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကလေးခရိုင်၊ ကလေးမြို့။
ဖုန်း-၀၇၃-၂၁၀၅၄

၂။ မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကလေးမြို့နယ်၊ ကလေးမြို့။
ဖုန်း-၀၇၃-၂၁၁၃၇

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ကလေးမြို့

စာမျက်နှာ ၁၉ မှ

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်ချက်များ

ဧရာဝတီတိုင်းဒေသကြီး

❑ **ဧရာဝတီတိုင်းဒေသကြီး ဒီရေတောစိုက်ခင်းများတွင် ပုစွန်တွဲဖက် မွေးမြူရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်း ဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** ဒီရေတောစိုက်ခင်းများ စိုက်ပျိုးပြီး ပုစွန်မွေးမြူခြင်းလုပ်ငန်းတွဲဖက်ဆောင်ရွက်လိုပါက Aqua.forestry စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို သစ်တောပြုန်းတီးနေသော နေရာများတွင် အနီးအနားကျေးရွာပြည်သူလူထုနှင့်ပြေလည်စွာ ညှိနှိုင်း၍ တည်ထောင်ခွင့်ပြုသွားမည်။

❑ **အင်းဂရန်ဘုံအင်းကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ။** လွန်ခဲ့သော (၁၅)နှစ်ခန့်က ငဝန်မြစ်ရေတိုက်စားမှုကို ကာကွယ်ရန် ဆည်မြောင်းဦးစီးဌာနမှ ရေကာတာတုတ်တန်းများ ရိုက်ရာမှ အဆိုပါ အိုင်ကွက်တစ်ကွက်ပေါ်ထွန်းပြီး ရေလုပ်သားများ လွတ်လပ်စွာ ရှာဖွေစားသောက်လုပ်ကိုင်ခဲ့ပါသည်။ ၎င်းသည် အင်းမြေပုံတွင် မပါရှိသဖြင့် ကိုင်းသမား၊ ရေလုပ်သားနှင့် အင်းသားကြီးများနှစ်စဉ် ပြဿနာပေါ်ပေါက်လျက်ရှိပြီး ဒေသခံရေလုပ်သားနှင့်ပြဿနာမဖြစ်ပွားစေရေးအတွက် ၎င်းအင်း၏ နောက်ချုပ်အပိုင်းအား ဘုံစားအဖြစ် သတ်မှတ်ခွင့်ပြုချက်ဖြင့် လေလံတင်ရောင်းချခဲ့ပါသည်။ ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြလမ်းညွှန်မှုခံယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

❑ **စပါးရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူရရှိရေးနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Kukje Combine Harvester (Model-DKC 685)(70HP) များကို လက်ငင်းဝယ်ယူလိုပါက ၄၃၅ သိန်း၊ အရစ်ကျ နှစ်နှစ်အတွင်း သုံးရစ်ခွဲ၍ ဝယ်ယူလိုပါက ၄၅၅ သိန်း၊ Kukje Combine Harvester (Model-DKC 685)(85HP) များကို လက်ငင်းဝယ်ယူလိုပါက ၅၃၅ သိန်း၊ အရစ်ကျ နှစ်နှစ်အတွင်း သုံးရစ်ခွဲ၍ ဝယ်ယူလိုပါက ၅၅၀ သိန်းဖြင့် စက်မှုဝန်ကြီးဌာနမှ ရောင်းချပေးလျက်ရှိပါသည်။

❑ **ရေရရှိရေးနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** ဆည်မြောင်းဦးစီးဌာနမှ ကော့မှူးမြို့နယ်ရှိ တာပြတ်ဇရပ်ရေတံခါး ၆ပေ×၆ပေ ခြောက်ပေါက်ကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ရန်ပုံငွေမူလလျာထားချက်မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျခံဆောင်ရွက်မည်ဖြစ်ပါသည်။ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ၊ ဘူမိဗေဒဆိုင်ရာလုပ်ငန်းများစသည့် အကြိုတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး

❑ **ရေရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဆည်မြောင်း ဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** ဆည်မြောင်းဦးစီး ဌာနမှ ညောင်လေးပင်မြို့နယ်၊ ကောလိယရေလှောင်တမံတူးမြောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို လူအား၊ စက်အားဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဘိုင်းဒါးတူးမြောင်းမှ ဆည်ရေဖြင့် ၂၀-၁၂-၂၀၁၃ ရက်တွင် နွေစပါးစိုက်ပျိုးရေ စတင်ပေးဝေနိုင်ရန်အတွက် တူးမြောင်းပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ လူအား၊ စက်အားဖြင့် ဆောင်ရွက်နေပါသည်။

ဆည်မြောင်းဦးစီးဌာနမှ ညောင်လေးပင်မြို့နယ်၊ ရဲနွယ်ဆည်ရေသောက် စနစ်တူးမြောင်းများအတွက် လယ်ယာမြေနစ်နာကြေးပေးရန် ဆောင်ရွက်နေပါသည်။ ကွင်းဆင်းတိုင်းတာမှုများကို စတင်၍ ဆောင်ရွက်လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီး

❑ **ရေရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ အောက်ပါလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

သမန်းတော၊ ထုံးပေါက်ကျေးရွာအုပ်စုများတွင် မြေသားမကောင်းသည့် လက်တံမြောင်းနှင့်လက်တံခွဲမြောင်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် နှစ်စဉ်အလှည့်ကျအုတ်စီမြောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေပါသည်။

ဧရာဝတီမြစ်ရေတင်လမ်းကြောင်းမကောင်းသည့် မင်းဘူးမြို့နယ် ကမ်းနီးလျှပ်စစ်ရေတင်လုပ်ငန်းကဲ့သို့ ရေတင်လုပ်ငန်းများတွင် သဲစုပ်ပန့်များ အရန်သင့်တပ်ဆင်ဆောင်ရွက်နေပါသည်။

ဆိပ်ဖြူမြို့နယ်၊ မြင်ကဝအောက်ဆိပ်ကျေးရွာတွင် နွေသီးနှံအောင်ရေရရှိရေးအတွက် ရေခေါ်မြောင်း ပေ ၃၀၀ တူးဖော်ခြင်းကို ဌာနမှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ညောင်ဦးမြို့နယ်၊ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် သဲသောင်ခုံအား ဖြတ်ဖောက်၍ ရေခေါ်မြောင်းနှင့် ဝပ်ကျင်းတူးဖော်မှုအား ပိုမိုမြန်ဆန်စေရန်အတွက် Backhold တစ်စီးထပ်မံဖြည့်တင်း ဆောင်ရွက်လျက်ရှိပြီး မြေပြန့်ပြူးသည့် ရေတင်အဆင့် ၃နှင့် ၄ အကြားရှိ ဧရိယာများ၌ ဌာနမှ စက်ယန္တရားကူညီပြီး တောင်သူမှ စက်သုံးဆီကျခံသည့် စနစ်ဖြင့် ယာမှ လယ်ပြောင်းစနစ်အား စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး

❑ **ရေရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ။** မြင်းမူမြို့နယ်၊ ပျော့ရွာ၊ မြစ်ရေတင်လုပ်ငန်းများ၌ လျှပ်စစ်ဓာတ်အားရရှိရေးမှာ အရေးကြီးသည့်လုပ်ငန်းဖြစ်၍ အုန်းတောပင်မဓာတ်အားခွဲရုံမှ ပျော့ရွာလျှပ်စစ်ရေတင်လုပ်ငန်းသို့ သွယ်တန်းရန် ကျန်ရှိနေသည့် ဓာတ်အားလိုင်းကို အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်

❑ **စိုက်ပျိုးစရိတ်ချေးငွေများရရှိရေးနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှု အခြေအနေ။** ၂၀၁၄-၂၀၁၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေခွင့်ပြုချက်ကို အချိန်မီရရှိအောင် ဆောင်ရွက်ပြီး ရလျှင်ရချင်း ပြည်နယ်/တိုင်းဒေသကြီးများသို့ ရန်ပုံငွေနှင့် Drawing Limit ခွဲဝေခွင့်ပြုချက်များ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် စိုက်ပျိုးစရိတ်ချို့တဲ့သော လုပ်ကွက်လယ်သမားများကို ဦးစားပေးထုတ်ချေးပါသည်။ တစ်ဧက ချေးငွေနှုန်းထားကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးချေးပေးခဲ့ပါသည်။ ဥပမာအားဖြင့် ၂၀၀၉-၂၀၁၀ တွင် စပါးတစ်ဧက တစ်သောင်းကျပ် ထုတ်ချေးခဲ့ပြီး ၎င်းနောက် နှစ်သောင်းကျပ်၊ ကျပ်ငါးသောင်း၊ ကျပ်ရှစ်သောင်းမှသည် တစ်နှစ်ပြီး တစ်နှစ်တိုးမြှင့်ပေးခဲ့ရာ ၂၀၁၃-၂၀၁၄ တွင် တစ်ဧက ကျပ်တစ်သိန်းထိ သတ်မှတ်ထုတ်ချေးပေးလျက်ရှိပါသည်။

❑ **ကလောမြို့နယ် ပတ်ဝန်းကျင်တွင် ထင်းရှူးပင်များခုတ်၍ ခြံခတ်သည့်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် သစ်တောဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ။** ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာအနီး ပတ်ဝန်းကျင်တွင် ထင်းရှူးပင်များခုတ်ပြီး ခြံခတ်နေ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြို့သဘာဝအလှအတွက် ကူညီပေးရန် တောင်းဆိုချက်အပေါ် အဆိုပါနေရာများသည် ၁၉၉၅-၉၆ ခုနှစ် သစ်တောဦးစီးဌာနမှ တည်ထောင်ထားသော စီးပွားရေးထင်းရှူး စိုက်ခင်း ၁၀၀ ဧကအတွင်း၌ ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေဖြင့် စိုက်ပျိုးထားခြင်းကြောင့် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၂(က)တွင် "မည်သူမဆိုသစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအတွင်း ဖွံ့ဖြိုးမှုလုပ်ငန်း (သို့မဟုတ်) စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လိုလျှင် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်"ဟု အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါသဖြင့် သစ်တောဦးစီးဌာနမှ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး

❑ **လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ။** လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း (၁)တွင် ပါရှိသည့် တပ်မတော်နှင့် သက်ဆိုင်သည့် တင်ပြတိုင်ကြားမှုပေါင်း (၅၆၅) ခုအပေါ် ပြီးပြတ်အောင် ဆောင်ရွက်ပြီးစီးမှုမှာ (၃၃၂) ခုရှိသဖြင့် ၅၈ ဒသမ ၇၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

အစီရင်ခံစာ အပိုင်း(၂)တွင် မြို့ပြများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့် စက်မှုဇုန်များ တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့် သက်ဆိုင်သည့် တင်ပြတိုင်ကြားမှု ၆၃ ခုအပေါ် တစ်ခု ဆောင်ရွက်ပြီးဖြစ်ပါသည်။

အစီရင်ခံစာအပိုင်း(၃)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ၊ ဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများပါရှိ သွားခြင်း၊ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက် ရေးအတွက် သိမ်းဆည်းခြင်းတို့နှင့် သက်ဆိုင်သည့် တိုင်ကြားမှု စုစုပေါင်း ၁၁၇ ခုအပေါ် ၄၅ ခုပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်သဖြင့် ၃၈ ဒသမ ၄၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများမှ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် အစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃) ပထမအကြိမ်နှင့် ဒုတိယအကြိမ် စုစုပေါင်း ၃၇၈ ခု၊ ရာခိုင်နှုန်းအားဖြင့် ၅၁ ရာခိုင်နှုန်း၊ ထပ်မံပေးပို့သည့် အမှုတွဲများအနက်မှ အမှုပေါင်း ၄၅ ခုဖြေရှင်း ပြီးဖြစ်၍ စုစုပေါင်း ၄၂၃ ခုကို ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

လယ်ယာသားငါး သစ်တောကဏ္ဍဆပ်ကော်မတီ

Naung Yoe Technologies Co.,Ltd
တွင် တာဝန်ထမ်းဆောင်ရန်ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Site Engineer — ကျား (၅)ဦး
B.E,B.Tech, AGTI (EC,EP,IT)Diplomaတစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

၂။ Marketing — ကျား/မ (၅)ဦး
Marketing အတွေ့အကြုံရှိရမည်။ အခြေခံကွန်ပျူတာတတ်ကျွမ်းရမည်ဖြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊ ရုပ်ရည်အသင့်အတင့်ရှိ၍ ပြောဆိုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း၊ ပညာအရည်အချင်းအထောက်အထားတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အမှတ်(၉၂)၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ **ဖုန်း-၀၆၇-၄၂၀၂၄၄၊ ၄၂၀၂၅၅**

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ လူနေရပ်ကွက်(၅)သမိုင်း၊ မြေကွက်အမှတ်(၂၄/က၁၃/၃)၊ ဧရိယာ(၀. ၂၅၀)ဧကရှိ လ/န(၃၉)ရပြီး မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ယိုးဒယားလမ်း၊ အမှတ်-၉/အေဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သဇင်နု[၁၂/မရက(နိုင်)၀၆၁၃၀၈](C/RGN-010522)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းများနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက သက်ဆိုင်ပတ်သက်သည့်စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း(စဉ်-၆၃၀၇)
တရားလွှတ်တော်ရှေ့နေ
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇





ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ(၁၈×၅၅)၊ သံသုမာလမ်းမကြီးပေါ်၊ တိုက်သစ်၊ တတိယထပ်၊ ပါကေး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ နေရာအလွန်ကောင်း၊ ကားပါကင်ရှိ၊ သိန်း (၅၂၅)။ ပွဲစား၊ အကျိုးဆောင် လုံးဝမလိုပါ။ **ဖုန်း-၀၉-၇၃၁၁၄၃၂၉**

ရောင်းမည်

CNG TAXI
AA ၆၅/၇၀ အိုး
2000 Premio
ဖုန်း-၀၉-၃၁၆၄၈၄၈၆

ကျေးဇူးဆပ်

ကျွန်တော်ကျော်ဦး၏ P.P No. 623430 မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၅၉၇၂၅

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ယိုးဒယားတက်ရွာနေ
ဦးဝင်းထိန် [အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)]-ဒေါ်နုနုရည် [အလယ်တန်းပြ(ငြိမ်း)]တို့၏သားငယ်

မောင်အောင်ကိုမင်း

B.Ed,Dip in International Relations(IR),
Master of International Relations, 2nd Year Victoria University of Wellington, New Zealand

ဌာနစုမှူး-၁၊ နိုင်ငံခြားရေးဝန်ကြီးဌာန

နှင့်

နေပြည်တော်နေ ဗိုလ်ချုပ်လှဝင်း[ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)]-ဒေါ်သန်းသန်းလင်း[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန]တို့၏သမီးကြီး

မခိုင်ငြိမ်းစု

B.Pharm, University of Pharmacy

ဌာနစုမှူး-၁၊နိုင်ငံခြားရေးဝန်ကြီးဌာန

တို့၏ ၂၅-၁-၂၀၁၄ရက်(စနေနေ့)ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုရှေ့နေချုပ်ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဦးထွန်းသိန်း(ငွေဆဒ္ဒန်)နှင့် ဦးကျော်ဆန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့အားလည်းကောင်း၊ ၁-၂-၂၀၁၄ရက်(စနေနေ့)နေပြည်တော် MICC(II)တွင် ကျင်းပပြုလုပ်သောမင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့်ဇနီး ဒေါ်မြမြစန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးဒေါ်လင်းလင်းတင်၊ ကြွရောက်ချီးမြှင့်ပေးပါသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်/နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဧည့်သည်တော်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း(MRTV)၊ မင်္ဂလာအခါတော်ပေးတေးသီဆိုပေးပါသော ဒေါ်မြမြဝင်း(MRTV)နှင့် လင်းရေစင်မင်္ဂလာတေးဂီတအဖွဲ့၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင် အပျိုတော် ဒေါက်တာလဲ့ဝင်းသူ၊ မင်္ဂလာလက်စွပ်ဗန်းကိုင် အပျိုတော် မမြတ်မြင့်မိုရ်၊ သတို့သားအရံ မောင်စိုင်းကောင်းထက်နှင့်မောင်မိုးထက်ကျော်၊ သတို့သမီးအရံ မမြင့်သန္တာစိုးနှင့် မအေးမွန်ပိုင်၊ မိတ်ကပ်နှင့်ဒီဇိုင်နာမေဦးနှင့်အဖွဲ့၊ မေတ္တာဖြင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးကြပါသော (Win & San)စိန်တိုက်(ရန်ကုန်)၊ စိန်သရဖူစိန်ရတနာဆိုင်(နေပြည်တော်)၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးမှတ်တမ်းတင်ပေးပါသော ဘဲလေးဓာတ်ပုံတိုက်၊ မင်္ဂလာဖိတ်စာ(Love)ပုံနှိပ်တိုက်၊ ပန်းအလှဆင်ခြင်းနှင့်ဧည့်ခံကျွေးမွေးခြင်း ဆောင်ရွက်ပေးပါသော ဘောဂသိဒ္ဓိ(Restaurant & Catering)မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ MICC(II)မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကိုမင်း-မခိုင်ငြိမ်းစု

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ်(၁၂၈)နေ
ဦးအောင်သိန်း[ဒု-အင်ဂျင်နီယာချုပ်(လျှပ်စစ်)ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန](Director,Max myanmar)construction Co.,Ltd]-ဒေါ်ဌေးဌေးဝင်း[အလယ်တန်းပြ-ငြိမ်း]တို့၏သားလတ်

မောင်ညီသန့်ဇင်

B.E(Civil), Myo & Brothers(Construction Co.,Ltd)

နှင့်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်(၁၀၈)နေ
ဒုတိယဗိုလ်မှူးကြီး မြင့်လွင်(ငြိမ်း)[ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန]-ဒေါ်တင်မျိုးပြုံးအောင်တို့၏သမီးငယ်

မယုမာမြင့်လွင်

B.Arch, Max Myanmar construction Co.,Ltd

တို့၏ ၁-၂-၂၀၁၄ ရက်တွင် Inya Lake Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်မြင့်သိန်း(ငြိမ်း)ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန(ငြိမ်း)နှင့်ဇနီး ဒေါ်မြသန်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၏ဇနီး ဒေါက်တာဒေါ်ဝေမာထွန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ဇနီး ဒေါ်စုညွှန့်ဦးတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်ချိုပြုံး၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မပန်သီထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော ဒေါက်တာဆွေမာမြင့်လွင်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မသန့်စင်အေး၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော မောင်ဟိန်းသူ၊ မောင်ပြည့်ဖြိုးပိုင်၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော မစုရည်နု၊ မစုလေးပိုင်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော သီတဂူ(သစ်ခွခြံ)၊ မိတ်ကပ်ဆံပင် ဖန်တီးပေးပါသော စိုးစိုးနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော သီရိရတနာစိန်ဆိုင်(တော်ဝင်စင်တာ)မှ ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်စိုးသီတာ၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော Forever Group၊ ပန်းအလှ ပြင်ဆင်ပေးပါသော ဒေါ်စန်းစန်းဦးတို့အားလည်းကောင်း၊ ၇-၁-၂၀၁၄ရက် မဟာသန္တိသုခကျောင်း၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်မိဘဆွေမျိုးများနှင့် မမေသကြိန်တို့အဖွဲ့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ညီသန့်ဇင်-မယုမာမြင့်လွင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လေကြောင်းပိုင် ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်းရှိ အမှတ်(၄၉/၅၁)၊ အဆောက်အအုံအား ဖျက်သိမ်းပြီး အခန်းပေးအခန်းယူ အကျိုးတူစနစ်ဖြင့် အဆင့်မြင့်အိမ်ရာ နှစ်ခန်းတွဲ၊ (၈)ထပ်အဆောက်အုံ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံများကို အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အုပ်ချုပ်ရေးဌာနတွင် ၇-၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၂-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထားပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့.



ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၂-၂၀၁၃ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒေါပုံမြို့နယ် ဦးအောင်ကြည်+၂ ၏ ဂရန်မိတ္တူတွင် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင်ဦး[၁၂/ဒပန(နိုင်)၀၀၂၅၃၀]အစား ဦးခင်ဦး[၁၂/ဒပန(နိုင်)၀၀၂၅၃၀]ဟုပြင်ဆင်ဖတ်ရှုပါရန်။



အမည်ပြောင်း

အထက (မြောင်းတကာ) မှော်ဘီမြို့နယ်တွင် ဆဋ္ဌမတန်း၌ တက်ရောက်နေသော အဖ ဦးရာတင်ဆန်း၏သား မောင်ဘင်ရာမင်းအား မောင်ဘင်ဇမင်သျှိန်သွေဆန်းဟု ခေါ်ရန်နှင့် မွေးသက္ကရာဇ်မှာ ၂၈-၉-၂၀၀၃ဖြစ်ကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇ)၊ မြေကွက်အမှတ်(၆၇၇)၊ မြေကွက်တည်နေရာအမှတ်(၆၇၇)၊ ဣန္ဒြာ(၆)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(ဦးကျော်လှ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်လှထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူရရှိသူ ဦးစောမြင့်ခိုင်[၁၂/သကတ(နိုင်)၁၁၃၇၄၆]က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၃၊ မြေကွက်အမှတ်(၈၈၀)၊ (အလျား ပေ၄၀ ×အနံ ပေ၆၀) ကျယ်ဝန်းသော မြေချပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ဆပ်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် စာချုပ်အဆက်အစပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချိုချိုဝင်း[၁၂/ကမရ(နိုင်)၀၁၄၅၀၈]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်း များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက အထက်ပါ မြေကွက်နှင့်အိမ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ဆက်လက်၍ ချုပ်ဆို ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ (စဉ်-၃၀၁၅၄)	**ဦးသိန်းညွှန့်**
B.Sc, DA,HGP, R.L, DBL, DML, DIL	**BA, HGP, R.L, DBL, DML, DIL**
ဒေါ်ချောချောအေး LL.B (စဉ်-၂၇၄၆၇)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)**
ဒေါ်ဝါဝါစံ LL.B (စဉ်-၂၇၈၆၀)	**အမှတ်(၁၂၂)၊ ပထမထပ်(ယာ)၊ မဟာဗန္ဓုလပန်းခြံလမ်း**
အထက်တန်းရှေ့နေများ	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၄၂၀၀၁၅၂၅၅	**ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၅၃၀၀၇**

ဒေါ်ခင်ဦး(ခ)အပါး

အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးကြည်-ဒေါ်တင်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးလှဘို-ဒေါ်အေးရွှေ)တို့၏ သမီးချွေးမ၊ တိုက်(D)၊ အခန်း(၆)၊ ရွှေသရဖီရိပ်မွန်၊ ကမာရွတ်မြို့နယ်နေ [ဦးစိုးလှိုင်(Chief Engineer)]၏ ချစ်လှစွာသောဇနီး၊ ကိုသူရအေးမင်း-မမိုးမိုးလှိုင်၊ ကိုဖြိုးမြင့်မောင်(ခ)ဖိုးသား (ရွှေရည်ဝင်းရောင်းဝယ်ရေး၊ ယုဇနပလာဇာ)-မသီသီအောင်၊ ကိုအာကာယုမောင်-မနီနီလှိုင်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၄-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

မြောက်ဥက္ကလာပမြို့နယ်နေ ဒေါက်တာဦးဖေသန်း M.B.,B.S(YGN)၊ ဆေးတက္ကသိုလ် (၂) ၁၉၆၆-၇၃၊ ရွှေချိုးဖြူ ဆေးကုခန်း အသက်(၆၇)နှစ်သည် ၂-၂-၂၀၁၄ရက်က Green Cross ဆေးရုံး၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာတပည့်
ဇော်မင်းထွန်း

အထူးကျေးဇူးတင်လွှာ

၁၃-၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးမြင့်ချို အသက်(၅၇)နှစ်၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ပျော်ဘွယ်မြို့နယ်၊ တောင်ညောင်ကုန်းကျေးရွာ သုသာန်၌ ဂူသွင်းသဂြိုဟ်ရာတွင် သရဏဂုံတင် ဆောင်ရွက်ပေးခဲ့ပါသော မဟာအတုလ လောကမာရဇိန် ဘုရားကြီးကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များ၊ သက်ပျောက်ဆွမ်းမှ ရက်လည်ဆွမ်းကျွေး အလှူအထိတရားရေအေး ညွှန်ပြပေးပါသော ရန်ကုန်၊ သရက်တောကျောင်းတိုက်၊ သာသနောဒယကျောင်း ဆရာတော်ကြီးနှင့် သံဃာတော်များ၊ ခရီးလွန်နေသော ဇနီးသည် ကိုယ်စားအဘက်ဘက်မှ အစစအရာရာ လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးပါသော အစ်ကိုကြီး ဒေါက်တာဦးမျိုးလှိုင်နှင့် အစ်မကြီး ဒေါ်ခင်မာလွင်၊ သား ဦးမြင့်သူရလှိုင် မိသားစု၊ ဦးဝင်းသော်၊ ကျေးဇူးရှင် ဖခင်ကြီး၏ ဈာပနကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ပေးသော သားကြီး ဦးချိုလွင်ထွန်း၊ မြေကွက်လှူဒါန်း အမှုပေးဝေသော သမီး မသဥ္ဇာအောင်၊ ရက်လည်ဆွမ်းကျွေး အလှူပြုလုပ်ပေးပါသော သားငယ် မောင်ညီလွင်မြင့်နှင့်သမီး ခိုင်ဆုဝေ၊ ကျေးဇူးရှင်မိဘနှစ်ပါးနှင့်ညီအစ်ကို မောင်နှမများ၊ ပေပင်လေးတိုက်နယ်ဆေးရုံ ဆရာဝန်နှင့်ဝန်ထမ်းများ၊ ပျော်ဘွယ်မြို့နယ် နာရေးကူညီမှုအသင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်ညောင်ကုန်းကျေးရွာ၊ ရွာသူ၊ ရွာသားများ၊ ရဲစခန်းမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ လှည့်ကင်းရဲတပ်ဖွဲ့ဝင်များ၊ မိတ္ထီလာမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ညွှန်ချုပ်ကြီးနှင့်ဇနီး မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲစွာ ကူညီဆောင်ရွက်ပြီး အလှူငွေ၊ သက်န်းများနှင့် လှူဒါန်းဖွယ်ရာ ပစ္စည်းမျိုးစုံ ပေးပို့ကြပါသော သူငယ်ချင်းကောင်းများ၊ ဓာတ်ပုံပညာရှင်သူငယ်ချင်းများ၊ (၁၉၇၅-၇၉)ဓာတုဗေဒ သူငယ်ချင်းကောင်းများ၊ စနေနေ့တိုင်း ဆုံတွေ့နေကြ စိန်ပေါလ် ကျောင်းသား သူငယ်ချင်းကောင်းများ၊ လမ်းမတော်မြို့နယ်မှ မိတ်ဆွေသူငယ်ချင်းကောင်းများ၊ နယ်ဝေးမှ ဝမ်းနည်းပူဆွေးစွာ မေးမြန်းကြသော ဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကွယ်လွန်သူအတွက် ရည်စူး၍ တစ်လပြည့် ဆွမ်းကျွေးတရားနာယူနိုင်ပါရန် ၁၃-၂-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၆၂)၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ် နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူဇနီး ဒေါ်ခင်စီလွင်နှင့်
သားသမီးမြေးမိသားစု

Chin World အပတ်စဉ် သတင်းစာကို
ချင်းသတင်း ကဏ္ဍစုံလင်စွာဖြင့် ထုတ်ဝေလိုက်ပါပြီ။
ကြော်ငြာများထည့်သွင်းနိုင်ပြီး ဂျာနယ်ကို
အိမ်အရောက်ဝန်ဆောင်မှုဖြင့်
မှာယူဖတ်ရှုနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း-
၀၉-၂၅၀၁၈၆၇၈၂၊ ၀၉-၄၃၁၁၄၇၅၇၊ ၀၉-၃၁၆၇၂၈၉၇၊
၀၉-၃၃၄၉၇၀၃၄

အများသိစေရန်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်-၁၀၁(၄-လွှာ/ခေါင်းရင်းခန်း)နေ ဒေါ်သန်းသန်းနွဲ့[၁၄/တကက(နိုင်)၁၉၅၁၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကုက္ကိုင်းလမ်း၊ အမှတ်-၆၉(၄)လွှာ (ခြေရင်းခန်း)ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းနွဲ့မှ ဝယ်ယူပိုင်ဆိုင်ထားသော အခန်းဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်သန်းသန်းနွဲ့၏ သဘောတူညီချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဆွေစင်အိ(LL.B.,LL.M)	**ဦးမျိုးဝေထွန်း(LL.B.,D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၇)	**အထက်တန်းရှေ့နေ(စဉ်-၃၀၉၆၇)**

အမှတ်(၉/၁၁)၊ အခန်း(၃၀၆)၊ ၄-လွှာ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၉၄၉၀၉

ဝမ်းနည်းကြေကွဲခြင်း

ဦးတင့်လွင်(ခ)ဦးတိုးကြွယ်

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်ပင်အထက်လမ်း၊ အမှတ်(၇၄)နေ ဦးညီညီလွင် [B.O.D, Shwe Pyi Tagon Telecommunication (Public)Co.,Ltd.]-ဒေါ်ဖူးပွင့်မိုး(ခ)ဒေါ်အေးအေးအောင်တို့၏ ဖခင် ဦးတင့်လွင်(ခ)ဦးတိုးကြွယ် အသက်(၇၆)နှစ်သည် ၂-၂-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာ
ဒါရိုက်တာအဖွဲ့ဝင်များနှင့်
ရွှေပြည်တံခွန်တယ်လီကွန်း(အများပိုင်)ကုမ္ပဏီလီမိတက်
ဝန်ထမ်းများအားလုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၅၊ မြေကွက်အမှတ်-၆၉၂/ခ၊ မြေကွက်တည်နေရာ-၆၉၂/ခ၊ သုမင်္ဂလာ(၂)လမ်း၊ ၁၉-ရပ်ကွက်၊ လှိုင်သာယာ၊ ဦးကိုဦးအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကိုဦးထံမှအရပ်ကတိ အရောင်းအဝယ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးခင်မောင်ဌေး၊ ဒေါ်ဥမ္မာဝင်းတို့မှ လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်၍ နှစ်ဦးသဘောတူ ပစ္စည်းခွဲဝေခြင်းကတိစာချုပ်အရ သားသမီးများ ဖြစ်ကြသော မောင်ဇေယျာထွန်း၊ မောင်ညီညီထွန်း၊ မနှင်းမိုးသူတို့ ကိုယ်စားသဘာဝအုပ်ထိန်းသူ မိခင် ဒေါ်ဥမ္မာဝင်း[၁၂/ကမရ(နိုင်)၀၁၁၂၁၅]က ပါမစ် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ E-Oရုံးထောက်ခံစာတို့တင်ပြပြီး ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၁)လပြည့်အလွမ်း

မော်လမြိုင်ကျွန်းမြို့နယ်၊ တံခွန်တိုင်ကြီး(ထ/ခွဲ)ကျောင်းအုပ် ဦးအေးမြင့် (၅၁)နှစ်သည် ၄-၁-၂၀၁၄ရက်က ကွယ်လွန်ခဲ့ရာ ယခု ၄-၂-၂၀၁၄ရက်တွင် (၁)လပြည့်မြောက်ပြီဖြစ်သော်လည်း နေ့စဉ်သတိရ အောက်မေ့လျက်ပါ။ မောင်ကြီးအတွက် နေ့စဉ်ပြုသမျှ ကောင်းမှုကုသိုလ်များကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ အမျှ-အမျှ-အမျှ

ကျန်ရစ်သူ အစ်မနဲ့ညီမများ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့နေ ဦးမြသိန်း(ခ) CHIN CHET LIN (ခ) JOHN CHIN နှင့် ဦးမြဟန်(ခ)CHIN CHET MIN(ခ)PETER CHINတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-ပီ)၊ မြေကွက်အမှတ်(၄၇)၊ မြေဧရိယာ(၁. ၇၁၁)ဧကေ မြေပေါ်ရှိ အမှတ်(၅၈-အေ)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်သန်းညွန့် (အေဒီ-၀၅၆၇၈၅)[၁၂/ဥကတ(နိုင်)၀၁၈၃၅၅] အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းညွန့် ကွယ်လွန်ပြီးနောက် သားဖြစ်သူ ဦးမောင်ကိန်းအနေဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆက်လက်ပိုင်ဆိုင်ရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဒေါ်သန်းညွန့်(ကွယ်လွန်)၏ သားဖြစ်သူ ဦးမောင်ကိန်းနှင့် ဦးမောင်ကိန်း၏ သားသမီးများဖြစ်ကြသော ဦးမြသိန်း၊ ဦးမြဟန်အပါအဝင် သားသမီး(၆)ဦးတို့၏ သဘောတူညီမှုဆန္ဒမပါရှိဘဲ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ထပ်ဆင့်ပြန်လည်ငှားရမ်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဌေး(B.A,H.G.P,R.L)၊တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၅၅/၈၆)
အမှတ်-၃၅၊ ၃-လွှာ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၂၅၄၈၂

အများသိစေရန်ကြေညာချက်

[illegible]

စဉ်	အမည်	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]

[illegible]

တောင်ဥက္ကလာပတွင်
Myint Universe
[illegible]

ထိုက်ထိုက်တန်တန်

တောင်/မြောက် လမ်းဆုံအနီး၊ အခန်းကျယ်၊ ထောင့်ခန်း၊ ပထမထပ်၊ လမ်းမျက်နှာစာနှစ်ဖက်၊ အိပ်ခန်းကျယ်(၂)ခန်း၊ အဲကွန်းအသစ်(၃)လုံး၊ ဘိုတိုင်အသစ်၊ ဝရန်တာနှင့်မျက်နှာစာပေ ၃၀၊ သံပန်း၊ လျှောက်လမ်းပြည့်ကြွေပြား၊ ဆန်းရှိတ်ပတ်လည်ပြည့် ခေတ်မီလှပစွာမွမ်းမံပြီး၊ ရေ၊ မီးကောင်း၊ ဈေး၊ ကျောင်း၊ ကားဂိတ်အနီး၊ ပိုင်ဆိုင်မှုခိုင်မာသော အိုး/အိမ်တိုက်ခန်း (ညှိနှိုင်းဈေး)**ဖုန်း-၀၉-၇၃၁၃၅၄၄၄၊ ၇၃၁၀၆၅၇၄**

ပျောက်ဆုံး

ဦးဘစိုးချစ်[၁၂/သဃက(နိုင်)၁၂၃၄၀၈]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိခဲ့ပါက ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀၂၀၀၀၈

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပြည်မြို့၊ နဝင်းကွက်သစ်၊ ၅/၆၂ နေ ကျွန်တော်ဦးရဲဝင့်နိုင်[၁၄/ပတန(နိုင်)၀၀၀၂၁၁]သည် ဇနီးဖြစ်သူ မခင်ဖြူဖြူဝင်း[၇/ပမန(နိုင်)၀၅၆၅၁၅]အဝေးသင်ဌာနခွဲ-ပြည်တက္ကသိုလ်နှင့် သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂-၁၀-၂၀၁၃ရက်မှစ၍ ဇနီးဖြစ်သူနှင့် တကွ နေအိမ်နှင့်ပစ္စည်းအားလုံး စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မခင်ဖြူဖြူဝင်းအား ဇနီးအဖြစ်မှ တရားဝင် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးရဲဝင့်နိုင်[၁၄/ပတန(နိုင်)၀၀၀၂၁၁]

ဦးခင်မောင်ဝေ၊ ဒေါ်ပြုံးပြုံး၊ ဒေါ်မိုးမိုး၊ ဦးဇော်မိုးထွေးနှင့် Grand Asia ဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးဇော်ဝင်း[၁၂/လမန(နိုင်)၀၀၇၉၇၂]နှင့် အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမြင့်ကြိုင်[၁၂/လမန(နိုင်)၀၄၉၂၉၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သမစိတ္တလမ်း၊ အမှတ်(ဂျီ-၃)ဟုခေါ်တွင်သော ပေ(၄၀×၂၀)အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်မှာ အမွေရှင် ဦးဘအေး၊ ဒေါ်ပုတို့ကျန်ရစ်ခဲ့သော အမွေဆိုင်ပစ္စည်းဖြစ်ပြီး ၎င်းတို့နှစ်ဦးကွယ်လွန်ပြီးနောက် ၎င်းတို့၏ သမီးနှစ်ဦးဖြစ်သော ဒေါ်သင်းလှနှင့်ဒေါ်စန်းမြင့်တို့က ဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။ ဦးမြင့်ကြိုင်မှာ ဒေါ်သင်းလှ၏ တစ်ဦးတည်းသောသားဖြစ်ပြီး ဦးခင်မောင်ဝေ၊ ဒေါ်ပြုံးပြုံး၊ ဒေါ်မိုးမိုးနှင့် ဦးဇော်မိုးထွေးတို့မှာ ဒေါ်စန်းမြင့်၏သားသမီးများ ဖြစ်ကြပါသည်။

ဦးခင်မောင်ဝေ၊ ဒေါ်ပြုံးပြုံး၊ ဒေါ်မိုးမိုးနှင့် ဦးဇော်မိုးထွေးတို့က ကျွန်ုပ်တို့၏မိတ်ဆွေအား အသိမပေးဘဲ အမွေဆိုင်နေအိမ်အား ဖျက်သိမ်း၍ အမွေဆိုင်မြေပေါ်တွင် ကန်ထရိုက်တာ ဦးဇော်ဝင်း(Grand Asia)ဆောက်လုပ်ရေးကုမ္ပဏီအား အပ်နှံ၍ (၅)ထပ်(ဒါဘာ)တိုက် ဆောက်လုပ်လျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အမွေဆိုင်တစ်ဦးဖြစ်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်ကြိုင်၏သဘောတူခွင့်ပြုချက် မပါဘဲ ဆောက်လုပ်လျက်ရှိသော တိုက်အား ချက်ချင်းရပ်ဆိုင်းပေးရန်နှင့် နေအိမ်တိုက်ခန်းများအား ကြိုတင်ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းပေးခြင်း မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

လိုက်နာခြင်းမရှိပါက လူကြီးမင်းတို့အပေါ် တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းများအရ တရားစွဲအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိမ်း(စဉ်-၄၀၄၈)	**ဒေါ်ဇင်မာထွေး(စဉ်-၈၉၅၇)**
(B.A, R.L)	**LL.B,D.B.L.WIPO (Geneva)**
ဖုန်း-၀၉-၇၃၁၁၃၃၆၄	**ဖုန်း-၀၉-၇၃၁၀၆၁၅၈**

တရားလွှတ်တော်ရှေ့နေများ
တိုက်(၅၅)၊ အခန်း-၂၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြကြည်
အသက်(၉၁)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးငွေအောင်-ဒေါ်ခင်ခင်ဦးတို့၏မိခင်ကြီး ဒေါ်မြကြည်သည် ၃-၂-၂၀၁၄ (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သံအမတ်ကြီးဦးအေးခိုင်နှင့် ဇနီး ဒေါ်နွဲ့နွဲ့
(ကူဝိတ်နိုင်ငံ)

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးဝင်းဆွေ(ငြိမ်း)
ကြည်း/၁၁၂၃၈၊ စစ်တက္ကသိုလ်အမှတ်စဉ်(၉)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၇)နေ ဗိုလ်မှူးဝင်းဆွေ(ငြိမ်း)သည် ၄-၂-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးအေးကြူ(ငြိမ်း)-ဒေါ်စိန်စိန်ငွေး

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
သုဓမ္မသိင်္ဂီဒေါ်ခင်သိန်း(တောင်ကြီး)
အသက်(၈၃)နှစ်

ဦးညဏ်လင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်-၁)၏မိခင် ဒေါ်ခင်သိန်းသည် ၂၈-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

ဦးနန္ဒာလှမြင့်၊ ဒေါ်သဇင်အေးလင်း မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း
အသက်(၆၈)နှစ်

ဦးလှထွန်းနှင့်အဖွဲ့လီမိတက် စာရင်းစစ်အဖွဲ့မှ ဒါရိုက်တာ ဦးမောင်မောင်အောင်၏မိခင် ဒေါ်သန်းသန်းမြင့်(ခ) ဒေါ်ရန်လင်း အသက်(၆၈)နှစ်သည် ၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
သမဝါယမဘဏ်လီမိတက်

အထူးကျေးဇူးတင်ရှိကြောင်း
ဒေါက်တာဦးဖေသန်း
(M.B.,B.S) (1966-73) ဆေးတက္ကသိုလ်(၂)
အသက်(၆၇)နှစ်
(ရွှေချိုးဖြူဆေးကုခန်း)

ဒေါက်တာဦးဖေသန်း မကွယ်လွန်မီ အချိန်ကာလ၌ Green Cross ဆေးရုံပေါ်၌ ဆေးကုသချိန်ကာလအတွင်း ဂရုတစိုက်ပြုစုကုသပေးကြပါသော ပါမောက္ခဦးခင်မောင်အေး(အဆုတ်နှင့်ရင်ခေါင်းခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခဦးစိုးမောင်(ခါတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး)နှင့်တကွ Green Cross ဆေးရုံမှ ဆရာဝန်ကြီးများ၊ စေတနာထား၍ပြုစုပေးကြပါသော သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကွယ်လွန်ပြီးအချိန်ကာလ၌လည်း လိုက်ပါပို့ဆောင်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်း အသင်းအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး
ဦးအောင်တင်(ခ)ရော်ရောင်ပင်း
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာ(၄)လမ်း၊ အမှတ်(V-56)နေ ဒေါ်ခင်ဆွေမြင့်၏ ခင်ပွန်း၊ ဒေါ်စုစုအောင်-ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ထူး-ဒေါ်အေးအေးခင်၊ ကိုကျော်ထင်အောင်၊ မနှင်းဦးအောင်တို့၏ဖခင်၊ မောင်ဟန်လင်းထက်၏ ချစ်လှစွာသော အဘိုး ဦးအောင်တင်သည် ၄-၂-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၄(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကြည်လှိုင်
အသက်(၆၆)နှစ်
[စက်မှု(၁)ထွေ/ထိန်း]

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊ အမှတ်(17/A-2)နေ (ဦးစိုးလွင်-ဒေါ်သန်းညွန့်)တို့၏ သား၊ (ဦးညွန့်-ဒေါ်မြသန်း)တို့၏ သားသမက်၊ ဒေါ်မေမေစန်း၏ခင်ပွန်း၊ ဦးဝင်းထွဋ်-ဒေါ်ယုယုလှိုင်၊ ဒေါ်အိမာလှိုင်တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်သီဟလှိုင်၊ မောင်လင်းဝေယံလှိုင်၊ မောင်ခန့်ဘုန်းထွဋ်တို့၏ အဘိုးသည် ၆-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄(စနေနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်နှင့် နေ့ရက်အား ထပ်မံအကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ ဒါယကာကြီး
ဦးလှကြည် အသက်(၈၀)
(ထိပ်တန်း ဒန်သတ္တုလုပ်ငန်း)
(တ/ဥက္ကလာပမြို့နယ်၊ သန်လျင်ကျိုက်ခေါက်စေတီတော် တပို့တွဲလ ခြင်းလုံးသက်ကြီးကန်တော့ခံ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၈၂၂)၊ သံသုမာလမ်းနေ ဒေါ်မြ၏ခင်ပွန်း၊ ဦးမျိုးကြည်-ဒေါ်ရင်ငြိမ်း(ထိပ်တန်းဒန်သတ္တုလုပ်ငန်းနှင့် ဒန်၊ သတ္တု၊ စတီးပစ္စည်း ရောင်းဝယ်ရေး)၊ ဦးမျိုးဝင်း(K&L Co., စင်ကာပူ)-ဒေါ်စီစီမြင့်(အမက-၅၊ သင်္ဃန်းကျွန်း)၊ ဦးမျိုးရွှေ(ခေတ္တ-အင်ဒိုနီးရှား)-ဒေါ်တင်တင်မိုး၊ ဒေါ်မြင့်မြင့်အေး[ကျောင်းအုပ်၊ လ/ခွဲ-၁၆၊ ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ်]၊ (ဦးခင်မောင်ညွန့်)-ဒေါ်သန်းသန်းဦးတို့၏ဖခင်၊ မောင်ကြည်ရွှေဦး(ခ)မောင်သုတစိုး(Ammb Co., မလေးရှား)၊ မောင်ဝေဖြိုးအောင် (TEO ရုံး၊ သင်္ဃန်းကျွန်း)၊ မောင်မင်းညွန့်ဦး (အထက-၁၊ သင်္ဃန်းကျွန်း)၊ မောင်ထွဋ်ခေါင်လင်း(အထက-၃၊ တောင်ဥက္ကလာ) တို့၏အဘိုးသည် ၁-၂-၂၀၁၄(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးလှရွှေ (၆၅)နှစ်
ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ရွှေနေချုပ်ရုံးခွဲ-မန္တလေး အောင်ဆန်း(၆)

တောင်ငူမြို့၊ အမှတ်(၂၂)၊ (၁၄) ရပ်ကွက်၊ (၆)လမ်းနေ (ဦးဘဇံ-ဒေါ်ချစ်မေ)တို့၏ သားငယ်၊ မန္တလေးမြို့နေ (ဦးကိုကို-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ (ဦးမောင်မောင်အေး)-ဒေါ်ခင်စိုး၊ [ဦးခင်မောင်ဝင်း (ရုံးအုပ်၊ ကက-ငွေ၊ ငြိမ်း)]၊ ဦးတင်မောင်ဝင်း (မန်နေဂျာ-ငြိမ်း၊ စီးပွား/ကူးသန်း)-(ဒေါ်တင်တင်ရွှေ)၊ ဦးတင်အောင်ဝင်း (မြို့နယ်အင်ဂျင်နီယာ၊ ရွှေပြည်သာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး)-ဒေါ်ခင်ခင်လေး၊ ဦးတင်ရွှေ (အုပ်ချုပ်မှုဒါရိုက်တာ-ငြိမ်း၊ ရန်ကုန်မြောက်ပိုင်ခရိုင်၊ GEC)-ဒေါ်ဒေါ်လီ(ဒုတိယစီမံကိန်းမှူး-ငြိမ်း)တို့၏ ညီ၊ ဒေါ်ရီရီမာ(အဝေးသင်တက္ကသိုလ်-ရန်ကုန်၊ သုတေသနဖွံ့ဖြိုးရေးဌာန၊ ငြိမ်း)၏အစ်ကို၊ မရွှေနန်းသူ (Project Manager, Myanmar Office Branch KAUS Media Group Co., Ltd. Romania)၏ ချစ်လှစွာသောမွေးသဖခင်၊ ဒေါ်တီနာကို (အထက်တန်းရှေ့နေ)၏ ချစ်လှစွာသောခင်ပွန်း ဦးလှရွှေသည် ၂၃-၁-၂၀၁၄ရက် ည ၇း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၄-၁-၂၀၁၄ရက် ဂျွန်မအာနမာဇ်ပြီး အေးရိပ်ငြိမ် မန္တလေး ကဘာရ်စတန်ဥယျာဉ်သို့ ပို့ဆောင် ဒါဖွာနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးလှရွှေ (၆၅)နှစ်
B.A(Law), LL.B (1972)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၉၃)
ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ရှေ့နေချုပ်ရုံးခွဲ-မန္တလေး

မန္တလေးမြို့နေ ရုံပိုင်ကြီး (ဦးမွတ်-ဒေါ်သန်းစိန်)၊ စာအုပ်ကုန်သည်ကြီး (ဦးစမူ-ဒေါ်အရှာ)တို့၏ မြေးသမက်၊ တောင်ငူမြို့နေ (ဦးဘဇံ-ဒေါ်ချစ်မေ) တို့၏သားငယ်၊ မန္တလေးမြို့နေ (ဦးကိုကို-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဒေါ်ဒေါ်လီကို၊ ဒေါ်တက်စီကို၊ ဒေါ်တယ်မီကိုတို့၏ခဲအို၊ ဦးဂျက်စီကို၏ ယောက်ဖ၊ ခြံအမှတ် (ဘီ-၇)၊ သီရိရိပ်သာ(၂)၊ (၆၅)လမ်း၊ (၃၄×၃၅) လမ်းကြား၊ မန္တလေးမြို့နေ ဒေါ်တီနာကို (အထက်တန်းရှေ့နေ)၏ ချစ်လှစွာသော ခင်ပွန်း၊ မရွှေနန်းသူ (Project Manager, Myanmar Office Branch KAUS Media Group Co., Ltd. Romania) ၏ချစ်လှစွာသော မွေးသ ဖခင် ဦးလှရွှေ(ခ)မိုဟမ္မဒ်ဟာရွန်ရှကူး သည် ၂၃-၁-၂၀၁၄ရက် ည ၇း၃၀နာရီ တွင် အလ္လာဟ် သျှင် မြတ် အမိန့်တော် ခံယူသွားပါသဖြင့် ၂၄-၁-၂၀၁၄ ရက် ဂျွန်မအာနမာဇ်ပြီး အေးရိပ်ငြိမ် မန္တလေး ကဘာရ်စတန်ဥယျာဉ်သို့ ပို့ဆောင် ဒါဖွာနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
ဦးမြင့်အေး အသက်(၆၀)
(ညွန့်ကားပစ္စည်းဆိုင်)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်နေ (ဦးသန်းမြင့်-ဒေါ်တင်ညွန့်)တို့၏သား၊ အိုးဘိုရပ်နေ (ဦးဘဟိန်း)-ဒေါ်အုန်းမြင့်တို့၏သားသမက်၊ ဒေါ်ခင်လှမြင့်၏မောင်၊ ကိုကျော်သန်းငွေ-မစောယုမွန်၊ မောင်ကိုကို-မသန္တာဇော်၊ မဖြိုးမမ၊ မောင်ဖြိုးမောင်မောင်-မခိုင်ဇာလင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ (B-၁၆/၁၅)၊ (၅၃)လမ်း၊ (၃၂×၃၃)လမ်းကြားနေ ဒေါ်ကျော့ကျော့ခိုင်၏ခင်ပွန်းသည် ၅-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

မမွန်မွန်ဇာ (၃၂)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာနေ ဦးဝင်း-ဒေါ်အေးမေ၊ ကတ္တန်ဖြူဘကျေးရွာနေ ဦးအုန်းမြိုင်-ဒေါ်ခင်ကြည်တို့၏မြေး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊ အနော်ရထာလမ်း၊ အမှတ်(၈၀/က)နေ (ဦးတင်ရွှေ)-ဒေါ်အေးသိုက်တို့၏သမီးငယ်၊ ပျဉ်ပုံရွာသစ်နေ ဦးတင်အေး-(ဒေါ်လုံး)တို့၏သမီးချွေးမ၊ ကိုအောင်မျိုးဆွေ (A.E၊ လမ်းတံတား)၊ ကိုမင်းညီ၊ ကိုအောင်လင်း-မခင်အေးမွန်၊ မသင်းသင်းခိုင်၊ ကိုဟန်ဝင်း-မနွယ်နွယ်ဝင်း၊ ကိုစောယုနိုင်၊ ကိုသိန်းမြင့်ဦး၊ ကိုနိုင်ဦး-မမာမာဝင်း(ရွှေယုန်ဖိနပ်လုပ်ငန်း)၊ ကိုကိုကိုနိုင်-မအိရွှေစင်တို့၏ညီမ၊ ကိုမင်းစုပိုင်၏အစ်မ၊ ကိုကျော်ကျော်နိုင်၏ချစ်လှစွာသော ဇနီး၊ တူ/တူမငါးယောက်တို့၏အဒေါ်သည် ၅-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးသိန်းဝင်း (၆၅)နှစ်
(PIA-Shipping, Manager, Chief Instructor/Engine Dept.)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇) အရှေ့ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂)နေ (ဦးကိုကိုကြီး-ဒေါ်ညွန့်စိန်)တို့၏ သား၊ (ဦးသိန်း-ဒေါ်အမာ)တို့၏ သားသမက်၊ ဒေါ်လှမြတ်သိန်း၏ခင်ပွန်း၊ ဦးဝေလင်းကိုကို (Second mate FG Uniteam)-ဒေါ်ယဉ်လွှာဝင်း၊ ကိုအေဇာသိန်းဝင်း(ခေတ္တ-Dubai)၊ မငုဝါဝင်း (နည်းပြ၊ ကွန်ပျူတာတက္ကသိုလ်၊ ကျိုင်းတုံ)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၂-၂၀၁၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်)။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝိုင်း (၆၃)နှစ်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဥက္ကဋ္ဌ) ဇီးကုန်းမြို့

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဇီးကုန်းမြို့၊ (၅)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၂၈)နေ (ဦးစောညိုလတ်)၏ ဇနီး ကိုစိုးသူရ (ခေတ္တ-USA)၊ မခင်ငြိမ်း ငြိမ်းအိ၊ မသီရိညိုတို့၏မိခင်သည် ၅-၂-၂၀၁၄ရက် ညနေ ၄း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄(သောကြာနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ဇီးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးသူရ (၆၇)နှစ်
[ကပရ(အငြိမ်းစား ယာဉ်ဌာန-ဒုကြီးကြပ်ရေးမှူး)]

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ရွှေပြည်သာလမ်း (အနောက်)၊ အမှတ်(၁၀၂)နေ ဦးသိန်းမြင့်-ဒေါ်ခင်ကြွေတို့၏သား၊ ဦးလှအုန်း-ဒေါ်ခင်သန်းကြည်တို့၏ ညီ/မောင်၊ ကိုမြင့်စိန်၊ မောင်ကိုကိုဝင်း-ဒေါက်တာမြင့်မြင့်သိန်း၊ မောင်အောင်ကျော်စိုး-မခင်အေးနွယ်တို့၏အစ်ကို၊ မောင်မင်းသူရိန်သန့်၏ဘကြီးသည် ၅-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ အမှတ်(၁၀၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သောင်းရင်(အိမ်မဲ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၄၉) လမ်း၊ အမှတ်(၁၄၀)၊ ခြောက်လွှာနေ (ဦးစစ်ရှင်-ဒေါ်ဖွား)တို့၏သမီး၊ (ဦးအုန်းမောင်)၏ဇနီး၊ (ဦးကျင်ဟုတ်)၊ ဒေါ်တင်တို့၏အစ်မ၊ (ဦးလှထွန်း)၊ ဒေါ်ခင်သန်းရွဲ၊ ဦးတင်လှိုင်၊ ဒေါ်စုစု၊ ဦးမြင့်ဆွေ၊ ဒေါ်စီစီ၊ ဒေါ်လီလီတို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွားသည် ၆-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမ ရဟီမာဘီ(ခ)
ဒေါ်ခင်မာလွင် (၆၉)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်နေ ဦးကျော်လွင်(ခ)မိုဟမ္မဒ်အွမ့်တိုင်၊ ဒေါ်နူးရ်ဘီ(ခ)ဒေါ်ပုတို့၏သမီးကြီး၊ ဦးစိန်လွင်-ဒေါ်ခင်မေလွင်၊ ဒေါ်ကြူကြူ (ဦးကျော်ညွန့်)၊ ကိုထင်ကျော်-ဒေါ်မူမူ (ကနေဒါ)၊ ဦးအုန်းရွှေ-ဒေါ်ခင်မာအေးတို့၏ အစ်မကြီး၊ ဒေါ်သန္တာလွင်၊ ဦးအောင်လွင်ကိုလတ်-ဒေါ်ဂျာဒွဲ၊ ဒေါ်ခင်စန္ဒာလွင်၊ မအေးသိမ့်သိမ့်ထွန်းတို့၏ အဒေါ်၊ မမီမီအောင်၊ မနီနီအောင် (ကနေဒါ)၊ ရန်နိုင်အောင်တို့၏မွေးသမိခင်၊ မင်းနိုင်သူ၊ မင်းခန့်လူ၊ သူရဘုန်းနိုင်(ကနေဒါ)၊ မင်းထက်အောင်၊ စည်သူအောင်(ကနေဒါ)တို့၏အဘွား၊ ဦးသိန်းအောင်(ကထိက-ငြိမ်း၊ စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မာလွင်သည် ၅-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၁၂နာရီတွင် ရန်ကုန်မြို့၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၂၈/၁၂) နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၆-၂-၂၀၁၄(ကြာသပတေးနေ့) ဇဟိုရ်အပြီး ရေဝေးကဘာရ်စတန်၌ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မောင်ပိုင်စိုးထက်(ခ)ကိုပိုင်ကြီး
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၈)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်(၁၂၉)နေ ဦးတက်ပ-ဒေါ်နှင်းယဉ်၊ ဦးလှရွှေ-ဒေါ်တင်စိန်တို့၏မြေး၊ ဦးစိန်သန်း(မြန်မာ့မီးရထား၊ ဟင်္သာတ)-ဒေါ်အေးအေးမူတို့၏သားကြီး၊ မောင်ဝင်းဟိန်းမောင်(ခ)နိုင်အောင်ချစ်-မသင်းသင်းမာ(ခ)တူးငယ်၊ မောင်ငြိမ်းအောင်၊ မမိုင်မြန်မာတို့၏အစ်ကိုကြီးသည် ၅-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျိုက်ဖသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသူရိယ
သိက္ခာတော်(၂၆)ဝါ၊ သက်တော်(၄၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာတိုက်၊ ရှမ်းမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တသူရိယသည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ရက်) ၆-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်) ၁၀-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (ရှမ်းမြောက်ကျောင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ဈာပနကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မာမာမြင့်(ခ)ဒေါ်သိန်းသိန်းရွှေ(အင်းစိန်) (၆၅)နှစ်
(သဒ္ဓမ္မရံသီရိပ်သာ-ယောဂီ)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ(ဗိုလ်ကြီးရဲမြင့်)-ဒေါ်ခင်လှိုင်(နန်းညွန့်ရတနာ)တို့၏သမီး၊ ဦးစိုးမြင့်-ဒေါ်ညွန့်ညွန့်ဝင်းတို့၏ညီမ၊ ဦးသိန်းတန်-ဒေါ်ငွေငွေ (သိင်္ဂီရွှေဝါ ကုန်မျိုးစုံ)၊ ဦးစိုးဝင်း-ဒေါ်ကျင်သန်းတို့၏အစ်မ၊ ဦးဇေယျာငွေ-ဒေါ်အေးမီစံဝင်း(စံမြင့်မိုရ်ဆောက်လုပ်ရေး)နှင့် (နန်းမြင့်သဇင်ရတနာရွှေဆိုင်)၊ ဦးကြည်ညွန့်-ဒေါ်အေးသန့်ရည်မွန်လွင် (နဝရတ်ကိုးသွယ် ရွှေရတနာဆိုင်)၊ ဦးမျိုးမင်းထက် (ပန်းမြို့တော်-၂)-ဒေါ်ခိုင်ဆုမွန်(ECM-Fancy)တို့၏မိခင်၊ မသြမြတ်သီရိကြည် (Grade-3, TTC)၊ မောင်ခန့်ကျော်ဇ (Grade-2, TTC)၊ မောင်ဘုန်းမြင့်မြတ် (စံပြမူကြို)၊ မအိမ့်ချမ်းမြေ့တို့၏အဘွား၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်ကွက်၊ ပေမာဂနိုင်ကျောင်းလမ်း၊ အမှတ်(၁၂၇၉/F) စံမြင့်မိုရ်ခြံနေ(ဗိုလ်မှူးစံဝင်း)၏ဇနီးသည် ၆-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၀း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Dr. L.Je Naw (၆၂)နှစ်

ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာမြို့နယ်(ခွဲ)နေ သိက္ခာတော်ရဆရာတော်ကြီး (ဦးလဗျဒေး-ဆရာမဒေါ်မရစ်ကိုင်)တို့၏မြေး၊ ဆေးဆရာကြီး(ဦးလဗျဂမ်)-ဆရာမဒေါ်အူလိုင်မာဖန်တို့၏ဒုတိယသား၊ မဟာသရေစည်သူ(ဒူဝါလဖိုင်ရှန်လုံး)-ဒူဂျန်ဒေါ်လထော်နန်ပရိတို့၏သားသမက်၊ (ဦးလဗျဒေးလီ)-ဒေါ် M ခါးရာတို့၏ညီ၊ သင်းထောက် ဦး L. လဘောက်-ဆရာမဒေါ်ဂျာဖန်၊ ဦး L.တူးအောင်-ဒေါ်ခေါင်စေး၊ ဦး L.ဂွန်းဘူ၊ ဒေါ်Mဆိုင်းမြတ်၊ ဦး L.ယော်နန်-ဒေါ်ဖောင်ဒါလုဘူတို့၏အစ်ကို၊ ဦး L.လဗျဒေးရှောင်(USA)-ဒေါ်စောသီရိစန္ဒာ(ခ)လဖိုင်နန်ဆိုင်းအောင် (USA)၊ ဒေါ်လဗျခေါန်ဘူ-ဦး S ဂွန်နောင်း(USA)၊ ဒေါ်လဗျလုအောင်-ဦးသက်ဇော်(ခ) Zau Mun Luksing (ခ) သောမတ်(စ်) (USA)၊ မောင်ဂျာဆင်း(န်) နော်ရိန်(USA)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ Isabel ခေါန်ဆိုင်းအောင်၏အဘိုး၊ ဒေါ်လဖိုင်နန်တောင်(ခ) Dorothy Shan Lone (USA)၏ချစ်လှစွာသောခင်ပွန်း၊ Dr. Lashi Labya Je Naw M.B.,B.S., (Ygn) (သုခမြိုင်ဆေးကုဂေဟာ၊ လားရှိုးမြို့)သည် ၃-၂-၂၀၁၄ရက် မြန်မာစံတော်ချိန် နံနက် ၁၀း၃၀နာရီ/ ၂-၂-၂၀၁၄ရက် အမေရိကန်စံတော်ချိန် ည ၇း၅၀နာရီတွင် အမေရိကန်နိုင်ငံရှိနေအိမ်၌ ခရစ်တော်တွင်အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် မြန်မာနိုင်ငံ၌ ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်အား ၈-၂-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် လားရှိုးမြို့ ကချင်နှစ်ခြင်းအသင်းတော်ဘုရားရှိခိုးကျောင်း၌ ပြုလုပ်မည်ဖြစ်ပြီး အမေရိကန်နိုင်ငံ၌ ဈာပနဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အား ၁၅-၂-၂၀၁၄ (စနေနေ့) အမေရိကန်စံတော်ချိန် နံနက် ၉နာရီတွင် ကယ်လီဖိုးနီးယားပြည်နယ် Chapel of the Chimes ၌ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးအေးနွယ် (၅၄)နှစ်
ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မြတ်မချောင်ကျေးရွာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်(၁၃၉)နေ(ဦးကျော်ပွင့်-ဒေါ်ဒေါ်အေး)တို့၏သမီး၊ ဦးပုမောင်၏ဇနီး၊ ဦးတင်မြင့်၏ညီမ၊ ဦးကျော်သန်းခင်၊ ဦးကျော်ဆန်းတင်၊ (ဦးကျော်ထွေး)တို့၏ အစ်မကြီး၊ မောင်သူရိန်ဇော်၊ မချိုဝေရီခိုင်၊ မောင်ရှိန်းဝေအောင်တို့၏မိခင်သည် ၄-၂-၂၀၁၄(အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်အိုင်ယာ(ခ)
ဒေါ်လှသိန်း(ကျွဲပွဲ) (၉၃)နှစ်

မော်လမြိုင်မြို့၊ ခြံအမှတ်(၂၈)၊ မြိုင်သာယာ (၁)လမ်းနေ (ဦးစိန်မော်)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်နိုင်-ဒေါ်ခင်စန်းရီ၊ ဒုတိယဗိုလ်မှူးကြီးမြင့်ချို(ငြိမ်း)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကျင်းချိုင်-ဒေါ်မြမြအေး၊ Dr. ဦးလှဝင်း-(ဒေါ်မြတ်မြတ်ခိုင်)၊ ဦးမြင့်ဦး-ဒေါ်ခင်ချိုဝင်း၊ ဒေါ်ဝင်းဝင်းမော်၊ ဒေါ်သင်းသင်းကြူ၊ ဦးဘွန်စွမ်-ဒေါ်နီလာအေး၊ ဦးငွေအောင်မော်-ဒေါ်ငွေငွေဝင်း၊ ဦးညွန့်ဝင်းတို့၏ မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွားသည် ၆-၂-၂၀၁၄ရက် နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့ ဟုတ်တိတ်တောင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြဖြူ (၅၇)နှစ်
(အကြီးတန်းစာရေး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံးပင်စင်ဌာန)

(ဦးကျော်ခင်-ဒေါ်သန်းစိန်)တို့၏ သမီး၊ ဦးစိုးမြင့်-ဒေါ်မြင့်မြင့်ကြည်၊ (ဦးလှမြင့်)-ဒေါ်တင်နွဲ့၊ ဦးညဏ်ထွန်း-ဒေါ်ယဉ်သိန်း၊ ဦးတင်မြင့်-ဒေါ်အေးမြင့်၊ ဦးတိုးအောင်-ဒေါ်ကျင်နွဲ့၊ ဦးသုဝဏ်-ဒေါ်သိန်းမြင့်ကြည်တို့၏ညီမ၊ ဦးစိုးဝင်း-ဒေါ်နွယ်သိင်္ဂီ၊ ဦးခင်မောင်သန်း-ဒေါ်နွယ်သိင်္ဂီတို့၏အစ်မ၊ တူ/တူမ ၂၂ ယောက်တို့၏အဒေါ်သည် ၆-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၂-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [လိုင်း(၂)၊ အခန်း(၃)၊ (၃၀၄)တပ်ဝင်းဟောင်း၊ ရန်ကင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သူများအား ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၆

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အောင်ပွဲရမြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုငွေသားဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ အောင်ပွဲရ အားကစားအသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးနောက် သုံးပတ်အကြာတွင် ချစ်ကြည်ခြင်း၊ တန်းတူညီမျှခြင်းနှင့် ညီညွတ်ခြင်းရည်ရွယ်ချက်များဖြင့် (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို လက်ခံကျင်းပပေးခဲ့ပါကြောင်း၊ ပထမအကြိမ် အိမ်ရှင်အဖြစ် ခမ်းနားထည်ဝါ

“ပထမအကြိမ်အိမ်ရှင်အဖြစ် ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့၍ နိုင်ငံတော်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်”

အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့၍ နိုင်ငံတော်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဤပြိုင်ပွဲကြီးအတွက် အဘက်ဘက်မှ ကြိုတင်မြော်တွေးပြင်ဆင်ခဲ့သည့်အတွက် အားကစားပွဲ၊ အားကစားရုံ၊ အားကစားနေရာ၊ အားကစားရွာအားလုံးတွင် အပြစ်ဆိုစရာမရှိအောင် ပြည့်စုံကောင်းမွန်ပါသည်ဟု နိုင်ငံတကာမှ လာရောက်ခဲ့ကြသည့် အားကစားသမားများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များက အသိအမှတ်ပြုချီးကျူးခဲ့ပါကြောင်း။

အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကို နိုင်ငံအလိုက် အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြသည်မှာ (၇)ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျင်းပပြီးခဲ့သည့် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲများအနက် အကောင်းဆုံးဖြစ်ပါကြောင်း၊ ဂုဏ်ယူဖွယ်ရာလည်းဖြစ်ပါကြောင်း၊ ထပ်မံဂုဏ်ယူဖို့ကောင်းသည်မှာ မသန်စွမ်းအားကစားမောင်မယ်များ၏ “မသန်သော်လည်း စွမ်းပါသည်၊ နိုင်ငံဂုဏ်ကိုမြှင့်တင်မည်” **စာမျက်နှာ ၉ ကော်လံ ၁ သို့**

(၁၄)ကြိမ်မြောက်နိုင်ငံတကာ မီးပုံးပျံပွဲတော်အဖွဲ့ မုံရွာမြို့၌ ပျံသန်းရာပရိသတ်များအထူးစိတ်ဝင်စား

မုံရွာ ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီခန့်က စစ်ကိုင်းမြို့ ငြိမ်းသီရိတည်းခိုခန်းအနီးရှိ ဘောလုံးကွင်းမှ မီးပုံးပျံကြီးများ စစ်ကိုင်းမြို့ထက်ကောင်းကင်တွင် ပျံသန်းအပြီး နေ့လယ်ပိုင်းတွင် မုံရွာမြို့သို့ရောက်ရှိ၍ ညနေပိုင်းအချိန်ရခိုက်အတွင်း မီးပုံးပျံသုံးလုံးစတင်၍ မုံရွာမြို့ကောင်းကင်ယံသို့ ပျံသန်းခဲ့ရာ လူစည်ကားချိန်ညဈေးတန်းဖွင့်ချိန်ဖြစ်၍ မုံရွာတစ်မြို့လုံး မီးပုံးပျံကြည့်ရှုသူများဖြင့် အထူးစည်ကားခဲ့သည်။ အဆိုပါမီးပုံးပျံအဖွဲ့ကို Golden Express Travels & Tours Co.,Ltd. ၏ အစီအစဉ်ဖြင့် ဆွစ်ဇာလန်နိုင်ငံသား Mr.Han Peter အပါအဝင် ၂၅ ဦးအဖွဲ့သည် မီးပုံးပျံခုနစ်လုံးဖြင့် လာရောက်ပျံသန်း၍ ဒေသတစ်ဝိုက်လေ့လာရေး လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။ ညနေပိုင်းတွင် ပျံသန်းသော မီးပုံးပျံသုံးလုံးမှ လေထီးခုန်ဆွစ်ဇာလန်နိုင်ငံသားတစ်ဦးမုံရွာမြို့ပေါ်သို့ လေထီးဖြင့် ခုန်ချပျံသန်းပြသခဲ့ပြီး မီးပုံးပျံခုနစ်လုံးကို တစ်လုံးလျှင် သုံးဦးနှုန်းဖြင့် မုံရွာမြို့ကောင်းကင်ယံ၌ ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီတွင် ဇေယျာရွှေမြေဘောလုံးကွင်းမှ စတင်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ ›› မျိုးဝင်းထွန်း-မုံရွာ

အဆိုပါမီးပုံးပျံ ခုနစ်လုံးအဖွဲ့တွင် ဆွစ်ဇာလန်နိုင်ငံသား အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦးပါဝင်ပြီး အသက် (၂၅)နှစ်မှ (၆၀)အတွင်း အရွယ်စုံပါဝင်ကြောင်း သိရသည်။ ရန်ကုန်မြို့သို့ ဇန်နဝါရီ ၂၈ ရက်တွင် ရောက်ရှိပြီး ရန်ကုန်မြို့မှ ဟဲဟိုး-လွိုင်ကော်-ဖယ်ခုံ-ညောင်ရွှေ-အင်းလေး-ညောင်ရွှေ-ရွှေညောင်-ပင်းတယ-မန္တလေး-စစ်ကိုင်း-မုံရွာ-ပုဂံ-ပုပ္ပား-ပုဂံဖြစ်ကြောင်း Golden Express Travels & Tours Co., Ltd. ၏ တာဝန်ရှိသူကိုကောင်းဆက်ဇော်ထံမှ သိရသည်။

“ဒီနေ့ညနေ မုံရွာမြို့ ကောင်းကင်ယံမှာ မီးပုံးပျံသုံးလုံးတွေ့ရတာ တစ်ခါမှ မကြုံဖူးတဲ့သူများတော့ ကြည့်တဲ့သူတွေ အတော်များခဲ့ပါတယ်။ ဒါ့အပြင် မီးပုံးပျံပေါ်ကနေ လေထီးနဲ့ခုန်ချပြတာကို လူတွေကပိုပြီး အကြိုက်တွေ့ကြပါတယ်။ နောက်ရက်မှာ လုပ်ပြဦးမှာဆိုတော့ ကြည့်ရဦးမှာပေါ့”ဟု မုံရွာမြို့ခံတစ်ဦးကပြောပြသည်။

ယနေ့ မာတိကာ

အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း — စာမျက်နှာ - ၃

လာမည့်ပညာသင်နှစ်တွင် အလယ်တန်းအဆင့်အထိ မသင်မနေရ ပညာရေးစနစ် သတ်မှတ်သွားမည် — စာမျက်နှာ - ၈

ရီးယဲလ်မက်ဒရစ်အသင်း စပိန်ဘုရင့်ဖလားအကြို ပိုလ်လုပွဲတွင် အက်သလက်တီကိုအား သုံးဂိုးပြတ်နိုင် — စာမျက်နှာ - ၁၃

ပညာဝတီရိပ်သာ ကုက္ကုဋ္ဌသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်အတွင်း ကျေးဇူးရှင် ပညာဝတီဆရာတော်ကြီး ဘဒ္ဒန္တပညာသီရိ၏ အမိန့်ဩဝါဒဖြင့် တည်ထားကိုးကွယ်တော်မူသော ဓာတ်တော်ပေါင်း ရှစ်သောင်းလေးထောင် ကိန်းဝပ်ရာ**"ကုက္ကုဋ္ဌသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်နှင့် ထမနဲပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ"**ပြုလုပ်သောအချိန်၌ ဘုရားအမှူးရှိသော သံဃာတော်(၄၅)ပါးတို့အား မိမိတို့ စိတ်စေတနာ သဒ္ဓါတရား ထက်သန်သလောက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်းစသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်သမှုအာရုံပြုပြီး စုပေါင်းလှူဒါန်းလိုပါသောကြောင့် (၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်) ၁၃-၂-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၃နာရီမှ ၈နာရီတွင် ကုက္ကုဋ္ဌသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား သစ်သီးဆွမ်း၊ မုန့်ဆွမ်း၊ ပန်းစသည်တို့ဖြင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပြီး (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်နေ့) ၁၄-၂-၂၀၁၄(သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာ (၄၅)ပါးတို့အား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်း၊ ဆီ၊ ဆား၊ ဆေး၊ ဆပ်ပြာ၊ သွားတိုက်ဆေးစသော အမျိုးမျိုးသော လှူဖွယ်ဝတ္ထုအစုစုတို့ကို သဒ္ဓါ ကြည်လင်ပါရမီရှင်အပေါင်း သူတော်ကောင်းတို့အား လာရောက်ပြီး လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်ကိုးပြီး တိုက်တွန်းနှိုးဆော် ဖိတ်ကြားအပ်ပါသည်။ **အကျိုးဆောင်အဖွဲ့**

ပညာဝတီရိပ်သာ၊ ရန်ကင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ရန်ကုန်မြို့ မျက်စိရောဂါအထူးကု ဆေးရုံကြီး အိတ်ဖွင့်တင်ဒါရက် တိုးမြှင့်သတ်မှတ်ခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို ၁၃-၁-၂၀၁၄ မှ ၂၄-၁-၂၀၁၄ရက်ထိ ကြေညာခဲ့သော်လည်း သတ်မှတ်ရက်အတွင်း လိုအပ်သော ဆေးပစ္စည်းများ တင်သွင်းနိုင်ခြင်း မရှိသဖြင့် အိတ်ဖွင့်တင်ဒါရက်ကို ၁၄-၂-၂၀၁၄ရက် ညနေ ၄ နာရီအထိ တိုးမြှင့်သတ်မှတ်ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး

မျက်စိရောဂါအထူးကုဆေးရုံကြီး

အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူ ကြားသိစေသည့်အကြောင်းကြားစာ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၃ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၅၆

ဦးဥက္ကာကြိုင်	နှင့်	၁။ ဦးဝင်းကြည်
(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာ		၂။ ဦးမြတ်စိုး
ရသူ ဦးဇာနည်ကြိုင်)		၃။ ဦးအေးလွင်
		၄။ ဦးကျော်ဆန်းထူး
လျှောက်ထားသူ		လျှောက်ထားခံရသူများ

၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၉ ရက်စွဲပါ ပုသိမ်ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၄၈/၂၀၁၂၏ အမိန့်နှင့် ထုံးပုံကျအမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ (၃)ဦးအေးလွင်၊ ကံ့ကော်မြိုင်(၆)လမ်း၊ ကံ့ကော်မြိုင်ရပ်ကွက်၊ မြောင်းမြမြို့(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ပုသိမ်ခရိုင်တရားရုံးမှချမှတ်ပေးသည့် အမိန့်နှင့် ထုံးပုံကျကို လျှောက်ထားသူ ဦးဥက္ကာကြိုင်(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးဇာနည်ကြိုင်)မှ တရားမပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤတရားမပြင်ဆင်မှုကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်(၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ရက်)တွင် ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းတရားမပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့သင်က ကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်က လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းသန်းမြင့်)

လက်ထောက်ညွှန်ကြားရေးမှူး

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ လူနေရပ်ကွက်အမှတ်(မြင်သာစုပေါင်းအိမ်ရာ)၊ သံသုမာလမ်းနှင့်မြင်သာ (၅)လမ်းထောင့်၊ မြေကွက်အမှတ်(၅၇/၂)၊ ပေ(၃၀×၅၉)အကျယ်ရှိ ဦးဘလှိုင်နှင့်ဒေါ်ခင်ရီ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များကွယ်လွန်၍ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သော သားများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအေးဇော်[၁၂/ဥကတ(နိုင်)၁၂၀၃၇၄](ပါ) ၅ဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤနို့တစ်စာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ထွန်း (LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်-၃၃၅၀၅)

လိပ်စာ(၀/၂၁၈)၊ သာသနမဏ္ဍိုင်လမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့။

ဖုန်း-၀၉-၇၃၁၁၆၆၃၁၊ ၀၉-၄၂၀၁၈၉၉၁၉

ကားရောင်းမည်

ဂျပန်ကား FUSO (၄၅)ယောက်စီး အကွာရာ(၁ဃ၊ ၄ဃ၊ ၅ဃ၊ ၇ဂ) ညှိနှိုင်းဈေး။ **ဖုန်း-၀၉-၄၉၂၇၇၄၁၅၊ ၀၉-၄၀၁၅၀၅၆၈၉**

မွေးသက္ကရာဇ်အမှန်

ကျွန်တော် ဦးဇော်မင်းဌေး[၇/လပတ(နိုင်)၀၁၀၃၆၇]၏သား မောင်အောင်ခန့်ပိုင်မင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၂၃-၇-၂၀၀၃ခုနှစ် ဖြစ်ပါသည်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးစိုးမြင့်-ဒေါ်တင်တင်လှတို့၏သား

မောင်လင်းလင်းစိုး (B.A History)

A/B LIZSTAR SHIPPING COMPANY

နှင့်

မော်လမြိုင်ကျွန်းမြို့နယ်၊ ကွင်းချောင်းကြီးကျေးရွာနေ ဦးမြင့်စိန်-ဒေါ်သိန်းရင် တို့၏သမီး

မကြူကြူမြင့်

အထက်တန်းသူနာပြု(ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)

တို့သည် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးပါကြောင်း။ **မောင်လင်းလင်းစိုး-မကြူကြူမြင့်**

Master Law and Group

- ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်ခြင်း
- စာချုပ်စာတမ်း (ရောင်း၊ ဝယ်၊ ငှား)
- ဂရန်အသစ်လျှောက်၊ အမည်ပြောင်း၊ ခွဲစိတ်ခြင်း၊
- ကုမ္ပဏီနှင့်အကျိုးဆောင်လုပ်ငန်းများ (part time, one stop service စီစဉ်ဆောင်ရွက်ပေးခြင်း)
- ကုန်အမှတ်တံဆိပ်တို့ကို အထူးဝန်ဆောင်မှုပေးပါသည်။

ဖုန်း-၀၉-၅၄၀၁၉၄၀၊ ၀၉-၄၉၀၃၂၈၄၆၊ ၀၉-၇၃၁၈၂၁၈၅၊ ၀၉-၄၂၁၀၆၃၂၂၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၇၀)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၅)၊ ဗိုလ်ကြာညွှန့်လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ဟု ခေါ်တွင်သော မြေကွက်သည် မူလပိုင်ရှင် ဦးစိုးမြင့်အမည်ပေါက်လျက်ရှိပြီး မြေချပါမစ်အား ဆက်စပ်စာချုပ်များနှင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးမျိုးမင်း[၁၂/တမန(နိုင်)၀၈၄၃၃၃]က ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများပြသပြီး ရောင်းချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည့် အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသူရအောင်	**ဒေါ်သိမ့်သိမ့်အိ**
အထက်တန်းရှေ့နေ(စဉ်-၃၄၈၆၂)	**အထက်တန်းရှေ့နေ(စဉ်-၂၈၈၇၃)**

အမှတ်(၂၉)၊ ၃-လွှာ၊ (၃၅)လမ်း၊ အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၄၃၀၄၃၃၇၉၊ ၀၉-၄၃၀၇၄၂၁၁

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၂၂၈)၊ (၅) ရပ်ကွက်၊ သိဂ်(၃)လမ်း (ထောင့်ဘက်)၌ တည်ရှိသော (၃)ခန်းတွဲတိုက်၏ အကျယ်အဝန်း (၁၂×၅၅) ပေရှိ မြေညီလွှာထပ်၊ အလယ်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အား ဆောက်လုပ်သည့် ကန်ထရိုက်တာ (Best Auto Construction Co.,Ltd) ၏ ရောင်းချခွင့် ရှိသူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ရဲမင်း[၁၂/ဥကတ(နိုင်)၁၃၄၉၆၆]မှ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအပျောက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံတွင် ဤကြေညာပါသည့် နေ့မှစပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထို(၇)ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**	
ဦးကျော်ရဲမင်း	**ဒေါ်ဥမ္မာအောင်**	**ဒေါ်သန္တာဦး**
[၁၂/ဥကတ(နိုင်)၁၃၄၉၆၆]	(စဉ်-၈၁၅၂)	(စဉ်-၃၁၈၆၂)
	တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်(၈၄/က)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၇၅၆၁၅၊ ၀၁-၈၅၀၀၂၉၅၊ ၀၉-၉၁၀၁၈၄၀၉၊ ၀၉-၂၅၆၂၉၆၉၅၉၊ ၀၉-၁၁၃၁၄၉၄၆

ဒေါ်စန္ဒီအေး

(စဉ်-၄၀၉၄၈)

(အထက်တန်းရှေ့နေ)

စက်မှုဝန်ကြီးဌာန

SME CLUSTER အစုအဖွဲ့များ ဖွဲ့စည်းရေး အသိပေးကြေညာခြင်း

Cluster Development အဖွဲ့

"ရွှေဝယာတူရစ်ဆူ..."

- 13 Sep, 12/19 Oct, 02/23 Nov, 07/22 Dec, 08/22 Jan
- 12 Feb, 01/22 Mar, 12 Apr
- 05/12 Apr
- Highway Complex

Booking email: mm.goyatour@gmail.com, Fax: 2305802

MIC
Myanmar Imperial College

Lecturers (Business/ Media/ English/ HRT)

Accountant — B.Com, CPA, ACCA

Assistant Designer — Photoshop, Illustrator

Student Service Officer
Operation Officer

www.mic-education.com
09 732 10001/ 01 537562

မြတ်သန္တာ မဟာစည်သာသနာ့ရိပ်သာ (၁၀) ရက် တရားစခန်း

မြတ်သန္တာ မဟာစည်သာသနာ့ရိပ်သာနှင့် ဗောဓိမြိုင်သစ္စာ ရွှေပြည်ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိလာသဂ္ဂ အရှင်သူမြတ်မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကွန်းကလေးကျေးရွာ မြတ်သန္တာ မဟာစည်သာသနာ့ရိပ်သာ (၁၀)ရက် တရားစခန်းကို ၁၀-၂-၂၀၁၄ရက်မှ ၂၀-၂-၂၀၁၄ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသမီး (၂)ထပ် ယောဂီဆောင် ဆောက်လုပ်ရန်ရှိပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၅၁၈၉၈၂၈၊ ၀၉-၄၅၀၀၄၄၁၆၂၊ ၀၉-၇၃၀၉၀၄၉၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်းစက်ခန်းအုပ် အမှတ် စမဒ-၂၅၁၅၃/၆၅ ဖြင့် ထုတ်ပေးထားသော သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးစန်းမောင်**

ဖုန်း-၀၉-၂၅၆၀၆၆၆၃၅

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်းစက်ခန်းအုပ် အမှတ် စမဒ-၂၀၃၃/၁၉၅၉ ဖြင့် ထုတ်ပေးထားသော သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးအောင်တင်**

ဖုန်း-၀၉-၂၅၆၀၆၆၆၃၅

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်တရားမရုံး၌

၂၀၁၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၂၂

ကွယ်လွန်သူ ဦးထွန်းကြိုင်၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဒေါ်ကျင်လှိုင် လျှောက်သူ

အမှတ် ၈၅၀၊ ကျောင်းကုန်း(၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ကျင်လှိုင်က ကွယ်လွန်သူ ဦးထွန်းကြိုင်၏သမီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးထွန်းကြိုင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးထွန်းကြိုင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးထွန်းကြိုင်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မိမိမော်
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရတနာမွန်လမ်း၊ ၅ ရပ်ကွက်၊ တိုက်အမှတ် (၂၃)၊ အခန်း(၂၀၂)နေ ကျွန်တော် ဦးမောင်အေး[၁၂/လမန(နိုင်)၁၂၈၁၈၉]နှင့် ကျွန်မ ဒေါ်နု[၁၂/လမန(နိုင်)၁၂၇၆၃၂]တို့၏သား မောင်တင်ထွန်းအောင် [၁၂/လမန(နိုင်)၁၄၂၂၈၁]သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

(နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်း)

မိဘများ
ဦးမောင်အေး-ဒေါ်နု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁ ဂျီ၊ မြေကွက်အမှတ်(၁၆)၊ ဧရိယာ (၀. ၀၂၉) ဧက၊ နှစ်(၆၀)မြေငှားဂရန် မြေမျိုးမြေကွက်နှင့် မြေပေါ်ရှိ အမှတ်-၁၈၊ ၁၀၆လမ်း၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက် ပိုင်ရှင်ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိလျှင် စာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ပြီးမြောက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်မေစပယ်မြင့် အထက်တန်းရှေ့နေ (စဉ်- ၃၂၉၉၂)
LL.B,D.B.L, D.I.L, D.L. P(101) WIPO (SWITZERLAND)
အမှတ်(၇)၊ မြေညီ၊ ၃၃-လမ်း (အောက်)၊ (၁) ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁- ၅၃၄၃၆၉၊ ၀၉ ၇၃၁၃၂၆၅၅

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အမှတ်(၁၁၆၂)၊ ကုန်းဘောင်(၁၃)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ လူနေရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၁၁၆၂၊ အကျယ်အဝန်း (အလျားပေ ၆၀×အနံပေ ၄၀)၊ ဧရိယာ (၂၄၀၀) စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန် မြေအမျိုးအစား အိမ်ရာမြေကွက်+ယင်းအိမ်ရာမြေကွက်ပေါ်ရှိ (၂) ထပ်၊ (R.C) တိုက်အိမ်အဆောက်အအုံ+ယင်း(မြေ+အိမ်+တပ်ဆင်အသုံးပြုလျက်ရှိသည့် ပစ္စည်းအရပ်ရပ်)တို့နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်များအားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသည့် ဦးမောင်မောင်သန့် (ဘ-ဦးဝင်းအောင်) [၁၂/ခရန(နိုင်)၀၈၉၈၂၀]-ဒေါ်ကြူကြူဝင်း (ဘ- ဦးကျော်မြင့်) [၁၂/ဗဟန(နိုင်)၀၀၃၃၅၈] တို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်ရက်မှ (၁၀-ရက်)အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားမှတ်ပုံတင်စာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအေး (B.Ag.,H.G.P)
အထက်တန်းရှေ့နေ (စဉ်-၁၂၅၉၅)
အမှတ်(၅၀)၊ အခန်း(A/5)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဦးခန့်စိန် ကန်ထရိုက်တာ(ပစ်တိုင်းထောင်ဆောက်လုပ်ရေးနှင့်) အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၃)လမ်း၊ အမှတ်(၆) တွင် နေထိုင်သောမြေရှင်၊ အိမ်ရှင်များဖြစ်ကြသည့် မကေသီဦး[၁၂/သဃက(နိုင်)၁၅၀၁၅၉] ပါ (၅)ဦး၏လွှဲအပ်ညွှန်ကြားချက်အရ ဦးခန့်စိန် ကန်ထရိုက်တာ(ပစ်တိုင်းထောင်ဆောက်လုပ်ရေး)နှင့် အများသိစေရန်အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၂၆၇)တွင် နေထိုင်သူ ဦးခန့်စိန်[၁၂/သဃက(နိုင်)၀၆၆၇၉၂] ကန်ထရိုက်တာ (ပစ်တိုင်းထောင်ဆောက်လုပ်ရေး)နှင့် မကေသီဦးပါ(၅)ဦးတို့သည် သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၃)လမ်း၊ အမှတ်(၆)မြေဧရိယာ(အလျားပေ၄၀× အနံပေ၆၀)ရှိမြေကွက်ပေါ်တွင် (၂)ခန်းတွဲ(၅)ထပ်(RC) တိုက်တစ်လုံး ဆောက်လုပ်ရန် ၃၀-၅-၂၀၁၃ရက်တွင် နှစ်ဦး သဘောတူကတိစာချုပ်ချုပ်ဆိုခဲ့သော်လည်း ဦးခန့်စိန် ကန်ထရိုက်တာ(ပစ်တိုင်းထောင်ဆောက်လုပ်ရေး)၏ ပျက်ကွက်မှုကြောင့် ၃၀-၅-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်၏ စာမျက်နှာ(၂) စည်းကမ်းချက်အပိုဒ်(၃)အရ အလိုအလျောက် ပျက်ပြယ်ပြီးသားဖြစ်သွားသည့်အတွက် မကေသီဦးပါ (၅)ဦးနှင့် ဦးခန့်စိန် ကန်ထရိုက်တာ(ပစ်တိုင်းထောင်ဆောက်လုပ်ရေး)တို့ နှစ်ဦးသဘောတူကတိပြုခဲ့သော နှစ်ခန်းတွဲ(၅)ထပ် (RC) တိုက်ဆောက်လုပ်ရန် ကိစ္စအဝဝအားလုံးသည် ပျက်ပြယ်သွားပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ	လွှဲအပ်ညွှန်ကြားချက်အရ
မကေသီဦးပါ(၅)ဦး	ဦးတင်လှ(အထက်တန်းရှေ့နေ)(စဉ်-၁၈၁၂၃)
	တိုက်အမှတ်(၃၂)၊ ဒုတိယထပ်(ဝဲ)၊ သင်္ဂဟလမ်း၊
	(ဃ)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ် တရားရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမဗာရီမှုအမှတ်-၃၇

ဒေါ်တင်တင်အေး	ဒေါ်စန္ဒာ
(တရားလို)	(တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနော်မာ ၁၄ လမ်း၊ အရှေ့ (ပဇောက်ကွေ့)၊ အမှတ် (၆၀၀)နေ ဒေါ်စန္ဒာ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားနိုင်က အနိုင်ဒီကရီရရှိထားသော ရွှေထည်ပစ္စည်းကိုးမျိုးနှင့် ငွေကျပ်သိန်းငါးဆယ် (သို့မဟုတ်) ၎င်းရွှေထည်ပစ္စည်းနှင့် တန်ဖိုးညီမျှသော ငွေကျပ်(၂၅)သိန်း၊ စုစုပေါင်း ငွေကျပ် (၇၅)သိန်းကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ကိုလည်းကောင်း၊ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် (၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သန်းထွေး)တွဲဖက်မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

အ.ထ.က (၃) စမ်းချောင်း

(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

(၁၅)ကြိမ်မြောက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်ဆရာပူဇော်ပွဲကို (၂-၃-၂၀၁၄)(တောင်သူလယ်သမားနေ့)နံနက်(၉:၀၀)နာရီတွင် အထက(၃)စမ်းချောင်း [illegible]

[illegible]

ပူဇော်ပွဲဖြစ်မြောက်ရေး

အမည်ပြောင်း

အဖ ဦးစိုးညီညီ၏သား မြိတ်မြို့၊ အလကခွဲ၊ အထက(၁)၊ ဒုတိယတန်း(C)တွင် ပညာသင်ကြားနေသော မောင်ကောင်းဇော်ဟိန်းအား မောင်မင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် အမက(၁၈)၊ တတိယတန်း(က)နေ ဦးသန်းလှိုင်၏သား မောင်စံလင်းနိုင်အား မောင်သစ်လင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောဦးလမ်း၊ အမှတ်(၁၀)နေ
ဗိုလ်မှူးကြီးကျော်ဇော(ငြိမ်း)-ဒေါ်အေးအေးသန်း[အထက်တန်းပြ-ငြိမ်း]တို့၏ တစ်ဦးတည်းသောသား

မောင်သန်းလှိုင်ထွန်း

Diploma in Mechanical Engineering, Ngee Ann Polytechnic
Bachelor of Technology (Mechanical Engineering), NUS
Master of Science (Mechanical Engineering),NUS
Sales & Project Engineer(The Strength Engineering Pte Ltd, Singapore)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၂-လမ်း၊ အမှတ်(၁၂၅)နေ
(ဦးအေးဝင်း)-ဒေါ်ကြည်ကြည်ဝင်း[အထက်တန်းပြ-ငြိမ်း]တို့၏သမီး

မဇင်ယုနွယ်

Bachelor of Accounting (B.Act),YIE
LCCI (DA,DMA,DCA)(Level-3) (UK), ACCA(PartII)
(ခေတ္တ-USA)

တို့၏ ၁-၂-၂၀၁၄ ရက်တွင် သာစုကျောင်းတိုက် အောင်သုခမ္မာရုံ၌ကျင်းပသော မင်္ဂလာဆွမ်းကျွေးနှင့် ၂-၂-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ Traders Hotel(Myanmar Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတို့အား ကြွရောက်ချီးမြှင့်ပေးကြသောဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းလှိုင်ထွန်း-မဇင်ယုနွယ်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နေ (ဦးထိုက်ချမ်း)-ဒေါ်နန်းမြရွှေ(လက်ဖက်ပွဲရုံ)တို့၏သားငယ်

မောင်ထိန်ဝင်းထိုက် B.E(Electronics)
EBD (Singapore)
Managing Director (Myanmar Great Resources Co.,Ltd)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးကျော်စိုး-ဒေါ်ကြူကြူမြင့်တို့၏သမီးငယ်

မကျော်ကေခိုင်စိုး B.Sc(Physics)Q
International Advance Diploma in Hospitality and Tourism Management (Singapore)
Operation Manager (Trails of Ayeyarwaddy Travels & Tours)

တို့၏ ၂-၁-၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးတင်မောင်(ဒုခရိုင်ဥပဒေအရာရှိ၊ ရန်ကုန်အနောက်ပိုင်းဆိုင်ရာ ဥပဒေရုံး)အားလည်းကောင်း၊ ယင်းနေ့တွင် ရန်ကုန်မြို့၊ ဒဂုံပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးအမှူးရှိသော သံဃာတော် ၇၈ ပါးအား အရုဏ်၊ နေ့ဆွမ်း(တစ်နေ့တာ)မင်္ဂလာဦးဆွမ်းကျွေးအလှူ ၇-၁-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ ရွှေရှမ်းကန် Restaurant ၌ ပြုလုပ်သော မင်္ဂလာညစာစားပွဲနှင့် ၁၈-၁-၂၀၁၄ ရက်တွင် ကျောက်မဲမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတို့အား ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးကြပါသော ရပ်နီးရပ်ဝေးမှဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလုံး၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထိန်ဝင်းထိုက်-မကျော်ကေခိုင်စိုး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ မြေကွက်အမှတ်-၁၃၆/၁၊ မြေကွက်တည်နေရာအမှတ်(၁၃၆/ ၁)၊ (၃)လမ်း၊ (၁၄/၁)ရပ်ကွက်၊ တ/ဥ (ဦးဘဖေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘဖေနှင့်ဇနီး ဒေါ်မြမြသိန်း ကွယ်လွန်သဖြင့် ဒေါ်တင်တင်[၁၂/ဥကတ(နိုင်)၁၀၃၃၇၆]က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၆၃၉(၂၂-၁၁-၉၃)ဖြင့် လွှဲအပ်ခံရသူအထွေထွေကိုယ်စားလှယ် ဦးဝင်းနိုင်[၁၂/ဥကတ(နိုင်)၁၀၀၆၁၆]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ် သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂၁၀/၁၃(၄-၁၂-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ယမုံနာ-၁)၊ မြေကွက်အမှတ်-ခ-၂၂၄၊ မြေကွက်တည်နေရာအမှတ်(၂၈၆)၊ (၁၃)လမ်း၊ ယမုံနာရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးအေးဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးဝင်း[၁၂/ဒပန(နိုင်)၀၁၈၉၇၀]မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၇၊ မြေကွက်အမှတ်-၈၃၆ အမည်ပေါက် ဦးအောင်စိုး DB-000690 သည် မြေချပါမစ် မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန် မရှိပါက မြေချပါမစ် မိတ္တူမှန်ထုတ်ပေးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြို့ပွားရေး/တောင်၊ မြေကွက်အမှတ်-၁၇၅/ခ၊ မြေကွက်တည်နေရာအမှတ်(၁၇၅/ခ)၊ ကျောက်စိမ်းလမ်း၊ သွပ်ပိုင်းကြီးရပ်ကွက်၊ သင်္ဃန်းကျွန်း(ဒေါ်မြစိန်)(CG-၀၈၁၅၈၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြစိန်ထံမှ SP No-၇၄၇၂၂/(၂၈-၅-၉၇)ရသူ ဦးခင်မောင်သောင်း[၁၂/သဃက(နိုင်)၀၂၉၉၆၁]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ CG၊ မြေကွက်အမှတ်-၅၈၄၊ မြေကွက်တည်နေရာအမှတ်-၁၁၁၊ သုခမလမ်း၊ ဗဟန်းမြို့နယ်၊ (ဦးလှကျော်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးလှကျော် ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းလွင်[၁၂/ဗဟန(နိုင်)၀၄၂၉၃၄]က တရားဝင်(ဇနီး) တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်(၂)၊ မြေကွက်အမှတ်-၄၇၊ မြေကွက်တည်နေရာအမှတ်(၄၇)၊ စက်မှုဇုန်(၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဒေါ်အေးအေးမြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးမြင့် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဒေါ်နိုင်နိုင်မြင့်[၇/နတလ(နိုင်)၀၂၄၈၆၀]က တစ်ဦးတည်းသော ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/စီ၊ မြေကွက်အမှတ်-၁၆/C၁-A၊ မြေကွက်တည်နေရာအမှတ်-၄၃၇/က၊ မင်းကြီးလမ်း၊ အင်းစိန်(ဦးဝင်းထိန်၊ ဒေါ်သိန်းမြင့်ကြည်)အမည်ပေါက် မြေပိုင်မြေ လ/န-၃၉ ရပြီးမြေအား အမည်ပေါက် ဦးဝင်းထိန်(DY-၀၀၀၇၅၈)၊ ဒေါ်သိန်းမြင့်ကြည်(TVY-၀၆၅၉၉၉)တို့က အရောင်းအဝယ်မြေပုံနှင့်အမှားပြင်မြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာနှင့်အရောင်းအဝယ်စာချုပ်-၆၁၄/၈၁ လက်ခံအမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် မြေတိုင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/က)၊ မြေကွက်အမှတ်(၁၀/ပ)၊ မြေကွက်တည်နေရာအမှတ်(၈၄)၊ ရတနာဒီပလမ်း၊ (ဆ/က)ရပ်ကွက်၊ သင်္ဃန်းကျွန်း၊ မောင်ဘတင် အမည်ပေါက် L (ဂရန်သက်ကုန်)မြေအား အမည်ပေါက် ဦးဘတင်နှင့် ဦးအောင်သိန်း၊ ဒေါ်မိ၊ ဦးမြတို့အား တရားပြိုင်ထား၍ ဒေါ်ကြားဆွေ(ခ)ဒေါ်ခင်ရွှေ၏ ခင်ပွန်းဖြစ်သူ ဦးချောင်စုလင်(MKG-၀၅၄၇၅၈)က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၃၈/၂၀၀၈) တရားမဇာရီမှုအမှတ်(၁၂/၂၀၀၈)တို့အရ တရားစွဲဆိုခဲ့ရာရရှိသည့် အနိုင်ဒီကရီ၊ အရောင်းအဝယ်စာချုပ်အမှတ်-၃၅၇၀/၂၇-၆-၂၀၁၁ နှင့် ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ CG၊ မြေကွက်အမှတ်-၁၃၀၄၊ မြေကွက်တည်နေရာအမှတ်-၃၈၊ မေယုလမ်း၊ ဗဟန်းမြို့နယ် (ဦးထွန်းမြအောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးထွန်းမြအောင်နှင့် (မိခင်)ဖြစ်သူ ဒေါ်အနီမတို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်ခင်ဝင်းတင်[၁၂/ဗဟန(နိုင်)၀၅၈၆၈၈]၊ ၂။ ဒေါ်နွယ်နွယ်ထွန်း[၁၂/ဗဟန(နိုင်)၀၆၂၁၁၀]၊ ၃။ ဦးအောင်မြင့်ကျော်[၁၂/ဗဟန(နိုင်)၀၀၂၇၃၁]၊ ၄။ဒေါ်ဝင်းဝင်းသန်း[၁၂/ဗဟန(နိုင်)၀၇၆၈၁၇]တို့က သား/သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ H၊ မြေကွက်အမှတ်-၁၄၆၊ မြေကွက်တည်နေရာအမှတ်-၂၀၊ ဗိုလ်သူရလမ်း၊ ဗဟန်းမြို့နယ်(ဦးခင်မောင်ဝင်း၊ ဒေါ်တင်တင်နု) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦး (ဦးလေး)ဖြစ်သူ ဦးခင်မောင်ဝင်း (လူပျိုကြီး)၊ (မိခင်)ဒေါ်တင်တင်နု၊ (ဖခင်) ဦးခင်မောင်ဝင်းတို့ အသီးသီးကွယ်လွန်သဖြင့် ဦးဇင်မျိုးအောင်[၁၂/ဗဟန(နိုင်)၀၀၁၈၆၄]က သား/တူအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ ၎င်းထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၀၁၆/(၁၂-၉-၁၃)ရသူ ဒေါ်ကြည်ကြည်ဦး[၁၂/ရကန(နိုင်)၀၄၅၂၅၄]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ်-၉၃၁/ခ၊ မြေကွက်တည်နေရာအမှတ်(၉၃၁/ခ)၊ ကျွန်းရွှေဝါလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံတောင်(ဦးစိန်တင့်)[၁၂/လမန(နိုင်)၀၆၈၂၅၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်တင့် ကွယ်လွန်၍ ဒေါ်တင်ရွှေ[၁၂/လမန(နိုင်)၀၆၈၂၅၇]မှ တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ၎င်းထံမှ GP No.၂၁၃၀၂/(၃၁-၁၀-၁၃)ဖြင့်ရသူ ဒေါ်ခင်လေးသိမ့်[၁၂/ရကန(နိုင်)၀၀၆၁၁၀]မှ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄(စက်မှု)၊ မြေကွက်အမှတ်-၁၈၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ ဦးဖိုးလှိုင်လမ်း၊ ရွှေပြည်သာမြို့နယ် [ဦးအောင်မြင့်(ခ)ဟုတ်လှိုင်] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့်(ခ)ဟုတ်လှိုင် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းအေး[၁၂/သဃက(နိုင်)၁၂၆၅၈၀]မှ သေစာရင်းမိတ္တူ၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/ကြည်စု၊ မြေကွက်အမှတ်-၄၇၈၊ မြေကွက်တည်နေရာအမှတ်(၄၇၈)၊ အလင်းရောင်(၅)လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံ (ဦးအောင်မြတ်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်မြတ်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ဝင်းကြည်[၁၂/ဒပန(နိုင်)၀၀၅၁၁၃]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ်(၁၁၅၂) (အလျားပေ ၄၀ × အနံပေ ၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးထွန်းရှိန် (ဘ)ဦးသာထွား[၁၂/စခန(နိုင်)၀၂၁၈၀၆] ကိုင်ဆောင်ပိုင်ဆိုင်သူနှင့် မြေကွက်အမှတ်(၁၁၇၃/က)၊ (အလျားပေ ၂၀ × အနံပေ ၆၀) မြေကွက်ရရှိသူ အမည်ပေါက် ဒေါ်တင်နွဲ့ (ဘ)ဦးထွန်းရှိန်[၁၂/စခန(နိုင်)၀၂၁၈၁၀] ကိုင်ဆောင်ပိုင်ဆိုင်သူတို့မှ မြေချပါမစ်ထုတ်ယူရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်-ခ/၁၂၀၊ မြေကွက်တည်နေရာ-၇၂၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးတင်ဝင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်း(အစ်ကိုအရင်း)ကွယ်လွန်ခြင်း၊ ၎င်း၏ဖခင် ဦးရှန်ဝေကျန်၊ မိခင် ဒေါ်အယ်ရီရှယ်တို့အသီးသီးကွယ်လွန်ကြပါသဖြင့် ဦးတင်ဝင်း(အမည်ပေါက်)၏တစ်ဦးတည်းသော ညီမဖြစ်ကြောင်း ဒေါ်မြင့်မြင့်ဝေ[၁၂/တမန(နိုင်)၀၅၀၇၁၈]က ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၁၀၉၊ မြေကွက်တည်နေရာအမှတ်-၁၀၉၊ ၁၁-ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဦးခင်မောင်ညွန့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ညွန့်[၁၄/ပသန(နိုင်)၀၁၅၂၅၂]ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၂၂၁၆/၁၀-၇-၂၀၀၄ ဖြင့် ပိုင်ဆိုင်သူ ဦးအောင်ဝင်း[၁၂/ကတတ(နိုင်)၀၁၁၉၀၇]ထံမှ အထူးကိုယ်စားလှယ်လွှဲစာ-၁၈၆၈၀/(၁-၁၀-၂၀၁၃) ဖြင့်ရရှိသူ ဦးသန်းထူး[၁၃/ကသန(နိုင်)၀၀၀၉၈၃]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ၂၀၀၅ ခုနှစ် အရောင်းမြေပုံပျောက်ဆုံးကြောင်းတင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ